# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

■ ၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက် ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာ ၂၂ ရက်၊ စနေနေ့၊ အတွဲ [၅၅]၊ အမှတ် [၀၅၂]



သူတော်ကောင်းတရားကို ကောင်းစွာကျင့်ရာ၏။
မကောင်းသဖြင့် မကျင့်ရာ၊
သူတော်ကောင်းတရားကို ကျင့်သောသူသည်
ဤဘဝ၌လည်းကောင်း၊ တမလွန်ဘဝ၌
လည်းကောင်း ချမ်းသာစွာနေရ၏။
ဓမ္မပဒ



# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အာဆီယံထိပ်သီးအစည်းအဝေးတက်ရောက်ရန် ကွာလာလမ်ပူမြို့သို့ ရောက်ရှိ

စာမျက်နှာ-၈

# နိုင်ငံတကာအဆင့်မီ မန္တလေးလက်ကားဈေးကြီး စတင်တည်ဆောက်မည်




တင်မောင်(မန်းကိုယ်ပွား)

မန္တလေး နိုဝင်ဘာ ၂၀

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် မန္တလေးအစိမ်းရောင်မြို့တော် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်က တာဝန်ယူတည်ဆောက်မည့် မန္တလေးလက်ကားဈေးကြီး (Mandalay Wholesale Market)၏ ပန္နက်တင်အခမ်းအနားကို အဆိုပါဈေးကြီး တည်ဆောက်မည့် စဥ့်ကိုင်မြို့နယ် ပလိပ်-စကားအင်းဝိုင်းလမ်း မန္တလေးအပြည်ပြည်ဆိုင်ရာလေယာဉ်ကွင်းဟောင်း တောင်ဘက်မြေနေရာ၌ နိုဝင်ဘာ ၁၈ ရက်က ကျင်းပခဲ့သည်။

ပန္နက်တင်အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသန်းဝင်းတို့က ပန္နက်များတင်ပေးခဲ့ကြသည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ မန္တလေးအစိမ်းရောင်မြို့တော် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများက မန္တလေးလက်ကားဈေးကြီးတည်ဆောက်မည့် လုပ်ငန်းအစီအစဉ်များကို တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က *စာမျက်နှာ ၃ ကော်လံ ၁* ❍

နိုင်ငံတကာအဆင့်မီ မန္တလေးလက်ကားဈေးကြီး၏ ပုံစံငယ်ကို တွေ့ရစဉ်။

## မြန်မာနိုင်ငံအနေဖြင့် ပြည်သူပြည်သားအားလုံးအတွက် လူ့အခွင့်အရေးဆိုင်ရာ ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိ

စာမျက်နှာ-၆

## ပူးပေါင်းဆောင်ရွက်မှုထက် ပေါင်းစည်းမှုကိုအလေးပေးသည့် အာဆီယံအဖြစ် ပေါ်ထွန်းလာတော့မည်

စာမျက်နှာ-၉


### မျက်နှာလေးကနုနု၊ အသားအရည်ကလွှင်လွှင်...သဘာဝအသားဖြူသနပ်ခါးရဲ့ကျေးဇူးတွေပင်



ဒေါ်နုနုလွင်
(အထက်တန်းပြ)

ကျွန်မဟာ အထက်တန်းပြ ဆရာမတစ်ဦးဖြစ်ပါတယ်။ ကျွန်မမျက်နှာမှာ တင်းတိပ်များ၊ အမည်းစက်များရှိနေသောကြောင့် လုပ်ဖော်ကိုင်ဘက်တွေကြား မျက်နှာမဖော်ဝံ့အောင် ဖြစ်နေရပါတယ်။ တာဝန်ထမ်းဆောင်ချိန်ဆို ကျွန်မမျက်နှာကို မိတ်ကပ်ခြောက်များနဲ့ဖို့ရ၊ လိမ်းရပေမယ့် ခဏကြာတော့ ချွေးတွေနဲ့မိတ်ကပ် ရောနှောပြီး အဆီပြန်လာတော့ မျက်နှာမှာရှိတဲ့ တင်းတိပ်တွေ၊ အမည်းစက်တွေဟာ အထင်းသား ပေါ်လာလို့ ကျွန်မအမြဲစိတ်ညစ်ရပါတယ်။ တစ်နေ့မှာ ကျွန်မရဲ့လုပ်ဖော်ကိုင်ဘက် ဆရာမတစ်ဦးက "ရွှေပြည်နန်း သဘာဝအသားဖြူသနပ်ခါး"ဗူးလေးကို လက်ဆောင်ပေးပါတယ်။ ကျွန်မလည်းဘာမိတ်ကပ်မှ အောက်ခံအဖြစ် မသုံးဘဲ ရွှေပြည်နန်းသနပ်ခါး တစ်မျိုးတည်းကိုပဲ ဆက်တိုက်လိမ်းလာခဲ့တာ (၁)လလောက်ကျ မျက်နှာပေါ်က တင်းတိပ်တွေ သိသိသာသာမှိန်ကျသွားပြီး (၃)လလောက်ကျတော့ အမည်းအစက်အပြောက်ကင်းစင်တဲ့ မျက်နှာလေးကို ပိုင်ဆိုင်ခွင့်ရခဲ့ပါတယ်။ ခုဆိုရင်ကျွန်မဟာ ဒေါ်နုနုလွင်ဆိုတဲ့နာမည်နဲ့လိုက်အောင် မျက်နှာလေးက နုနု၊ အသားအရေကလွှင်လွှင်လေးလို့ လုပ်ဖော်ကိုင်ဘက်များနဲ့ တပည့်များက ခေါ်ဆိုနေတာကိုပီတိဖြစ်နေရပါတယ်။ အဲဒါဟာ "ရွှေပြည်နန်းသဘာဝအသားဖြူသနပ်ခါး"ဗူးရဲ့ ကျေးဇူးပဲဆိုတာပြောပြချင်လို့ယခုလိုရေးသားရခြင်းဖြစ်ပါတယ်။ ရွှေပြည်နန်း ကုမ္ပဏီကြီး အောင်မြင်မှုသရဖူ အမြဲပိုင်ဆိုင်နိုင်ပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

ဒေါ်နုနုလွင်(အထက်တန်းပြ)၊ အ.ထ.က(၂)၊ ဘိုကလေးမြို့။
ထပ်ဆင့်ထောက်ခံသူ ။ ။ ဒေါ်စင်မြလွင်(အထက်တန်းပြ)၊ အ.ထ.က(၂)၊ ဘိုကလေးမြို့။

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲရခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ ကန့်သတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် အမှတ်-၂၈(H)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ရေးသားပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်။)

## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# အဝေးသင်ပညာရေး အဆင့်မြင့်မားလာမည်

မြန်မာနိုင်ငံတွင် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသော ကျောင်းသား ကျောင်းသူအများစုသည် မိသားစုစီးပွားရေးအခြေအနေ အရသော်လည်းကောင်း၊ လုပ်ငန်းခွင်အနေအထားအရသော် လည်းကောင်း အလုပ်လုပ်ရင်းကျောင်းတက်ကြရပေသည်။ အများစု မှာ အဝေးသင်ပညာရေးဖြင့် တက္ကသိုလ်ဘွဲ့တစ်ခုကို ရအောင်ယူ ကြရပေသည်။ သို့သော်လည်း အဝေးသင်ပညာရေးသည် နေ့ကျောင်းတက် ဘွဲ့ရသူများနှင့် နှိုင်းယှဉ်လျှင် ကွာခြားမှုအချို့ရှိနေ ပါသည်။

နေ့ကျောင်းတက် ကျောင်းသား ကျောင်းသူများသည် နေ့စဉ် ကျောင်းတက်နေရ၍ ကျောင်းသား ကျောင်းသူအချင်းချင်း အပြန် အလှန် ရင်းနှီးမှု၊ ဆက်ဆံပေါင်းသင်းမှု၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ဆောင်တတ်မှု၊ လက်တွေ့ကျသော ပညာရေး တတ်မြောက်မှု စသော အခွင့်အလမ်းကောင်းများ အားသာချက်ရှိ သည်ကို တွေ့ရမည်ဖြစ်ပါသည်။ ဤအချက်များသည် အမှန်တကယ် လုပ်ငန်းခွင်ဝင်ရောက်သည့်အခါ များစွာအထောက်အကူပြုနိုင်ပါ သည်။ အဝေးရောက်ဘွဲ့ယူနေကြရသော ကျောင်းသား ကျောင်းသူ များအနေဖြင့် အချိန်တန်ဘွဲ့တစ်ခုရမည်ဖြစ်သော်လည်း ဤအခွင့် အရေးများဆုံးရှုံးနေရသည်ကို တွေ့ရမည်ဖြစ်ပါသည်။ သို့အတွက် အဝေးသင်ပညာရေးသည် အထိုက်အလျောက် အရည်အသွေး ပြည့်မီသော ဘွဲ့ရလူငယ်များဖြစ်အောင် အဆင့်မြှင့်တင်ဆောင်ရွက်ရန် လိုအပ်ချက်များရှိလာပါသည်။

ထို့ကြောင့်လည်း ဤကိစ္စကို မကြာသေးမီက လွှတ်တော် အတွင်း ဆွေးနွေးမှုများရှိလာသည်ကို မြင်တွေ့ရသည်။ ပညာရေး ဝန်ကြီးဌာနအနေဖြင့် အဝေးသင်တက္ကသိုလ်များကို နိုင်ငံတကာ အဝေးသင်တက္ကသိုလ် များနည်းတူ အရည်အသွေးမြင့်မားရေး အထောက်အကူပြု သင်ထောက်ကူပစ္စည်းများကို အရည်အသွေး မြင့်မားလာစေရန် ဆောင်ရွက်ခြင်း၊ လက်ရှိအကဲဖြတ်စနစ်ကို ပြန်လည်ဆန်းစစ်လေ့လာ၍ အားနည်းချက်ကို ပြုပြင်ခြင်း၊ သင်ကြားရေးဝန်ထမ်းများကို လေ့ကျင့်ပျိုးထောင်ပေးခြင်းကို အဝေးသင် သင်ကြားရေး အခြေပြု အရည်အသွေးအာမခံစနစ်တစ်ခု ထူထောင်ရန်စီစဉ်ခြင်း၊ ကျောင်းသား ကျောင်းသူများအတွက် လိုအပ်သည်များကို ဆောင်ရွက်ပေးခြင်း၊ ဝန်ထမ်းအင်အားများ တိုးချဲ့ခန့်ထားခြင်း၊ ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံများ ဖြည့်ဆည်းခြင်း၊ သင်တန်းအသစ်များ တိုးချဲ့ဖွင့်လှစ်ခြင်း၊ ပုဂ္ဂလိက အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ နိုင်ငံတကာအဝေးသင် သင်ကြားရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက် ခြင်းများ ပြုလုပ်နေပြီဖြစ်ကြောင်း သိရပါသည်။

လုပ်ငန်းခွင်အသီးသီးသို့ ဝင်ရောက်နေသော အစိုးရဝန်ထမ်း၊ ကုမ္ပဏီဝန်ထမ်းအများစုသည် အဝေးသင်ပညာရေးကို အားထားနေ ကြရပါသည်။ ယခင်က လုပ်သားများကောလိပ်သည် ဝန်ထမ်း များ၊ အလုပ်တစ်ခုခု လုပ်ကိုင်နေသူများအတွက် အဓိကအားထား ရာ နေရာဖြစ်ခဲ့ပါသည်။ ပညာတတ်မြောက်မှုမှာလည်း အရည် အသွေးပြည့်ဝသည့် အနေအထားရှိပါသည်။ ယခုမူ ဝန်ထမ်းအများ စုသည် အဝေးသင်ပညာရေးကို အလေးထားသင်ကြားနေကြရပါ သည်။

မည်သို့ပင်ဖြစ်စေ အဝေးသင်ပညာရေးသည် ထိုက်သင့်သော အရည်အသွေးရှိရမည်ဖြစ်ပါသည်။ ပညာတတ်မြောက်မှု တိုးတက် လာရမည်ဖြစ်ပါသည်။ လက်ရှိ နိုင်ငံတော်၏ပညာရေးပြုပြင် ပြောင်းလဲမှု အစီအမံများအရ အဝေးသင်ပညာရေးသည် အဆင့်အတန်းမြင့်မားသော အနေအထားတစ်ရပ်သို့ ရောက်ရှိလာ လိမ့်မည်ဟု မျှော်လင့်ရပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


# တိုက်ပွဲရှောင်လာသူများအား နိုင်ငံတော်သမ္မတထံမှ ဆန်အိတ်များလှူဒါန်း

**လဲချား နိုဝင်ဘာ ၂၀**

နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှ ပေးပို့လှူဒါန်းသော တစ်ကီလိုစီ အလေး ချိန်ရှိ ဆန်အိတ် ၉၃၀ ကို မိုင်းနောင်မြို့နယ်မှ တိုက်ပွဲရှောင်သူ ၆၉၃ ဦးအား ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် လဲချားမြို့ ကျောင်းပန်ဘုန်းကြီးကျောင်း တွင် နိုဝင်ဘာ ၂၀ ရက်က ပေးအပ်လှူဒါန်းပွဲကျင်းပရာ မြို့နယ်အုပ်ချုပ်ရေး မှူး ဦးမောင်သာမြနှင့် တာဝန်ရှိသူများက ပေးအပ်လှူဒါန်းခဲ့သည်။

အဆိုပါ လှူဒါန်းပွဲသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကော်မတီသုံးရပ်မှ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် တိုက်ပွဲရှောင်စခန်းမှ ကော်မတီဝင်များ တက်ရောက်ကြသည်။ မိုင်းနောင်မြို့နယ်အတွင်းမှ တိုက်ပွဲရှောင်သူများသည် နိုဝင်ဘာ ၄ ရက်မှစတင်၍ လဲချားမြို့သို့ ဝင်ရောက်လာရာ နိုဝင်ဘာ ၂၀ ရက်အထိ ကျောင်းခမ်းဘုန်းကြီးကျောင်းတွင် ၂၁၁ ဦး၊ ကျောင်းပန်ဘုန်းကြီး ကျောင်းတွင် ၄၃၅ ဦးနှင့် ကျောင်းကုန်းနင်ဘုန်းကြီးကျောင်းတွင် ၄၇ ဦး ရောက်ရှိနေကြောင်းနှင့် အခြားတိုက်ပွဲရှောင်သူများသည်လည်း မြို့တွင်းရှိ နီးစပ်ရာ ဆွေမျိုးသားချင်းများထံတွင် ရောက်ရှိနေကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

# ရေတိုက်စားမှုခံရသည့် ကမ်းပါးများ၌ မြေထိန်းနံရံများထပ်ပိုးတည်ဆောက်



**မြင်းမူ နိုဝင်ဘာ ၂၀**

မြင်းမူမြို့ ဘုရင့်နောင်ရပ်ကွက် ကမ်းနားလမ်း ကျောက်ဆောင်ဆိပ် မြေထိန်းနံရံများသည် စွန်းလွန်း ကျောင်းထိပ် တာရိုးအထိ ပေ ၂၆၀ အထိ ရေတိုက်စားခြင်းခံစားနေရ သည်မှာ ကာလကြာရှည်ခဲ့ပြီဖြစ်သည့် အတွက် နိုဝင်ဘာ ၁၉ ရက်မှစတင်က မြေထိန်းနံရံများ ပြန်လည် တည်ဆောက်နေပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ရေအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့ရှိ မင်းရဲကျော်စွာ၊ ကမ်းနားလမ်း၊ ရှင်ပင်သာထွန်းဦး ဘုရားအနီး၌လည်း မြေထိန်းနံရံမှာ ပြိုပျက်ခါနီးကာ မြစ်အတွင်းဘက်သို့ ယိုင်လာသဖြင့် မြစ်ရေကြီးချိန်တွင် မြို့ပတ်လမ်း၌ မောင်းနှင်ကြသည့် မော်တော်ယာဉ်များ၊ သုံးဘီးယာဉ်များ၊ ထော်လာဂျီများနှင့် ဆိုင်ကယ်များ အခက်အခဲကြုံရပြီး ပြန်လည် ပြုပြင်ရန် လိုအပ်ခဲ့သည့်နေရာများ ဖြစ်သည်။

"ယာဉ်တွေ စည်းကမ်းမရှိ မောင်းနှင်ကြတာကြောင့်လည်း မြေ ထိန်းနံရံတွေ ပြိုကျတဲ့အပြင် ရေ တိုက်စားမှုကလည်း အတိုးမြန်တာ ကြောင့် မြေထိန်းနံရံက ကျောက်တုံး တွေပြိုကျနေတာ။ ပြုပြင်ထားရင် တော့ လာမယ့်နှစ်မှာ မြစ်ကမ်းပါးပြို မှာ မစိုးရိမ်ရတော့ဘူး"ဟု ဒေသခံ တစ်ဦးက မှတ်ချက်ပြုသည်။

(၀၇၉)

# ဖြူးမြို့နယ်၌ ဆောင်းသီးနှံပဲမျိုးစုံ ဧက တစ်သိန်းတစ်သောင်းကျော် စိုက်ပျိုးမည်

**ဖြူး နိုဝင်ဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်သည် တောင်ငူခရိုင် တောင်ငူ၊ ရေတာရှည်၊ အုတ်တွင်း၊ ထန်းတပင်၊ ကျောက်ကြီး စသည့်မြို့နယ် ခြောက်မြို့နယ်အတွင်း မိုးစပါးနှင့် ဆောင်းသီးနှံ၊ ပဲမျိုးစုံဧကအများဆုံး စိုက်ပျိုးထုတ်လုပ်လျက်ရှိသော မြို့နယ်တစ်ခုဖြစ်သည်။

ယခုနှစ် ဆောင်းရာသီတွင် ကျေးရွာအုပ်စု ၅၈ အုပ်စုနှင့် မြို့ပေါ်ရပ်ကွက် အချို့မှ လယ်သမားများက ဆောင်းသီးနှံ မတ်ပဲ ၁၁၂၉၃၄ ဧက၊ ပဲတီစိမ်း ၁၀၅၀၊ ဗိုလ်ကိတ်ပဲ ၅၇၈ ဧက၊ ကုလားပဲ ၅၇ ဧက၊ စွန်တာနီ ၁၂၆ ဧက၊ ပဲစင်းငုံ ၁၅၂ ဧက၊ ပဲကြီး ၂၅၁ ဧကနှင့် ပဲနောက် ၂၃၄၁ ဧက စိုက်ပျိုးသွားရန် သတ်မှတ်လျာထားပြီး ယခုအချိန်တွင် မိုးစပါးများရိတ်သိမ်းပြီး လယ်ကွက်များအား မြေအစိုဓာတ်ပြည့်မီရေးအတွက် လယ်သမားများအနေဖြင့် စက်အားနှင့် ကျွဲ၊ နွားများသုံး၍ ထွန်/ထယ်များဖြင့် အလျင်အမြန်ထွန်ယက် ကြဲပက်စိုက်ပျိုးနေကြသည်ကို တွေ့ရသည်။

ယခင်နှစ် ဆောင်းရာသီက စိုက်ပျိုးခဲ့ကြသော မတ်ပဲများမှာ ပဲရာသီ ကုန်ဆုံးချိန်တွင် တစ်တင်းခွဲဝင် တစ်အိတ် ငွေကျပ် ၇၅၀၀၀၊ သုံးတင်းဝင် တစ်အိတ် ငွေကျပ် တစ်သိန်းခွဲအထိ ဈေးကောင်းခဲ့သဖြင့် ယခုနှစ်ဆောင်း ရာသီတွင် မတ်ပဲကိုအထူးအားထားစိုက်ပျိုးလျက်ရှိကြသည်။ **ဖြူး-မြင့်ဦး**




## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၀-၁၁-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၅၂၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၀၈၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၅၀၅၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

| | ရန်ကုန် | မန္တလေး |
|---|---|---|
| ဒီဇယ် | ၆၃၀/၆၄၀ ကျပ် | ၆၈၀/၆၉၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၇၀/၆၉၀ ကျပ် | ၇၄၀/၇၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၇၀/၇၉၀ ကျပ် | ၈၅၀/၉၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၇၀/၆၈၀ ကျပ် | ၇၄၀/၇၅၀ ကျပ် |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၉၇·၀ |
| ဥရောပ | တစ်ယူရို | ၁၃၈၉·၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၁၆·၈၀ |
| ထိုင်း | တစ်ဘတ် | ၃၆·၂၁၉ |
| အိန္ဒိယ | တစ်ရူပီး | ၁၉·၆၂၆ |
| တရုတ် | တစ်ယွမ် | ၂၀၃·၂၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၀·၈၂ |

ခင်ရတနာ-စုစည်းသည်။

# လွှတ်တော်များက နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် ရှေးရှုဆောင်ရွက်နေ

နေပြည်တော် နိုဝင်ဘာ ၂၀

**ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် UNDP နှင့် လွှတ်တော်များဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းဆိုင်ရာညှိနှိုင်းဆောင်ရွက်ရေးပူးပေါင်းအဖွဲ့ JCC တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက နိုင်ငံတစ်နိုင်ငံ၌ ဒီမိုကရေစီစနစ် ကျင့်သုံးရာတွင် လွှတ်တော်၏ကဏ္ဍ အရေးကြီးပါကြောင်း၊ မိမိတို့နိုင်ငံ၏ ဖွဲ့စည်းစလွှတ်တော်များကို အရည်အသွေးနှင့် အရည်အချင်းရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ UNDP အပါအဝင် နိုင်ငံတကာမှ အကူအညီပေးရေးအဖွဲ့အစည်းများက မြန်မာနိုင်ငံ၏ လွှတ်တော်အဖွဲ့များကို လက်တွဲခေါ်ဆောင်၍ ကျေးဇူးတင်ပါကြောင်း၊ မိမိတို့လွှတ်တော် ယခုအခြေအနေသို့ ရောက်ရှိလာခြင်းမှာ နိုင်ငံတကာအကူအညီပေးရေးအဖွဲ့များ၏ အကူအညီများကြောင့် ဖြစ်ပါကြောင်း။

ပထမအကြိမ် လွှတ်တော်သက်တမ်းသည် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၃၀ ရက်တွင် ကုန်ဆုံးမည်ဖြစ်၍ လွှတ်တော်အသစ်အတွက် လမ်းခင်းပေးရမည့် အနေအထား ရှိပါကြောင်း၊ လွှတ်တော်များက နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် ရှေးရှုဆောင်ရွက်နေပါကြောင်း၊ ဒီမိုကရေစီစနစ် မှန်မှန်ကန်ကန်တိုးတက်ရေးအတွက် အကြံပြုချက်၊ အမြင်များကို တင်ပြကြရန် ပြောကြားလိုပါကြောင်း ပြောကြားသည်။

ထို့နောက် UNDP ဌာနေကိုယ်စားလှယ် Mr. ToilyKurbanov က အမှာစကားပြောကြားပြီး လွှတ်တော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စစ်တမ်းကောက်ယူသည့် နိုင်ငံတကာမှ အဖွဲ့များက သုတေသနစစ်တမ်းကောက်ယူမှု အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက မြန်မာနိုင်ငံလွှတ်တော်များအတွက် UNDP နှင့် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့်စပ်လျဉ်း၍ရှင်းလင်းဆွေးနွေးကြသည်။ ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယကက နိဂုံးချုပ်အမှာစကားပြောကြားသည်။

အဆိုပါဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၊ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေး ကော်မတီဥက္ကဋ္ဌ၊ လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ရေးပူးပေါင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြင့်ဦးနှင့် JCCအဖွဲ့ဝင်များ၊ UNDP နှင့် နိုင်ငံတကာအကူအညီပေးရေးအဖွဲ့များမှ တာဝန်ရှိသူများ၊ လွှတ်တော်ရုံးများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

# တောင်ကြီးတန်ဆောင်တိုင်ပွဲတော်တွင် နေ့လွှတ်အရုပ်များ၊ ညမီးကြီး၊ စိန်နားပန် မီးပုံးများ ယှဉ်ပြိုင်လျက်ရှိ



**တောင်ကြီး နိုဝင်ဘာ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်း၌ နိုဝင်ဘာ ၁၉ ရက်က ဒေသခံပြည်သူများက ပြိုင်ပွဲဝင်နေ့လွှတ်အရုပ်အုပ်စု၊ ခြေနှစ်ချောင်း၊ ခြေလေးချောင်း၊ မီးပုံးအရုပ်များဖြင့် လွှတ်တင်ယှဉ်ပြိုင်ကြသည်။

နေ့လွှတ်အရုပ်တွင် အလုံး ၃၀ လွှတ်တင်ယှဉ်ပြိုင်ရာတွင် သစ်တောရပ်ကွက်မှ ဝင်းကျော်လတ်၊ မီးအမည်(ရောင်ပြန်) ဝတ်ရည်စုပ်ငှက်၊ စိန်ပန်းရပ်ကွက်မှ အောင်ပြည့်စုံ၊ မီးအမည် (တကင်းမီး) ကမ္ဘာလိပ်အရုပ် အေးသာယာရပ်ကွက်မှ အောင်အောင်ဦး၊ မီးအမည်(ဆိုက်ကားမီး) ရှမ်းဝက်ရုပ် မြေဖြူရပ်ကွက်မှ ကျော်ထက်အောင် မီးအမည်(ခဲဦးထောင်း) Goblin အရုပ်တို့ဖြင့် ယှဉ်ပြိုင်ကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ညပိုင်းတွင် ညမီးကြီးများနှင့် စိန်နားပန်မီးပုံးများ လွှတ်တင်ယှဉ်ပြိုင်ရာတွင် ဘုရားဖြူရပ်ကွက်မှ ကိုစည်သူ မီးအမည်(စွဲညို့)၊ နန်းဟူရပ်ကွက်မှ ကိုအောင်ဇော်ဝင်း မီးအမည် (ခမ်းရောင်စွူမ်း)၊ စိန်နားပန်မီးပုံးပျံတွင် ရတနာသီရိရပ်ကွက်မှ ကိုအောင်သန်းထိုက် မီးအမည်(နှင်းစက်) စသည့်မီးများ လွှတ်တင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ဘက်စုံပို့ဆောင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။

**ဘက်စုံပို့ဆောင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**

**(၂၀၁၅ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၊ ။)**

**၁၃၇၇ ခုနှစ်၊ လ၊ ရက်**

**(၂၀၁၅ ခုနှစ် ၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ဘက်စုံပို့ဆောင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဘက်စုံပို့ဆောင်ရေးဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(ဒ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဒ) **မှတ်ပုံတင်အရာရှိ** ဆိုသည်မှာ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ကိုသော်လည်းကောင်း၊ မှတ်ပုံတင်အရာရှိ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် ၄င်းက ခန့်အပ်တာဝန်ပေးသည့် အခွင့်ရအရာရှိကိုသော်လည်းကောင်း ဆိုသည်။"

၃။ ဘက်စုံပို့ဆောင်ရေးဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ(က)တွင် ပါရှိသော **"ပို့ဆောင်ရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်"** ဆိုသော စကားရပ်ကို **"ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ ဘက်စုံပို့ဆောင်ရေးဥပဒေ ပုဒ်မ ၅၉၊ ပုဒ်မခွဲ(ဂ)တွင် ပါရှိသော **"ပို့ဆောင်ရေးဦးစီးဌာန"** ဆိုသော စကားရပ်ကို **"ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။



**ရခိုင်ပြည်နယ် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ နိုဝင်ဘာ ၂၀ ရက်က (၂၆)ကြိမ်မြောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် နှစ်ပတ်လည်နေ့ အခမ်းအနားကို ကျင်းပရာ ကလေးများက တေးသရုပ်ဖော်များ တင်ဆက်စဉ်။**

(ခရိုင် ပြန်/ဆက်)

## ❍ ရှေ့ဖုံးမှ

ယခုတည်ဆောက်မည့် မန္တလေး လက်ကားဈေးကြီးသည် အုပ်ချုပ်ရေး၊ စီးပွားရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရာ မန္တလေးမြို့၏ ဗဟိုချက်မဆုံရာနေရာ၌ တည်ရှိသဖြင့် တိုင်းဒေသကြီးတစ်ခုလုံး၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် အထောက်အကူပြုမည်ဖြစ်ကြောင်းနှင့် လက်ကားဈေးကြီး တည်ဆောက်ပြီး အောင်မြင်စွာဖွင့်လှစ်နိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းကြရန် အမှာစကားပြောကြားသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးကုန်ထုတ်လုပ်သူ တောင်သူလယ်သမားများ၏ ထုတ်ကုန်ဖြစ်သော သစ်သီးဝလံ၊ ပန်းမန်၊ ဟင်းသီးဟင်းရွက်များ ရောင်းချရာတွင်နှင့် မွေးမြူရေးလုပ်ငန်းများမှ သားငါး ထုတ်လုပ်သူများ၏ ထုတ်ကုန်များ ရောင်းချရာတွင် အကျိုးစီးပွား ပိုမိုရရှိစေရန်၊ လက်ကားဈေးကြီးတွင် စုစည်းပြီး ရောင်းချနိုင်သည်နှင့်အတူ ပြည်တွင်းပြည်ပဈေးကွက်သို့ ဒေသထွက်ကုန်ပစ္စည်းများ တင်ပို့ရောင်းချရာ၌ ပို၍အဆင်ပြေပြီး အကျိုးအမြတ် ပိုမိုရရှိစေရန်၊ မန္တလေးတိုင်းဒေသကြီး၏ GDP ပိုမိုတိုးတက်မြင့်မားလာစေရန်နှင့် မန္တလေးတိုင်းဒေသကြီး အတွင်း လက်ကားရောင်းချသည့် အပြင် လက်လီရောင်းချသော ဈေးကွက်ကြီး ဖော်ဆောင်နိုင်ခြင်းကြောင့် ဒေသတွင်းစီးပွားရေး လက်ဦးမှု ရယူနိုင်ရန် ရည်ရွယ်၍ မန္တလေးလက်ကားဈေးကြီးကို တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။

မန္တလေး လက်ကားဈေးကြီးကို ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်ကိုပါ ဦးတည်ရောင်းချနိုင်မည့် နိုင်ငံတကာအဆင့်မီ လက်ကားဈေးကြီးအဖြစ် အကောင်အထည်ဖော်သွားမည်ဖြစ်ရာ ဈေးကြီးတွင် အရည်အသွေး စစ်ဆေးပေးနိုင်သော ဓာတ်ခွဲခန်းများ၊ ဈေးပြိုင်လေလံရောင်းချရန်နေရာများ ပါဝင်မည်ဖြစ်ကြောင်း၊ ပြည်ပဈေးကွက်သို့ပါ ထိုးဖောက်ရောင်းချနိုင်မည့် မြန်မာနိုင်ငံ၏ ပထမဆုံးလက်ကားဈေးကြီးလည်း ဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။ မြန်မာ့စိုက်ပျိုးရေးထွက်ကုန်များကို နည်းပညာသစ်များဖြင့် နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်ရောင်းချခြင်းဖြင့် နယ်စပ်တွင် ဈေးနှိမ်ခံကာ တင်ပို့ရောင်းချနေရသည့် ဈေးကွက်ကိုပါ ကျော်လွှားနိုင်မည်ဖြစ်သည်။

မန္တလေး လက်ကားဈေးကြီးတွင် လက်ကားပွဲရုံ ဈေးကြီးလေးခုနှင့် အရန်ဈေးငယ်ခြောက်ခုကို ခေတ်မီအဆောက်အအုံများဖြင့် ဖွင့်လှစ်ပြီး သန့်ရှင်းသပ်ရပ်သော အဆင့်မြင့်ရောင်းဝယ်ရေးစနစ်ကို ဖော်ဆောင်သွားမည်ဖြစ်ကာ Phase တစ်ခုချင်းအလိုက် အကောင်အထည်ဖော်တည်ဆောက်မည် ဖြစ်ကြောင်း၊ တစ်နှစ်ချင်း အဆင့်ဆင့်ဖွင့်လှစ်တည်ဆောက်သွားမည် ဖြစ်ပြီး Phase1 ကို ၂၀၁၆ နှစ်ကုန်တွင် ပြီးစီးအောင် တည်ဆောက်မည်ဖြစ်ကာ လက်ကားဈေးကြီးတစ်ခုလုံးကို ငါးနှစ်အတွင်း တစ်ဆင့်ချင်းစီ ဆက်လက်တည်ဆောက် ဖွင့်လှစ်သွားမည် ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး ဆောက်လုပ်ရေးလုပ်ငန်းရှင်များ အသင်းအနေဖြင့် ယခုလက်ကားဈေးကြီး တည်ဆောက်ရာ၌ လက်ကားဈေးကြီး အမြန်အကောင်အထည်ပေါ်ကာ ဒေသထွက်ကုန်များကို နိုင်ငံတကာလေဆိပ်မှတစ်ဆင့် နိုင်ငံခြားဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်ရေးနှင့် မြစ်ငယ် Dry Port မှတစ်ဆင့် ရန်ကုန်နှင့် ပင်လယ်ရေကြောင်း ကုန်သွယ်မှု လမ်းကြောင်းများဖြင့် လည်းကောင်း၊ နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းမှတစ်ဆင့် အိမ်နီးချင်းနိုင်ငံဈေးကွက်များသို့ လည်းကောင်း ကုန်သွယ်မှုပြုနိုင်ရေးအတွက် မျှော်မှန်းကာ အကျိုးအမြတ်ရရှိရေးကို အဓိကမထားဘဲ တည်ဆောက်နေကြောင်း တိုင်းဒေသကြီး ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆောက်အအုံများ တည်ဆောက်ရာတွင်လည်း ကုန်သွယ်မှုဆိုင်ရာ အဆောက်အအုံများအပြင် ဘဏ်နှင့် ငွေလဲလှယ်ရေးဌာနများ၊ သွင်းကုန်ထုတ်ကုန်နှင့် အကောက်ခွန်ဆိုင်ရာ အထောက်အကူပြုရုံးများ၊ ဓာတ်ခွဲစမ်းသပ်ခြင်းနှင့် သုတေသနဆိုင်ရာ အချက်အလက်မှတ်တမ်း အဆောက်အအုံများ ပါဝင်မည်ဖြစ်သည်။ သီးနှံများကို ဓာတ်ခွဲစမ်းသပ်နိုင်မည့် ဓာတ်ခွဲခန်းများပါဝင်မည် ဖြစ်သဖြင့် လက်ကားဈေးကြီးတွင် ဓာတ်ခွဲစမ်းသပ်ပြီး လေဆိပ်များနှင့် ချိတ်ဆက်ကာ နိုင်ငံတကာဈေးကွက်များသို့ တိုက်ရိုက်တင်ပို့ရောင်းချနိုင်မည်ဖြစ်၍ နိုင်ငံခြားဝင်ငွေ ပိုမိုရရှိစေမည်ဖြစ်သလို အလုပ်အကိုင်အခွင့်အလမ်းသစ်များလည်း ပေါ်ပေါက်လာမည်ဖြစ်သည်။

လက်ကားဈေးကြီးတွင် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံဒိုင်များ၊ ကောက်ပဲသီးနှံနှင့် စားသောက်ကုန်ဒိုင်များ၊ ပျိုးပင်အရောင်းဆိုင်များနှင့် အိမ်မွေးတိရစ္ဆာန် အရောင်းဆိုင်များပါဝင်မည်ဖြစ်ကာ နိုင်ငံတကာ လက်ကားဈေးကြီးများကဲ့သို့ အဆင့်မြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

# အိမ်ဖြူတော်ကိုတိုက်ခိုက်မည့် ဗီဒီယိုဖြင့် အိုင်အက်စ်အဖွဲ့ခြိမ်းခြောက်



**ဝါရှင်တန် နိုဝင်ဘာ ၂၀**

အိုင်အက်စ်စစ်သွေးကြွများက အိမ်ဖြူတော်ကိုအသေခံဗုံးခွဲတိုက်ခိုက်မှုများ၊ ကားဗုံးခွဲမှုများပြုလုပ်ရန် ခြိမ်းခြောက်သည့် ဗီဒီယိုတိပ်ခွေကို ကြာသပတေးနေ့တွင် ထုတ်ပြန်လိုက်ပြီး ပြင်သစ်ကိုလည်း တိုက်ခိုက်မှုများ ပိုမိုပြုလုပ်သွားရန် သန္နိဋ္ဌာန်ချထားသည်ဟုဆိုသည်။

အီရန်နိုင်ငံတွင်အိုင်အက်စ်တိုက်ခိုက်ရေးသမားများက ထုတ်ပြန်လိုက်သော ခြောက်မိနစ်စာဗီဒီယိုတွင် လွန်ခဲ့သော သီတင်းပတ်က ပါရီတိုက်ခိုက်မှုများကို ချီးကျူးထားသည်။ အဆိုပါစစ်သွေးကြွအုပ်စုက ပစ်မှတ်ထားနေသည့် နယူးယောက်မြို့ မြင်ကွင်းဗီဒီယိုကိုလည်း ထုတ်ပြန်ထားသည်။ ပြီးခဲ့သည့် သောကြာနေ့က လူပေါင်း ၁၂၉ ဦးသေဆုံးခဲ့ရသော ပါရီမြို့တိုက်ခိုက်မှုများသည် ၎င်းတို့ လက်ချက်ဖြစ်ကြောင်း ဆီးရီးယားနှင့် အီရတ်ရှိ နယ်မြေအတော်များများကို ထိန်းချုပ်ထားသော အိုင်အက်စ်တို့က ပြောသည်။

"ပါရီမှာလိုပဲ အမေရိကန်နိုင်ငံကို တိုက်ခိုက်မည့်အနေအထားဖြစ်မလာနိုင်ဘူးလို့ မပြောနိုင်ပါဘူး"ဟု အက်ဖ်ဘီအိုင် ညွှန်ကြားရေးမှူး ဂျိမ်းကော်မေးက နိုဝင်ဘာ ၁၉ ရက်တွင် ပြောသည်။ "အမေရိကန်မှာရှိနေတဲ့သူတိုင်းက ဒီခြိမ်းခြောက်မှုကို ခံနေရတဲ့အတွက် ဒီဗီဒီယိုကို စစ်ဆေးမှုတွေပြုလုပ်နေပြီဖြစ်ပါတယ်"ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဂျွန်ကာဘိုင်က စီအင်န်အင်န်သို့ပြောခဲ့သည်။ **(ရိုက်တာ)**

# အမေရိကန်အောက်လွှတ်တော်က ဆီးရီးယားဒုက္ခသည်တားဆီးရေး ဥပဒေကြမ်းကို သဘောတူ

**ဝါရှင်တန် နိုဝင်ဘာ ၂၀**

အမေရိကန်အောက်လွှတ်တော်က သမ္မတဘားရက် အိုဘားမား၏ ဆီးရီးယားဒုက္ခသည်ပိုမိုလက်ခံရေး အစီအစဉ်ကို ရပ်တန့်ရန် ဥပဒေကြမ်းတစ်ခုကို သဘောတူခဲ့ကြသည်။

ယင်းဥပဒေကြမ်းကို နိုဝင်ဘာ ၁၉ ရက်က သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြသည်။ အက်ဖ်ဘီအိုင်နှင့် အခြားလုံခြုံရေး အဖွဲ့အစည်းများက ဆီးရီးယားနှင့် အီရတ်တို့မှ အမေရိကန်နိုင်ငံသို့ ဝင်ရောက်လာသော ဒုက္ခသည်များသည် လုံခြုံရေးအရ စိုးရိမ်ဖွယ်မရှိကြောင်း အတည်မပြုနိုင်ချိန်ထိ ၎င်းဒုက္ခသည်များကို ယင်းဥပဒေက ပိတ်ဆို့တားဆီးထားမည်ဖြစ်ကြောင်း သိရသည်။ ထိုဥပဒေကြမ်းကို အထက်လွှတ်တော် (ဆီးနိတ်)သို့ တင်သွင်းတော့မည်ဖြစ်ကြောင်း သိရသည်။

"ဥပဒေကြမ်း အတည်ဖြစ်ရန် လွှတ်တော်၏ အတည်ပြုမှုသည် ပထမအဆင့်အနေဖြင့် အရေးကြီးကြောင်း" ရီပတ်ဗလီကန်လွှတ်တော် အမတ်တစ်ဦးဖြစ်သူ ပေါလ်ရန်က သတင်းထောက်များကို ပြောကြားခဲ့သည်။ "ရီပတ်ဗလီကန်အမတ်များက အိုဘားမားအစိုးရ၏ ဒုက္ခသည်ဆိုင်ရာမူဝါဒနှင့် အိုင်အက်စ် စစ်သွေးကြွများကို ဆန့်ကျင်တိုက်ဖျက်နေသည့် နည်းဗျူဟာများကို ပိုမိုအတိုက်အခံ လုပ်ရန်ရည်ရွယ်ထားကြောင်း" ဟု ၎င်းကပြောကြားခဲ့သည်။

အမေရိကန် သမ္မတအိုဘားမားက ယင်းကိစ္စကို လျင်မြန်စွာတုံ့ပြန်ပြီး ရီပတ်ဗလီကန်အမတ်များကို မဖြစ်နိုင်ကြောင်း တိုက်တွန်းပြောကြားခဲ့သည်။



ယင်းဥပဒေပြုမှုကို ဗီတိုအာဏာသုံးမည်ဖြစ်ကြောင်းလည်း ပြောခဲ့သည်။ ပါရီတိုက်ခိုက်ခံရပြီးနောက် အိုဘားမားအစိုးရ၏ ဆီးရီးယား ဒုက္ခသည် အနည်းဆုံး ၁၀၀၀၀ တိုးမြှင့်လက်ခံရန် အစီအစဉ်ကို ရပ်တန့်ထားရန် တိုက်တွန်းပြောကြားခဲ့သည်။

ပါရီတိုက်ခိုက်မှုပြီးနောက် အိုင်အက်စ်အကြမ်းဖက် အုပ်စုများက အမေရိကန်ကို ဦးတည်တိုက်ခိုက်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **(အင်န်အိတ်ချ်ကေ)**

# အမေရိကန်တွင် လူပေါင်းငါးသိန်းကျော် အိုးမဲ့အိမ်မဲ့ဖြစ်နေ

**ဝါရှင်တန် နိုဝင်ဘာ ၂၀**

အမေရိကန် ပြည်ထောင်စုအတွင်း ယခုနှစ်တွင် နိုင်ငံတစ်ဝန်းရှိ ပြည်သူအများစုမှာ အိမ်ရာဈေးကွက်ကို လက်လှမ်းမမီသောကြောင့် လူပေါင်းငါးသိန်းကျော် အိုးမဲ့အိမ်မဲ့ဖြစ်နေကြရကြောင်း ကြာသပတေးနေ့က ထုတ်ပြန်သော လေ့လာမှုအစီရင်ခံစာတစ်ရပ်တွင် ဖော်ပြသည်။

အဆိုပါ အရေအတွက်သည် ၂၀၁၄ ခုနှစ်ထက် အနည်းငယ်ကျဆင်းသွားသည်ဟု အမေရိကန် အိမ်ရာနှင့် မြို့ပြဖွံ့ဖြိုးရေးဦးစီးဌာန (အိတ်ချ်ယူဒီ)၏ ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြသည်။

အမေရိကန်မြို့ကြီးအများစုသည် စီးပွားရေးနွေးကွေးနေခြင်း၊ ဝင်ငွေထွက်ငွေ မမျှတခြင်းတို့နှင့် ရင်ဆိုင်နေကြရကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြသည်။ လော့စ်အိန်ဂျလိစ်၊ ဆီယက်တဲလ်၊ ဖို့တ်လန်း၊ အော်ရီဂွန်နှင့် ဟာဝိုင်ယီတို့တွင် အိုးမဲ့အိမ်မဲ့များ အရေအတွက် မြင့်တက်လာမှုအပေါ် မကြာသေးမီက အရေးပေါ်အခြေအနေ ကြေညာခဲ့ရသည်။

"အခုဆိုရင် နယူးယောက်မြို့ကြီးမှာ အိုးမဲ့အိမ်မဲ့အရေအတွက်တွေ ဆက်တိုက်မြင့်တက်လာနေပါတယ်"ဟု အိုးမဲ့အိမ်မဲ့အဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဂျီးဆက်လီရိုပီသီယာက ပြောသည်။

အိတ်ချ်ယူဒီ၏နောက်ဆုံးထုတ်ပြန်ချက်အရ လူပေါင်း ၅၆၅၀၀၀ သည် လမ်းများပေါ်ရှိ ကားများအတွင်း၌လည်းကောင်း၊ အမိုးအကာများဖြင့်လည်းကောင်း နေထိုင်နေကြရသည်ဟု ဆိုသည်။ တစ်ညတာအခြေအနေကို စစ်တမ်းကောက်ယူခဲ့ရာ လူပေါင်း ငါးသိန်းကျော် အိုးမဲ့အိမ်မဲ့ဖြစ်နေသည်ကို တွေ့ရသည်ဟု ဆိုသည်။ ယင်းတို့အနက် လေးပုံတစ်ပုံနီးပါးသည် အသက် ၁၈ နှစ်အောက် ကလေးများပါဝင်သည်။ **(ရိုက်တာ)**



# ပါရီမြို့ တိုက်ခိုက်သူများ အမေရိကန်စောင့်ကြည့်စာရင်းတွင် ပါဝင်နေ

**ဝါရှင်တန် နိုဝင်ဘာ ၂၀**

ပါရီမြို့ တိုက်ခိုက်သူ လေးဦးခန့်သည် အမေရိကန်ထောက်လှမ်းရေးအဖွဲ့က ထိန်းသိမ်းထားသော ဗဟိုတန်ပြန်အကြမ်းဖက်တိုက်ဖျက်ရေး ဒေတာဘေ့စ်တွင် ပါဝင်ကြောင်း အမေရိကန်တာဝန်ရှိသူများက ပြောသည်။

တိုက်ခိုက်ရေးသမားလေးဦးသည် ပါရီမြို့ တိုက်ခိုက်ရေးမဖြစ်ပွားမီ အမေရိကန် ထောက်လှမ်းရေးအဖွဲ့က ထုတ်ပြန်ထားသူများစာရင်းတွင် ပါဝင်သူများဖြစ်သည်ဟု ဆိုသည်။

သို့ရာတွင် တိုက်ခိုက်ရေးသမား မည်မျှပါဝင်သည်ကို အတိအကျ စာရင်းထုတ်ပြန်ကြေညာခြင်းမရှိဟုဆိုသည်။ ဒေတာဘေ့စ်တွင် အဓိကအရေးကြီးသံသယရှိသူစာရင်းနှင့် သံသယရှိသူစာရင်းဟူ၍ နှစ်မျိုးပါရှိကြောင်း သိရသည်။ **(ရိုက်တာ)**

# ၂၇ ကြိမ်မြောက် အာဆီယံအစည်းအဝေး၌ လုံခြုံရေးအစောင့် ၇၀၀၀ တပ်ဖြန့်ချထားမည်

**ကွာလာလမ်ပူ နိုဝင်ဘာ ၂၀**

မလေးရှားနိုင်ငံမြို့တော် ကွာလာလမ်ပူ၌ ကျင်းပမည့် ၂၇ ကြိမ်မြောက်အရှေ့တောင် အာရှနိုင်ငံများအသင်း (အာဆီယံ)အစည်းအဝေးတွင် လုံခြုံရေးအစောင့် ၇၀၀၀ တပ်ဖြန့်ချထားမည်ဖြစ်ကြောင်း သက်ဆိုင်ရာ အာဏာပိုင်များက နိုဝင်ဘာ ၂၀ ရက်တွင် ပြောကြားသည်။

"ပြင်သစ်နိုင်ငံပါရီမြို့တိုက်ခိုက်ခံရပြီးနောက် လာမည့်အာဆီယံအစည်းအဝေးအတွက် လုံခြုံရေးယူထားရခြင်းဖြစ်ကြောင်း" ဘူကစ်အာမန် ပြည်တွင်းလုံခြုံရေးနှင့် ပြည်သူ့ညွှန်ကြားရေးဌာန ညွှန်ကြားရေးမှူး ဒါတုခ် မူဟာမက်ဖက်ဒ် အဘူဇာရင်က မီဒီယာသို့ပြောခဲ့သည်။

"အစောပိုင်းက အာဆီယံအစည်းအဝေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင် ၄၀၀၀ ချထားရန်စီစဉ်ထားသော်လည်း ပြင်သစ်နိုင်ငံပါရီမြို့တိုက်ခိုက်ခံရပြီးနောက် လုံခြုံရေးကျိုးပေါက်မှုမဖြစ်စေရန် လုံခြုံရေးတပ်ဖွဲ့ဝင်အင်အားကို ၇၀၀၀ ထိ တိုးမြှင့်ချထားလိုက်ကြောင်း၊ ယင်းပမာဏသည် ယခင်စီစဉ်ထားသော ပမာဏ၏ထက်ဝက်နီးပါးဖြစ်ကြောင်း" ဟု ညွှန်ကြားရေးမှူးက ဆက်လက်ပြောကြားခဲ့သည်။

"လက်ရှိတွင် တပ်မတော်အင်အားအပါအဝင် စုစုပေါင်းလုံခြုံရေးတပ်ဖွဲ့ဝင် ၇၀၀၀ ချထားကြောင်း" ၎င်းက ထပ်မံပြောကြားခဲ့သည်။

"အာဆီယံအစည်းအဝေးအတွက် လုံခြုံရေးကျိုးပေါက်မှုမရှိအောင် ကြိုတင်လေ့ကျင့်ဆောင်ရွက်ထားကြောင်း" ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

"အစိုးရခေါင်းဆောင်များ ဘေးကင်းလုံခြုံစွာ အစည်းအဝေးကျင်းပနိုင်ရန် ကျွန်တော်တို့၏ လူများကို အဆင်သင့် တပ်ဖြန့်ထားကြောင်း၊ ထို့အပြင် ရဟတ်ယာဉ်များလည်း အသင့်အနေအထားရှိနေကြောင်း" ဟု ၎င်းက ဆက်လက်ပြောကြားသည်။ ယခုလက်ရှိတွင် ဆာဘာနှင့် ကွာလာလမ်ပူတို့တွင် အသေခံဗုံးခွဲသမားများရှိကြောင်း သတင်းရပြီးနောက် လုံခြုံရေးကို တင်းကျပ်စွာဆောင်ရွက်ထားကြောင်း သိရသည်။

၂၇ ကြိမ်မြောက် အာဆီယံအစည်းအဝေးကို နိုဝင်ဘာ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် "Our People, Our Community, Our Vision"ခေါင်းစဉ်ဖြင့် ၂၀၁၅ခုနှစ် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန်ကျသော မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(ဆင်ဟွာ)**

*မြန်မာ့အလင်းသတင်းစာဖတ်ပရိသတ်များ မျက်မှောက်နိုင်ငံတကာရေးရာဖြစ်ရပ်များကို ဖတ်ရှုလေ့လာ ဗဟုသုတရရှိစေရန်အတွက် ဘာသာပြန်စာရေးဆရာများက နိုင်ငံတကာသတင်းများမှ ရှာဖွေစုစည်းပြန်ဆိုသော သတင်းဆောင်းပါးများကို အပတ်စဉ်ဖော်ပြပေးလျက်ရှိပါကြောင်း။* (စာတည်းအဖွဲ့)

# မတည်မငြိမ်ဖြစ်နေသည့် ဥရောပနိုင်ငံရေး

ထွန်းတောက်

ပါရီမြို့ကို အကြမ်းဖက်တိုက်ခိုက်ခဲ့ကြသည့် အစွန်းရောက်များမှာ ပြင်သစ်နိုင်ငံသား အယ်ဂျီးရီးယားနွယ်ဖွားများနှင့် မော်ရိုကိုနွယ်ဖွားများ ဖြစ်သည်ကို လည်းကောင်း၊ ၎င်းတို့ကို ဆီးရီးယားအခြေစိုက် အိုင်အက်စ်အဖွဲ့က ကြိုးကိုင်စီစဉ်ခဲ့ခြင်းဖြစ်သည်ကိုလည်းကောင်း ထောက်လှမ်းရေးအေဂျင်စီများက ဖော်ထုတ်နိုင်ခဲ့ပြီးနောက်တွင် တရားမဝင်ရွှေ့ပြောင်းဝင်ရောက်လာသည့် ဆီးရီးယားနှင့် မြောက်အာဖရိကမှ စစ်ပြေးဒုက္ခသည်များအား လက်ခံသည့် မူဝါဒကို ဆန့်ကျင်သည့် ဥရောပနိုင်ငံရေးပါတီများအဖို့ အခွင့်အလမ်းသာလာသည်ကို တွေ့ရှိရသည်။

ထောင်ပေါင်းများစွာသော စစ်ပြေးဒုက္ခသည်များ၏ လူမှုဒုက္ခအကျပ်အတည်းများကို တည်ငြိမ်စွာဖြင့် တုံ့ပြန်ဖြေရှင်းခဲ့သည့် ဥရောပဒေသသည် ဒုက္ခသည်များနှင့်အတူ အစ္စလာမ်အစွန်းရောက်များ စိမ့်ဝင်လာမည့်အရေးကို တွေးပူလာကြသည်။ ကရုဏာတရားမှသည် လုံခြုံရေးဘက်သို့ ဦးစားပေးစဉ်းစားလာကြသည်။

ဒုက္ခသည်များကို တင်းတင်းကျပ်ကျပ်စစ်ဆေးရန်နှင့် နယ်စပ်ဂိတ်များကို ဖွင့်လှစ်ကာ ဒုက္ခသည်များအသွင်ဆောင်၍ ဝင်ရောက်လာနိုင်သည့် အစွန်းရောက်များကို စစ်ဆေးရန် ဥရောပအာဏာပိုင်များသည် အရေးထားစဉ်းစားလာကြသည်။ ယခုအချိန်၌ ထိုသို့စစ်ဆေးမှုများကို ဆောင်ရွက်နေကြပြီဖြစ်သည်။

အဖွဲ့ဝင် ၂၈ နိုင်ငံဖြင့် ဖွဲ့စည်းထားသည့် ဥရောပသမဂ္ဂ၏ ဒုက္ခသည်လက်ခံရေးမူဝါဒအပေါ်တွင် အကျိုးသက်ရောက်မှုရှိလာနိုင်ပေသည်။

ယခုနှစ်အတွင်း၌ ဒုက္ခသည်တစ်သိန်းကျော်ကို ဂျာမနီတွင် လက်ခံနေရာချထားပေးရန် ဖိတ်ခေါ်ခဲ့သည်။ ဂျာမနီဝန်ကြီးချုပ် အင်ဂျလာမာကယ်သည်လည်း အတိုက်အခံများ၏ ဝေဖန်မှုကို ရင်ဆိုင်နေရသည်။ အင်ဂျလာမာကယ်၏ ဒုက္ခသည်ဆိုင်ရာ မူဝါဒနှင့် ရပ်တည်ချက်တို့မှာ စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရပေသည်။

ဗြိတိန်ပြည်သူတို့က ဥရောပသမဂ္ဂ၏ မူဝါဒများအပေါ် သဘောမတွေ့မှုကြောင့် ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်ရေးအတွက် ၂၀၁၇ ခုနှစ်တွင် ဒေးဗစ်ကင်မရွန်းသည် လူထုဆန္ဒခံယူပွဲပြုလုပ်ရတော့မည်ဖြစ်သည်။

ယူကရိန်းအရေးကြောင့် ရုရှားနှင့် ဆက်ဆံရေးတင်းမာနေသည့် ဥရောပသမဂ္ဂခေါင်းဆောင်များသည် ပါရီအကြမ်းဖက်မှုကြောင့် ဘူးလေးရာ ဖရုံဆင့် ပြဿနာမျိုးစုံတွေ့ကြုံနေရသည်။

၂၀၁၇ ခုနှစ်လောက်တွင် တရားမဝင်ရွှေ့ပြောင်းလာသူများမှာ သုံးသန်းကျော်နိုင်သည်ဟု ဥရောပကော်မရှင်က ခန့်မှန်းထားသည်။ ထိုအခြေအနေ၌ ဥရောပနိုင်ငံရေးအခင်းအကျင်းတွင် လူမျိုးရေး၊ ဘာသာရေးအရောင်အသွေးများ ယှက်သန်းလာနိုင်သည်။ ယခုပင်လျှင် ပိုလန်အစိုးရသစ်သည် ဥရောပသမဂ္ဂဥပဒေအရ ဒုက္ခသည်များကို အချိုးကျလက်ခံပေးမည်ဟူသော ယခင်အစိုးရ၏ ကတိပေးချက်များကို ဖျက်သိမ်းတော့မည်ဖြစ်သည်။

ဒုက္ခသည်ပြဿနာကြောင့် ဥရောပတိုက်သည် ပုံရိပ်ကျဆင်းရမည့်ကိန်းဆိုက်နေသည်။ ကြွေးကြော်ထားသော၊ တစ်ကမ္ဘာလုံးနှင့် ဝင်ဆံ့သော၊ ဒီမိုကရေစီစံနှုန်းပြည့်ဝသော ဥရောပတိုက်၏ ပုံရိပ်လွှာသည် တရားမဝင်ရွှေ့ပြောင်းလာသော ဒုက္ခသည်များ ပြဿနာကြောင့် ပုံပျက်လာနိုင်သည်ဟု နိုင်ငံရေးပညာရှင်တို့က သုံးသပ်သည်။

အကြမ်းဖက်သမားများက ဥရောပဒေသအတွင်းသို့ စည်းကျော်ဝင်ရောက်နေစဉ် ဥရောပအပြင်စည်းများမှာလည်း အထိန်းအကွပ်ကင်းလွတ်နေသည်။ ဥရောပနိုင်ငံများကြားတွင် ပြည်ဝင်ခွင့်ဗီဇာမလိုဘဲ သွားလာနိုင်သည့် ရှင်ဂန်းစည်းမျဉ်းနယ်ခြား အစီအစဉ်မှာလည်းရှေ့တိုးရခက်၊ နောက်ဆုတ်ရခက်အခြေအနေမျိုးကျရောက်နေသည်။

နိုဝင်ဘာ ၁၃ ရက် ပါရီအကြမ်းဖက်မှုကျူးလွန်သူများကို ရှာဖွေဖမ်းဆီးရန် မြေလှန်ရှာဖွေနေစဉ်တွင် ပြင်သစ်နယ်စပ်ဂိတ်၌ ဟန့်တားစစ်ဆေးမှုများကို ပြုလုပ်နေသည်။ ဥရောပနိုင်ငံ ငါးနိုင်ငံက ဒုက္ခသည်များဝင်ရောက်မှုကို ထိန်းချုပ်ရန် ၁၉၈၅ ခုနှစ်က အတည်ပြုခဲ့သည့် ရှင်ဂန်းသဘောတူစာချုပ်ကို ရပ်ဆိုင်းထားခဲ့သည်။ ရှင်ဂန်းသဘောတူညီချက်ပြန်လှန်သုံးသပ်ရေးအတွက် တောင်းဆိုသံများလည်း ဆူညံနေသည်။



ဩစတြီးယားသို့ သွားရောက်ရန်ကြိုးစားနေသည့် ဆီးရီးယားရွှေ့ပြောင်းဒုက္ခသည်များကို တွေ့ရစဉ်။

ထို့ကြောင့်ပင် ဒုက္ခသည်များ လက်ခံမှုရပ်ဆိုင်းရန်နှင့် နယ်စပ်များပိတ်ထားရန်တောင်းဆိုနေကြသည့်ဥရောပဒေသ လက်ယာယိမ်းနိုင်ငံရေးအုပ်စုများသည် လူထုထောက်ခံမှုများ ပိုမိုရရှိလာသည်။

အမေရိကန်ပြည်ထောင်စုတွင်ရွှေ့ပြောင်းနေထိုင်သူများဆိုင်ရာ မူဝါဒအပေါ်တွင် အချေအတင် ငြင်းခုံမှုများ ပွဲတင်ထပ်ရိုက်ခတ်မှုကြောင့် ဂရိနိုင်ငံကဲ့သို့ ဥရောပဂိတ်ဝနယ်စပ်စည်းပိတ်ထားရေးကို တောင်းဆိုလာကြသည်။

ဒုက္ခသည်များပြဿနာနှင့် အကြမ်းဖက်မှုပြဿနာများကြောင့် ဥရောပတစ်တိုက်လုံးကသောင်းကနင်းဖြစ်နေချိန်တွင် အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်၌ ရုရှားသည် အနောက်အုပ်စု၏ မဟာမိတ်ဖြစ်ကြောင်း သမ္မတပူတင်က ပီပြင်စွာ ပြသလာသည်။

ကမ္ဘာ့အကြမ်းဖက်မှု ချေမှုန်းရေးလုပ်ငန်းစဉ်တွင် ရုရှားနိုင်ငံနှင့် ပြန်လည်ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းလာသောနိုင်ငံရေး ခေါင်းဆောင်မှာ ပြင်သစ်သမ္မတဟောင်း နီကိုလပ်ဆာကိုဇီဖြစ်သည်။

၂၀၁၇ ခုနှစ်တွင် ပြင်သစ်သမ္မတ ရွေးကောက်ပွဲ၌ သမ္မတလောင်းအဖြစ် ထပ်မံယှဉ်ပြိုင်မည့်ဆာကိုဇီက ဥရောပတိုက်အနေနှင့် ခိုင်မာသည့် နိုင်ငံခြားရေးမူဝါဒချမှတ်ကျင့်သုံးရန်လိုကြောင်း၊ အိုင်အက်စ်အစွန်းရောက်အဖွဲ့ကို ရင်ဆိုင်ရန်နိုင်ငံတိုင်း၏ အကူအညီအထူးသဖြင့် ရုရှားနိုင်ငံ၏ အကူအညီ ရယူရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ခေတ်သစ်ပြင်သစ်နိုင်ငံရေးသမိုင်းတွင် လူကြိုက်အနည်းဆုံးခေါင်းဆောင်အဖြစ်ရပ်တည်နေသောလက်ရှိသမ္မတ ဖရန်ဆွာဟော်လန်သည် လွန်ခဲ့သည့်ဇန်နဝါရီလ၌ ဖြစ်ပွားခဲ့သည့် ချာလီဟက်ဒိုးမဂ္ဂဇင်းတိုက်အကြမ်းဖက်ခံရမှုနှင့် ယခုထပ်မံဖြစ်ပွားသည့် ပါရီအကြမ်းဖက်မှုပြဿနာများကိုပါ တာဝန်ခံဖြေရှင်းနေရပြီဖြစ်သည်။

ပါရီအကြမ်းဖက်မှုကြောင့် ယခုနှစ်ဒီဇင်ဘာလတွင်ကျင်းပမည့် ဒေသန္တရရွေးကောက်ပွဲများသည် ပြင်သစ်နိုင်ငံအတွက် နိုင်ငံရေးအရ စမ်းသပ်မှုတစ်ရပ်ဖြစ်နိုင်ပေသည်။

ယခုအချိန်၌ ပါရီအကြမ်းဖက်မှုကြောင့် ပြင်သစ်ပြည်သူတို့၏ ကြောက်ရွံ့ချောက်ချားစိတ်များနှင့် မလုံမခြုံခံစားနေရသော စိတ်များကို အကြောင်းပြုကာနိုင်ငံရေးအမြတ်ထုတ်ရန်အတွက် ဗဟိုလက်ယာနိုင်ငံရေးခေါင်းဆောင်ဆာကိုဇီနှင့် လက်ယာယိမ်းအမျိုးသားတပ်ဦး ခေါင်းဆောင်မရင်းလီပင်းတို့ကြားတွင် နိုင်ငံရေးအားပြိုင်မှုပြင်းထန်လာနိုင်ပေသည်။

အစ္စလာမ်အစွန်းရောက်များကို အမြစ်ပါမကျန်ချေမှုန်းရမည်ဟု ၂၀၁၇ ခုနှစ်ပြင်သစ်သမ္မတရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့်အမျိုးသားတပ်ဦးပါတီခေါင်းဆောင်လီပင်းက ဆိုသည်။

အလားတူဒုက္ခသည်ပြဿနာအကြောင်းပြု၍ နိုင်ငံရေးလောကခံအတက်အကျဖြင့်ရင်ဆိုင်နေရပြီဖြစ်သော ဂျာမနီဝန်ကြီးချုပ် အင်ဂျလာမာကယ်သည်လည်း ဒုက္ခသည်များဆိုင်ရာမူဝါဒနှင့်ပတ်သက်၍ ရှင်းလင်းရမည့် တာဝန်ရှိနေပေပြီ။

ပါရီမြို့တော်၌ နိုဝင်ဘာ ၁၃ရက်က AK-47 ရိုင်ဖယ်သံများ၊ ဗုံးပေါက်ကွဲသံများ မထွက်ပေါ်မီနာရီပိုင်းအလိုတွင် ဂျာမနီဝန်ကြီးချုပ်က ရုပ်သံမှနေ၍ ၎င်း၏ဒုက္ခသည်ဆိုင်ရာမူဝါဒများကို ကာကွယ်သည့်မိန့်ခွန်းပြောဆိုခဲ့သည်။

သို့သော်နိုဝင်ဘာ ၁၃ ရက်နံနက်ပိုင်းက ၎င်း၏ဒုက္ခသည်မူဝါဒများကို ဆန့်ကျင်သည့် ပါတီအတွင်းစည်း အဖွဲ့ဝင်အရေအတွက်မှာ ရုတ်တရက်ဆိုသလို မြင့်တက်သွားခဲ့သည်။

ပါရီအကြမ်းဖက်တိုက်ခိုက်မှုသည် ဥရောပ၏ပထဝီနိုင်ငံရေး အခြေအနေအရပ်ရပ်ကို အပြောင်းလဲကြီး ပြောင်းလဲလိုက်ပြီဖြစ်သည်ဟု နိုင်ငံရေးပညာရှင်များက သုံးသပ်ဝေဖန်နေကြသည်။

---

နောက်ဆုံးရ နိုင်ငံတကာသတင်း

## မာလီတွင် ဇိမ်ခံဟိုတယ်တစ်ခုကို သေနတ်သမားများ ဝင်ရောက်တိုက်ခိုက်

**ဘာမာကို နိုဝင်ဘာ ၂၀**

အယ်လ်ခိုင်ဒါတို့၏ မဟာမိတ်သူပုန်များနှင့် နှစ်များစွာစစ်ခင်းနေရသော မာလီနိုင်ငံ၏မြို့တော် ဇိမ်ခံဟိုတယ်တစ်ခုတွင် နိုင်ငံခြားသားအများအပြားပါဝင်သည့် လူ ၁၇၀ တို့ကို ဘာသာရေးအစွန်းရောက်သေနတ်သမားများက ဓားစာခံအဖြစ် ပြန်ပေးဆွဲခဲ့ပြီးနောက် မာလီအထူးတပ်ဖွဲ့ဝင်များက အဆိုပါဟိုတယ်ကို ယနေ့ဝင်ရောက်တိုက်ခိုက်ခဲ့သည်။

အထူးတပ်ဖွဲ့ဝင်များ ဟိုတယ်အတွင်း ထိုးဖောက်ဝင်ရောက်သွားပြီဖြစ်ကြောင်းနှင့် စစ်ဆင်ရေးမှာ ဆင်နွှဲနေဆဲဖြစ်ကြောင်း ရဲတပ်ဖွဲ့သတင်းရင်းမြစ်က ရိုက်တာသို့ ပြောကြားသည်။

ဓားစာခံ ၈၀ ကို ကယ်ထုတ်ခဲ့ကြောင်း အစိုးရပိုင်ရုပ်မြင်သံကြားက ထုတ်လွှင့်ခဲ့သော်လည်း ပြင်သစ်သတင်းစာလမွန်းကမူ တိုက်ခိုက်မှုအတွင်း လူသုံးဦးထက်မနည်း သေဆုံးခဲ့ကြောင်း မာလီလုံခြုံရေးဝန်ကြီးဌာနကို ကိုးကား၍ ဖော်ပြခဲ့သည်။ နောက်ဆုံးရသတင်းအရ တိုက်ခိုက်မှုများအပြီးတွင် ဓားစာခံအားလုံးလွတ်မြောက်ခဲ့ကြောင်းနှင့် သေနတ်သမားနှစ်ဦးကို ပစ်ခတ်ရှင်းလင်းနိုင်ခဲ့ကြောင်း သိရသည်။ **(ရိုက်တာ)**




မာလီမြို့ရှိ ဇိမ်ခံဟိုတယ်ကို အကြမ်းဖက်တိုက်ခိုက်ခံရပြီးနောက် မြို့အတွင်း လုံခြုံရေးဆောင်ရွက်နေမှုကို တွေ့ရစဉ်။

# မြန်မာနိုင်ငံအနေဖြင့် ပြည်သူပြည်သားအားလုံးအတွက် လူ့အခွင့်အရေးဆိုင်ရာ ပိုမိုတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်လျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၀

**နိုဝင်ဘာ ၁၈ ရက်က အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ ကျင်းပသည့် အကြိမ်(၇၀)မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၏ တတိယကော်မတီအစည်းအဝေးတွင် လူ့အခွင့်အရေးကာကွယ်မြှင့်တင်ရေးခေါင်းစဉ်အောက်၌ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်း ကိုယ်စားလှယ်/သံအမတ်ကြီး ဦးကျော်တင်က မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့သည်။**

သံအမတ်ကြီး ဦးကျော်တင်က မြန်မာနိုင်ငံသည် သီးခြားရွေးထုတ်မှုမရှိခြင်း၊ ဘက်လိုက်မှုကင်းခြင်းနှင့် နိုင်ငံရေးသွတ်သွင်းမှုကင်းခြင်းစသည့် အခြေခံမူများကို ဆန့်ကျင်၍ နိုင်ငံတစ်နိုင်ငံချင်းစီအပေါ် ဦးတည်ချမှတ်သည့် ဆုံးဖြတ်ချက်အဆိုများကို ဆန့်ကျင်ကြောင်း၊ Universal Periodic Review (UPR) သည် နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေများကို တစ်ပြေးညီဆွေးနွေးသည့် အားထားဖွယ်အကောင်းဆုံးယန္တရားတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံက ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက ဂျီနီဗာမြို့၌ ပြုလုပ်ခဲ့သည့် Universal Periodic Review (UPR) ပြန်လည်သုံးသပ်မှု ဒုတိယအကျော့တွင် တက်ကြွစွာ ပါဝင်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတစ်နိုင်ငံအပေါ် ဦးတည်ချမှတ်သည့် ဆုံးဖြတ်ချက်အဆိုများကို တစ်သမတ်တည်းဆန့်ကျင်ကြောင်း၊ သို့ရာတွင် ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်သည့်မူနှင့်အညီ အထူးအစီရင်ခံစာတင်သွင်းသူအဆက်ဆက်နှင့် အတွင်းရေးမှူးချုပ်၏ အကျိုးဆောင်မှုတို့၏ လုပ်ငန်းတာဝန်များ ချောမွေ့စေရန် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ ပူးပေါင်းဆောင်ရွက်မှုနှင့် စေ့စပ်ညှိနှိုင်းသည့် စိတ်ဓာတ်အခြေခံဖြင့် ဆုံးဖြတ်ချက်အဆိုမူကြမ်းကို မဲခွဲရန်တောင်းဆိုခြင်းမှ ရှောင်ရှားခဲ့ကြောင်း။

မြန်မာနိုင်ငံအစိုးရက ကတိပြုထားသည့်အတိုင်း နိုဝင်ဘာ ၈ ရက်တွင် ရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပခဲ့ခြင်းသည် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအတွက် အရေးပါသော ရှေ့ဆက်သည့် ခြေလှမ်းသစ်တစ်ရပ်ဖြစ်ကြောင်း၊ သမိုင်းဝင်ရွေးကောက်ပွဲတွင် အဓိကနိုင်ငံရေးပါတီအားလုံး ယှဉ်ပြိုင်ခဲ့ပြီး ပြည်တွင်း ပြည်ပလေ့လာသူများစွာ လေ့လာစောင့်ကြည့်ခဲ့ကြောင်း၊ ယင်းမှာ လွန်ခဲ့သော လေးနှစ်ကျော်မှ စတင်ခဲ့သည့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး၏ ရလဒ်ဖြစ်ကြောင်း။

အဆိုပါမူကြမ်းတွင် အပြုသဘောဆောင်သော တိုးတက်မှုအချို့ကို ကြိုဆိုဖော်ပြထားသည်ကို တွေ့ရကြောင်း၊ သို့ရာတွင် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးကာကွယ်မြှင့်တင်ရေးကြိုးပမ်းမှုများနှင့် ထင်ရှားသော ရလဒ်များကို လုံလောက်စွာ ဖော်ပြထားခြင်းမရှိကြောင်း။

ယင်းမူကြမ်းပါ အချက်အလက်အချို့ကို သဘောမတူကြောင်း၊ ဥပမာအားဖြင့် OP 3 တွင် မဲပေးခွင့်ရုပ်သိမ်းခြင်းနှင့် ကိုယ်စားလှယ်လောင်းအရည်အချင်း မပြည့်မီခြင်း၊ လူမျိုးရေးနှင့် ဘာသာရေးအခြေခံဖြင့် ဆောင်ရွက်သည်ဟု မှားယွင်းစွာ ဖော်ပြထားကြောင်း၊ ကိုယ်စားလှယ်လောင်းနှင့် ၎င်း၏ မိဘနှစ်ပါးစလုံး နိုင်ငံသားဖြစ်ရမည်ဟူသည့် သတ်မှတ်စံနှုန်းမပြည့်မီ၍သာ ဖြစ်ကြောင်း၊ အခြားနိုင်ငံများကဲ့သို့ပင် ရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်နှင့် ကိုယ်စားလှယ်အဖြစ် ဝင်ရောက်အရွေးခံနိုင်ခွင့်တို့သည် နိုင်ငံသားများကိုသာ အပ်နှင်းထားသည့်အခွင့်အရေးဖြစ်ကြောင်း။

OP 4 တွင် ပါရှိသည့် အချက်အလက်များသည် မြန်မာနိုင်ငံက ဆောင်ရွက်ပြီးသည့်ကိစ္စများဖြစ်ကြောင်း၊ ချောမွေ့ငြိမ်းချမ်းစွာ အစိုးရသစ်ကူးပြောင်းရေးအတွက် စေ့စပ်ညှိနှိုင်းရန် အားလုံးက သဘောတူပြီးဖြစ်ကြောင်း၊ OP 4 နှင့် OP 6 တို့သည် လူ့အခွင့်အရေး လုပ်ပိုင်ခွင့်တာဝန်ထက်ကျော်လွန်ပြီး နိုင်ငံတစ်နိုင်ငံကို မည်သို့သော နိုင်ငံရေးစနစ်ထားရှိရမည်ကို ညွှန်ကြားမှု ပြုလုပ်ထားကြောင်း၊ အချုပ်အခြာအာဏာပိုင် နိုင်ငံတိုင်းတွင် သမိုင်းကြောင်း၊ အစဉ်အလာ၊ တန်ဖိုးထားချက်များ၊ လက်တွေ့အခြေအနေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေတို့နှင့်အညီ ကိုယ်ပိုင်နိုင်ငံရေးစနစ်ကို ရွေးချယ်ပိုင်ခွင့်ရှိကြောင်း၊ သို့ဖြစ်၍ ကျူးကျော်စွက်ဖက်သော အသုံးအနှုန်းများ ပါဝင်သည့် OP 6 ကို လက်မခံကြောင်း။

OP 10 သည် အခြေအမြစ်မရှိသည့် စွပ်စွဲချက်များကို သိမ်းကျုံးဖော်ပြထားသည့် နှစ်စဉ်ပါရှိသော ပုံသေစာပိုဒ်တစ်ပိုဒ်ဖြစ်ကြောင်း၊ ဆုံးဖြတ်ချက်အဆိုတင်သွင်းသူများ၏ သဘောထားသည် အမှန်တကယ် မြေပြင်တွင် ပြောင်းလဲမှုများနှင့် ကိုက်ညီအောင်ပြောင်းလဲမှုမရှိသည်မှာ ဝမ်းနည်းဖွယ်ဖြစ်ကြောင်း၊ ထို့ကြောင့် OP 10 ကိုလည်း လက်မခံနိုင်ပါကြောင်း။

OP 12 တွင် မြန်မာနိုင်ငံ၏ ပြည်တွင်းဥပဒေများအပေါ် မလိုလားအပ်သည့် စိုးရိမ်မှုများကို ဖော်ညွှန်းထားကြောင်း၊ ယင်းဥပဒေများသည် မဖြစ်မနေလိုက်နာရသော ဥပဒေမျိုးမဟုတ်ဘဲ ဆန္ဒအလျောက် လိုက်နာရသော ဥပဒေများဖြစ်ကြောင်း၊ အတင်းအကျပ်ကိုးကွယ်ရာဘာသာ ကူးပြောင်းစေမှုကိုသာ အပြစ်ပေးခြင်းဖြင့် ဘာသာရေးလွတ်လပ်ခွင့်ကို ပိုမိုအာမခံချက်ပေးထားကြောင်း၊ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား ဥပဒေသည် မြန်မာနိုင်ငံ၏ ပထဝီဝင်နှင့် လူဦးရေအနေအထား လိုအပ်ချက်တို့အရ ပေါ်ထွက်လာသည့် ဥပဒေဖြစ်ကြောင်း၊ ယင်းဥပဒေများသည် ပြည်တွင်းတရားစီရင်ပိုင်ခွင့် အတွင်းကျရောက်သည့်အပြင် အပြည်ပြည်ဆိုင်ရာ ဥပဒေများနှင့် ဆန့်ကျင်ခြင်းမရှိကြောင်း။

ဆုံးဖြတ်ချက်အဆိုတွင် “ရိုဟင်ဂျာ”အသုံးပြုထားမှုအားလုံးကို ကန့်ကွက်ကြောင်း၊ ယင်းအသုံးအနှုန်းသည် မြန်မာနိုင်ငံ၏ တိုင်းရင်းသားမျိုးနွယ်စုများတွင် မည်သည့်အခါမျှ မရှိခဲ့ဖူးကြောင်း၊ ယင်းအသုံးအနှုန်းကို ၎င်းတို့၏ ကိုယ်ပိုင်ရည်မှန်းချက်အတွက် တိုင်းရင်းသား၊ မျိုးနွယ်စုများတွင် ပါဝင်သည်ဟု လိမ်ညာတောင်းဆိုရန် ၁၉၅၀ ပြည့်လွန်နှစ်များမှစတင်၍ တီထွင်သုံးစွဲလာခြင်းသာ ဖြစ်ကြောင်း၊ ယင်းအသုံးအနှုန်းကို ဆက်လက်သုံးစွဲနေခြင်းသည် ပြည်သူများအကြား စိတ်ခံစားမှုများ ပြင်းထန်စေပြီး ထိခိုက်လွယ်သော ယင်းကိစ္စရပ်ကို ဖြေရှင်းရန် ကြီးမားသည့် အဟန့်အတားတစ်ခုဖြစ်စေကြောင်း။

OP 14 တွင် စာပိုဒ်ပါ အကြောင်းအရာ အများစုကို လက်မခံနိုင်ကြောင်း၊ ရခိုင်ပြည်နယ်ရှိ အသိုက်အဝန်းနှစ်ခုအကြား တင်းမာမှုများအပေါ် စိုးရိမ်ပူပန်မှုများရှိနေသည်ကို နားလည်ကြောင်း၊ သို့သော် အဆိုပါဒေသရှိ အသိုက်အဝန်းနှစ်ခုစလုံး၏ သမိုင်းကြောင်းနှင့် နှစ်ဖက်ပြောကြားချက်များကို အထူးဂရုပြုလေ့လာမှသာ မျှတသည့် အကဲဖြတ်သုံးသပ်ချက် ရရှိမည်ဖြစ်ကြောင်း၊ နှစ်ပေါင်းများစွာကပင် အသိုက်အဝန်းနှစ်ခုသည် အေးချမ်းစွာ အတူယှဉ်တွဲနေထိုင်ခဲ့သည့် အစဉ်အလာရှိကြောင်း၊ အသိုက်အဝန်းနှစ်ခုအကြား ဖြစ်ပွားခဲ့သည့် ပဋိပက္ခသည် နှစ်ဖက်လုံးအတွက် စိတ်ဒဏ်ရာများ ကျန်ရှိစေခဲ့ကြောင်း၊ ခက်ခဲရှုပ်ထွေးသည့် ယခုကိစ္စသည် နေ့ချင်းညချင်းဖြေရှင်းနိုင်သည့်ကိစ္စ မဟုတ်ကြောင်း၊ ထို့ကြောင့် ယခုကိစ္စကို ပုံကြီးချဲ့ ပြောဆိုခြင်းနှင့် နိုင်ငံရေးအတွက် အသုံးချမှုများသည် မီးလောင်ရာလေပင့်သကဲ့သို့ ဖြစ်စေနိုင်ကြောင်း။

OP 14 ပါ စာပိုဒ်တွင် ယင်းကိစ္စဖြေရှင်းရေးအတွက် နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်များ ထင်ဟပ်ခြင်းမရှိကြောင်း၊ ရခိုင်ပြည်နယ်တွင် ၂၀၁၂ ခုနှစ်မှ စတင်၍ ပဋိပက္ခအသစ်များ ထပ်မံပေါ်ပေါက်ခြင်း မရှိတော့ကြောင်း၊ နိုင်ငံသားဖြစ်လိုသည့် မည်သူမဆို နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်တွင် ပါဝင်စိစစ်ခံနိုင်ပါကြောင်း၊ နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်တွင် ပါဝင်ခြင်းမပြုရန် ပြင်ပမှ ဝင်ရောက်စွက်ဖက် ဖိအားပေးမှုများသည်လည်း လုပ်ငန်းစဉ်ကို အဟန့်အတားဖြစ်စေပါကြောင်း၊ အခက်အခဲစိန်ခေါ်မှုများကြားမှပင် လူပေါင်း ၉၀၀ ကျော်နှင့် မိသားစုဝင်များကို နိုင်ငံသားဖြစ်ခွင့်ပေးအပ်ခဲ့ကြောင်း၊ အိမ်ထောင်စုပေါင်း ၂၀၀၀ ကျော်ကို ပြန်လည်နေရာချထားပေးပြီးဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်တွင် လက်ထပ်ထိမ်းမြားခြင်း သို့မဟုတ် ကလေးမွေးဖွားခြင်းတို့အပေါ် ကန့်သတ်ပိတ်ပင်ထားသည့် မူဝါဒမရှိကြောင်း၊ ယင်းအချက်ကို ပျမ်းမျှမိသားစုတစ်စုတွင် လူဦးရေ ၅၀ ခန့်ရှိသည်ကို တွေ့မြင်ရခြင်းက သက်သေပြလျက်ရှိကြောင်း၊ သို့ဖြစ်၍ OP 12 နှင့် OP 14 ပါအချက်များကို ပြင်းထန်စွာ ခြွင်းချက်ပြုခြင်းဖြစ်ကြောင်း။

OP 15 ပါဖော်ပြချက်များသည် မြန်မာနိုင်ငံက နိုင်ငံတကာကူညီထောက်ပံ့ရေးအဖွဲ့အစည်းများမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို လုံးဝလက်မခံသကဲ့သို့ ဖြစ်နေကြောင်း၊ ရခိုင်ပြည်နယ်ကဲ့သို့ အကူအညီပေးရေးအေဂျင်စီအများအပြား လုပ်ကိုင်နေသည့် အခြားပြည်နယ် မရှိကြောင်း၊ အဆိုပါဒေသတွင် အခြေခံလိုအပ်ချက်များဖြစ်သည့် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အစားအစာ၊ သောက်သုံးရေရရှိမှု စသည်တို့ကို ကူညီဆောင်ရွက်ပေးနေပါကြောင်း၊ သို့ရာတွင် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအနေဖြင့် တတ်နိုင်သည့် အတိုင်းအတာအထိသာ ဆောင်ရွက်ပေးနိုင်ကြောင်း၊ အသိုက်အဝန်းနှစ်ခု သဟဇာတဖြစ်သည့်နေရာတွင် လွတ်လပ်စွာသွားလာမှုအပေါ် ကန့်သတ်ချက်မရှိကြောင်း။

ဖွံ့ဖြိုးရေးနှင့် ပညာရေးတို့သည် ပြဿနာ၏ အကြောင်းအရင်းကို ဖြေရှင်းရေးအတွက်သာမက နှစ်ဖက်အသိုက်အဝန်းထံမှ ပူးပေါင်းဆောင်ရွက်မှုရရှိရေးအတွက် အရေးကြီးကြောင်း၊ နိုင်ငံတကာအကူအညီများအနေဖြင့် လူသားချင်းစာနာထောက်ထားမှုအကူအညီမှ ဖွံ့ဖြိုးရေးအကူအညီအဖြစ် ပြောင်းလဲတိုးတက်ပေးအပ်ရန် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအဖွဲ့၏ တိုက်တွန်းအားပေးမှုကို ကြိုဆိုကြောင်း။

အထူးအစီရင်ခံစာတင်သွင်းသူ၏ နောက်ဆုံး မြန်မာနိုင်ငံခရီးစဉ်တွင် ရာသီဥတုအခြေအနေကြောင့် ရခိုင်ပြည်နယ်သို့ သွားရောက်နိုင်ခဲ့ခြင်းမရှိကြောင်း၊ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး ဖွင့်လှစ်ရေးနှင့်ပတ်သက်၍ အဆိုပါရုံး၏ လုပ်ငန်းတာဝန်အပေါ် နှစ်ဖက်စလုံးက သဘောတူညီချက်ရှိရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် အိမ်ရှင်နိုင်ငံ၏ လိုအပ်ချက်နှင့် ကိုက်ညီရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် ဒီမိုကရေစီလမ်းကြောင်းတွင် များစွာ ခရီးပေါက်ခဲ့ပြီဖြစ်ပါကြောင်း၊ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကြောင့် မြန်မာနိုင်ငံတွင် အတိတ်ကာလထက် များစွာ ပိုမို၍ ပွင့်လင်းမှုနှင့်လွတ်လပ်မှုရရှိနေပြီဖြစ်ကြောင်း။

နိုင်ငံတကာအသိုက်အဝန်းမှ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီ ထွန်းကားရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ဆက်လက်၍ အကူအညီပေးရန် အဆိုပါမူကြမ်းတွင် နိဂုံးချုပ်တိုက်တွန်းထားချက်ကို ကြိုဆိုပါကြောင်း။

အဆိုပါမူကြမ်း၏ အပိုဒ် ၂၀ တွင် အတွင်းရေးမှူးချုပ်က အထူးအကြံပေးပုဂ္ဂိုလ်၏ အနာဂတ်လုပ်ငန်းတာဝန်နှင့်ပတ်သက်၍ အစီရင်ခံစာ A / 70 / 332 တွင် ပါဝင်သည့် ဖော်ပြချက်များကို အလေးဂရုပြုရန် တောင်းဆိုထားခြင်းမှာ ထူးခြားသည့် တောင်းဆိုချက်သစ်တစ်ခုဖြစ်ကြောင်း၊ အတွင်းရေးမှူးချုပ်ရုံး၏ မြန်မာနိုင်ငံဆိုင်ရာ အကျိုးဆောင်ရုံး၏ လုပ်ပိုင်ခွင့်ကို ၂၀၁၆ ခုနှစ်အကုန်တွင် တဖြည်းဖြည်းလျှော့ချသွားရေးအပါအဝင် ယင်းလုပ်ပိုင်ခွင့်အပေါ် အကဲဖြတ်သုံးသပ်ရန် အဖွဲ့ဝင်နိုင်ငံများကို တိုက်တွန်းထားကြောင်း။

မြန်မာနိုင်ငံတွင်ဖြစ်ပေါ်လျက်ရှိသည့် စံနမူနာယူဖွယ်ပြောင်းလဲမှုများကို ယခုတတိယကော်မတီတွင် မှန်မှန်ကန်ကန်ထင်ဟပ်ဖော်ပြသင့်ကြောင်း၊ မြန်မာနိုင်ငံ အနေဖြင့် ပြည်သူပြည်သားအားလုံးအတွက် ပိုမိုကောင်းမွန်သည့် လူ့အခွင့်အရေးဆိုင်ရာ ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ နိုင်ငံတစ်နိုင်ငံချင်းကို ဦးတည်သည့် အဆိုပါမူကြမ်းတင်သွင်းခြင်းကို အဆုံးသတ်ရန် အချိန်ကျရောက်လာပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ငြိမ်းချမ်းရေး၊ ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ရေးအတွက် ကုလသမဂ္ဂနှင့်အတူတကွ ဆက်လက်၍ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

OP ဆိုသည်မှာ Operative Paragraph (ဆောင်ရွက်ရန် တိုက်တွန်းသည့် အပိုဒ်) ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)




အကြိမ်(၇၀)မြောက် ကုလသမဂ္ဂအထွေထွေညီလာခံကျင်းပနေမှုကို တွေ့ရစဉ်။

> **ရခိုင်ပြည်နယ်ရှိ အသိုက်အဝန်းနှစ်ခုအကြား တင်းမာမှုများအပေါ် စိုးရိမ်ပူပန်မှုများရှိနေသည်ကို နားလည်ကြောင်း၊ သို့သော် အဆိုပါဒေသရှိ အသိုက်အဝန်းနှစ်ခုစလုံး၏ သမိုင်းကြောင်းနှင့် နှစ်ဖက်ပြောကြားချက်များကို အထူးဂရုပြုလေ့လာမှသာ မျှတသည့် အကဲဖြတ်သုံးသပ်ချက်ရရှိမည်ဖြစ်**
>
> **မြန်မာနိုင်ငံအနေဖြင့် ငြိမ်းချမ်းရေး၊ ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ရေးအတွက် ကုလသမဂ္ဂနှင့်အတူတကွ ဆက်လက်၍ပူးပေါင်းဆောင်ရွက်သွားမည်**

## အရာထမ်း အခြေခံသင်တန်းဆင်း

**ရန်ကုန် နိုဝင်ဘာ ၂၀**

အရာထမ်းအခြေခံသင်တန်းအမှတ်စဉ်(၂၀၀) သင်တန်းဆင်းပွဲကို ယနေ့နံနက် ၇ နာရီတွင် ဇဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ၌ကျင်းပရာ ပါမောက္ခချုပ် ဦးညီညီစိုး တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားပြီး ဆုများချီးမြှင့်သည်။

အဆိုပါသင်တန်းသို့ ဗဟိုအာဏာပိုင်အဖွဲ့အစည်းနှင့် ဝန်ကြီးဌာနများမှ ဦးစီးအရာရှိအဆင့်ရှိ သင်တန်းသား ၉၀၊ သင်တန်းသူ ၉၅ ဦး စုစုပေါင်း ၁၈၅ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၄ ပတ်ကြာမြင့်ခဲ့သည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ရခိုင်ပြည်နယ်အတွင်း ပြည်နယ်အစိုးရ၏ ခွင့်ပြုငွေဖြင့် Cyclone Shelter ၁၀ လုံး တည်ဆောက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၀**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး၏ ပဉ္စမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင်ကျင်းပရာ မေးခွန်းငါးခုမေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်းတစ်ခုအတည်ပြုခြင်း၊ အစီရင်ခံစာနှစ်ခု ဆွေးနွေးအတည်ပြုခြင်းတို့ ဆောင်ရွက်သည်။

အစည်းအဝေးတွင် မြေပုံ မဲဆန္ဒနယ်မှ ဦးဖေသန်းက **ပြည်ထောင်စုဝန်ကြီးဌာန၏ ရခိုင်ပြည်နယ်အတွင်း အကောင်အထည်ဖော် ဆောက်လုပ်မည့် မုန်တိုင်းဒဏ်ခံ အဆောက်အအုံမည်မျှ ဆောက်လုပ်ပေးခဲ့သနည်း၊ နိုင်ငံခြားအကူအညီ အထောက်အပံ့ မရရှိပါက ဝန်ကြီးဌာနအနေဖြင့် မည်သို့စီမံဆောင်ရွက်သွားမည်ကို** မေးမြန်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင်က ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနအနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ရန်ပုံငွေမှ သာမန်အချိန်တွင် စာသင်ကျောင်း၊ ဘိုးဘွားရိပ်သာ၊ ဓမ္မာရုံစသော Community Shelter အဖြစ် အသုံးပြုနိုင်ပြီး သဘာဝဘေးအန္တရာယ် ဖြစ်ပွားပါက ယာယီခိုလှုံရာ အဆောက်အအုံအဖြစ် အသုံးပြုနိုင်သော Multi-purpose Shelterကို မြေပုံမြို့နယ် လွန်းလုံးပိုက်ကျေးရွာတွင် တစ်လုံးနှင့် ပေါက်တောမြို့နယ် သာစည်ကုန်းကျေးရွာတွင် တစ်လုံးဆောက်လုပ်ပေးခဲ့ပါကြောင်း။

ရခိုင်ပြည်နယ် အစိုးရအဖွဲ့မှလည်း ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ခွင့်ပြုငွေဖြင့် Cyclone Shelter ၁၀ လုံးကို စစ်တွေမြို့နယ်၊ ပလ္လင်ပြင်၊ မင်းလှ၊ သဲချောင်း၊ ဘောဒူဖ၊ ပေါက်တောမြို့နယ် ကံပြင်၊ မင်းပြားမြို့နယ် အိုင်ဝန်း၊ မြေပုံမြို့နယ် သင်ပေါင်းချောင်း၊ ပြင်ချောင်း၊ ကျောက်ဖြူမြို့နယ် သဲတန်း၊ တောင်ကုတ်မြို့နယ် ငမောက်ချောင်းကျေးရွာတို့တွင် တည်ဆောက်လျက်ရှိပြီး မကြာမီ ပြီးစီးတော့မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ရှားတောမဲဆန္ဒနယ်မှ ဒေါ်နန်းနွဲ့က **ဖွံ့ဖြိုးမှုနောက်ကျသော ဝေးလံခက်ခဲဒေသများ၏ ပညာရေး (အရည်အသွေး) နိမ့်ကျနေမှုကို ဖွံ့ဖြိုးပြီးဒေသများနှင့် ကွာဟချက်နည်းပါးစေရေး မည်သို့မြှင့်တင်ဆောင်ရွက်ပေးမည်ကို သိလိုကြောင်း** မေးမြန်းရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်က ဖွံ့ဖြိုးမှုနောက်ကျပြီး ဝေးလံခက်ခဲသော ဒေသများ၏ ပညာရေးကို ဖွံ့ဖြိုးပြီးဒေသများနှင့် ကွာဟချက်နည်းပါးစေရေးအတွက် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းအရလည်းကောင်း၊ ၂၀၁၃ ခုနှစ် ကမ္ဘာ့ပညာရေး မျှော်မှန်းချက်အရ အရည်အသွေးရှိသည့် ပညာရေးကို လူတိုင်းအကျုံးဝင်ပြီး တန်းတူညီမျှမှုရှိစွာ သင်ယူခွင့်ရရှိစေရန်နှင့် အားလုံးအတွက် ဘဝတစ်သက်တာ သင်ယူခွင့်ရရှိစေရန် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ အဆင့်မြင့် ပညာကဏ္ဍတွင်လည်း အကြောင်း အမျိုးမျိုးကြောင့် နေ့သင်တန်း မတက်ရောက်နိုင်သော



**ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင် ဖြေကြားစဉ်။**

ကျောင်းသား၊ ကျောင်းသူများ အနေဖြင့် မိမိဒေသ၊ မိမိအလုပ်ခွင်မပျက် ပညာသင်ယူခွင့်ရရန် အဆင့်မြင့်ပညာရပ်များကို တစ်နိုင်ငံလုံးနယ်စပ်ဒေသများပါမကျန် သင်ယူနိုင်ရန် ရည်ရွယ်၍ တိုင်းဒေသကြီး/ ပြည်နယ်များရှိ တက္ကသိုလ်များတွင် အဝေးသင်ဌာနခွဲများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ မီးပြတိုက် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ထို့နောက် အစည်းအဝေး ဒုတိယနေ့က တင်ပြခဲ့သော ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနုက ယခုအစိုးရ၏ ကတိကဝတ်များအား ပယ်ဖျက်လိုက်ပြီဆိုပါက မဲဆန္ဒနယ်များမှ ပြည်သူများနှင့် တိုင်းပြည်အတွက် များစွာ နစ်နာမည် ဖြစ်ပါကြောင်း၊ ဒီမိုကရေစီခေတ်တွင် အစိုးရမှာ အမြဲတမ်း ပြောင်းလဲနေမည် ဖြစ်ပါကြောင်း၊ သို့သော်လည်း ကြားကာလတွင် လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရန် အမြဲတမ်းအတွင်းဝန်များရှိနေပြီဖြစ်ပါကြောင်း၊ အစိုးရတစ်ဆက်နှင့် တစ်ဆက်မှာ ကောင်းမွေဆိုးမွေကို ခံယူရမည် ဖြစ်ပါကြောင်း၊ ယခုအစိုးရလက်ထက်မှ ကတိကဝတ်များကို နောင်အစိုးရ လက်ထက်တွင် ဆက်လက်ဆောင်ရွက်သင့်ပါကြောင်း၊ သို့ဖြစ်၍ ယခုကတိကဝတ်များကို မပယ်ဖျက်သင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ဆွမ်ပရာဘွမ် မဲဆန္ဒနယ်မှ ဦးခမိုင်မုန်ကွမ်က နိုင်ငံတော်အစိုးရ တာဝန်ကို မည်သည့်ပါတီမှ တာဝန်ယူရသည်ဖြစ်စေ ပြည်သူများ၏ လိုအပ်ချက်ဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် အခြားသောဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်ပေးနေရမည်သာဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ယခုအစိုးရအဖွဲ့ လက်ထက်မှ ကတိကဝတ်များကို ဆက်လက်ဆောင်



**မြေပုံ မဲဆန္ဒနယ်မှ ဦးဖေသန်း မေးမြန်းစဉ်။**

ရွက်နိုင်ရန် လွှဲပြောင်းပေးသင့်ပါကြောင်းဆွေးနွေးသည်။

ယင်းအစီရင်ခံစာကို လွှတ်တော်က အတည်ပြုသည်။

အလားတူ အစည်းအဝေး ဒုတိယနေ့က တင်ပြခဲ့သော ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုးက တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ကော်မတီထံသို့ တရားရေး၊ ဥပဒေရုံးများနှင့် ရဲတပ်ဖွဲ့တို့အပေါ် ပြည်သူတို့ တိုင်ကြားလာမှုများကို တာဝန်ရှိအဖွဲ့အစည်းများက တရားမျှတစွာ အရေးယူဆောင်ရွက်ပေးမည်ဆိုပါက ပိုမိုကောင်းမွန်လာမည် ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည်က လွှတ်တော်ကိုယ်စားလှယ်များ၊ ကော်မတီများနှင့် လွှတ်တော်၏ဆောင်ရွက်မှုမှာ ယခုအခါနောက်ဆုံးကာလဖြစ်ပြီး လွှတ်တော်များ၏ ဆောင်ရွက်မှုမှတ်တမ်းလည်းဖြစ်ပါကြောင်း၊ မိမိအနေဖြင့် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ၏ ဆောင်ရွက်ချက်များကို စောင့်ကြည့်ခဲ့ပါကြောင်း၊ သို့သော်လည်း အခြားကော်မတီ၊ ကော်မရှင်များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုကို မတွေ့ရှိရပါကြောင်း၊ ၎င်းကော်မတီသို့ ပြည်သူတို့က တိုင်ကြားစာ ၃၇၀၀ ကျော် ပေးပို့တိုင်ကြားခဲ့သော်လည်း ဖြေရှင်းဆောင်ရွက်ပေးခဲ့သည်ကို မတွေ့ရပါကြောင်း၊ သို့ဖြစ်၍ ပိုမိုပြီးပြည့်စုံသည့် အစီရင်ခံစာ ထပ်မံတင်သွင်းသင့်ပါကြောင်းဖြင့် အကြံပြုဆွေးနွေးသည်။

ယင်းအစီရင်ခံစာကို လွှတ်တော်က အတည်ပြုသည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# ပညာရေး၊ ဆောက်လုပ်ရေး၊ ဘဏ္ဍာရေး၊ စိုက်ပျိုးရေးနှင့် လွှတ်တော်ကဏ္ဍဆိုင်ရာဥပဒေကြမ်း ၁၅ ခု အတည်ပြု

**နေပြည်တော် နိုဝင်ဘာ ၂၀**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပရာ ပညာရေး၊ ဆောက်လုပ်ရေး၊ ဘဏ္ဍာရေး၊ စိုက်ပျိုးရေးနှင့် လွှတ်တော်ကဏ္ဍဆိုင်ရာ ဥပဒေကြမ်း ၁၅ ခုကို အတည်ပြုခြင်း၊ အစီရင်ခံစာဖတ်ကြားခြင်းနှင့် အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်သည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့လာသည့် **ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီဥက္ကဋ္ဌ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်(၆)မှ ဦးခင်မောင်ရီက ဖတ်ကြားပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့လာသည့် **နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှု ဥပဒေကို ပြင်ဆင်သည့်**



**ဒုတိယဝန်ကြီး ဦးအုန်းသန်း။**

**ဥပဒေကြမ်း၊ ဘဏ်နှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေကြမ်း၊ သက်သေခံ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ လမ်းနှင့် တံတား အသုံးပြုခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ လမ်းမကြီးများ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ အမြန်လမ်းမကြီးများ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း**တို့ကို အမျိုးသားလွှတ်တော်တွင် အတည်ပြုသည်။

ယင်းနောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက **ပိုးသတ်ဆေးဥပဒေကြမ်း**နှင့် **အပင်မျိုးသစ် အကာအကွယ်ပေးရေး ဥပဒေကြမ်း**တို့ကို တင်သွင်းရာ လွှတ်တော်က တစ်ပိုဒ်ချင်းစီ အလိုက် အတည်ပြုသည်။

ဆက်လက်၍ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကိုကိုဦးက **သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်း**ကို လည်းကောင်း၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထင်အောင်က **၁၉၅၁ ခုနှစ် အလုပ်ရုံများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်အခကြေးငွေပေးရေး ဥပဒေကြမ်း**တို့ကို လည်းကောင်း အသီးသီးတင်သွင်းကြရာ လွှတ်တော်က တစ်ပိုဒ်ချင်းစီ အလိုက် အတည်ပြုသည်။

ထို့နောက် ဥပဒေကြမ်းကော်မတီက **မြန်မာနိုင်ငံ စာရင်းအင်း ဥပဒေကြမ်း၊ ပုဂ္ဂလိကပညာရေး ဥပဒေကြမ်း**တို့နှင့်စပ်လျဉ်းသည့် အစီ



**ဒုတိယဝန်ကြီး ဦးထင်အောင်။**

ရင်ခံစာကိုတင်သွင်းရာ အမျိုးသားလွှတ်တော်က ကော်မတီ၏ အစီရင်ခံစာအရ ပြန်လည် သုံးသပ်ရေးဆွဲရန် လိုအပ်သောကြောင့် အကျိုးအကြောင်းဖော်ပြ၍ ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့ရန် ဆုံးဖြတ်ခဲ့သည်။

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို နိုဝင်ဘာ ၂၃ ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်သည်။ **(သတင်းစဉ်)**

# အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိစေရန် မဆုတ်မနစ်ကြိုးပမ်းဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံစက်မှုဇုန်၌ ယမန်နေ့ကကျင်းပသည့် MacDo Co. Ltd., ဆံပင်တုစက်ရုံ ဖွင့်ပွဲအခမ်းအနားသို့ အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့် တက်ရောက်အမှာစကားပြောသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနအနေဖြင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိရာတွင် စည်းကမ်းပြည့်ဝပြီး စွမ်းဆောင်ရည်မြင့်မားသည့် ကျွမ်းကျင်လုပ်သားများ ပေါ်ထွန်းလာစေရန်နှင့် ဘေးအန္တရာယ်ကင်းရှင်းပြီးကျန်းမာရေးနှင့်ညီညွတ်သင့်တော် ကောင်းမွန်သည့် လုပ်ငန်းခွင်များပေါ်ပေါက်လာစေရန်အစရှိသည့် ရည်မှန်းချက်များကိုချမှတ်ပြီး အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံ၏ လက်ရှိစီးပွားရေးစနစ်မှာ အဓိကမောင်းနှင်အားဖြစ်သည့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်၊ ဆက်လက်ရှင်သန်နိုင်ရန်နှင့် အရှည်တည်တံ့ဖွံ့ဖြိုးစေရန် အစရှိသည့်လိုအပ်ချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်အစိုးရအနေဖြင့် လိုအပ်သော ပံ့ပိုးမှုများနှင့် ဖြေလျှော့ပေးမှုများကို ဆက်လက်ပြုလုပ်ပေးမည်ဖြစ်ပြီး အဆိုပါ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၌ရှိသော အလုပ်သမားများ၏ ရသင့်ရထိုက်သည့်အခွင့်အရေးများ မှန်ကန်စွာရရှိစေရန်၊ လူမှု-စီးပွား ကိစ္စရပ်များအဆင်ပြေစေရန်၊ ပြောင်းလဲလာသည့် အလုပ်သမားဈေးကွက်နှင့်အညီ နည်းပညာကျွမ်းကျင်မှုများရရှိစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိစေရန် မဆုတ်မနစ် ဆက်လက်ကြိုးပမ်းအားထုတ်ပေးသွားမည် ဖြစ်ကြောင်း အသိပေးပြောကြားလိုပါကြောင်း။

ကုန်ချောများကို ပြည်ပသို့တင်ပို့မည့် ပို့ကုန်ဦးစားပေးလုပ်သား အခြေပြု CMP စက်ရုံတစ်ခုဖြစ်ပြီး စက်ရုံသည် လုပ်သားအင်အား ၁၈၀၀ ခန့်ဖြင့် အလုပ်လုပ်သည့် စက်ရုံဖြစ်ပြီး မြန်မာအလုပ်သမားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးသောကြောင့်များစွာ ကျေးဇူးတင်ဂုဏ်ယူဝမ်းမြောက်ကြောင်းပြောကြားသည်။ **(မြန်မာ့အလင်း)**

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အာဆီယံထိပ်သီးအစည်းအဝေးတက်ရောက်ရန် ကွာလာလမ်ပူမြို့သို့ရောက်ရှိ

**ကွာလာလမ်ပူ နိုဝင်ဘာ ၂၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် (၂၇) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ တက်ရောက်ရန် ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်မှ မြန်မာအမျိုးသားလေကြောင်း အထူးလေယာဉ်ဖြင့် မလေးရှားနိုင်ငံသို့ ထွက်ခွာရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညွှန့်ထွန်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ယာပုံ)**

နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များဖြစ်ကြသော ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးရဲထွဋ်၊ ဦးဇေယျာအောင်နှင့် တာဝန်ရှိသူများ လိုက်ပါလာသော လေယာဉ်သည် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ ၁၀ မိနစ်တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့သို့ ရောက်ရှိရာ မလေးရှားနိုင်ငံ အမျိုးသမီး၊ မိသားစုရေးရာနှင့် လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး YB Dato Sri Rohani Binti Abdul Karim နှင့် တာဝန်ရှိသူများ၊ မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဇော်မြင့်၊ သံရုံး၊ စစ်သံရုံးတို့မှဝန်ထမ်းများနှင့် မိသားစုများက ကွာလာလမ်ပူ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် Istana ဟိုတယ်သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**





**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား မလေးရှားနိုင်ငံ အမျိုးသမီး၊ မိသားစုရေးရာနှင့် လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး YB Dato Sri Rohani Binti Abdul Karim က ကွာလာလမ်ပူလေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။**
(ဓာတ်ပုံ- မြန်/ဆက်)

## ပထမအကြိမ်အာဆီယံနိုင်ငံ့ဝန်ထမ်း အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ငွေနှစ်ဆု၊ ကြေးတစ်ဆုရရှိ

**နေပြည်တော် နိုဝင်ဘာ ၂၀**

၂၀၁၅ ခုနှစ် ပထမအကြိမ် အာဆီယံနိုင်ငံ့ဝန်ထမ်းအားကစားပြိုင်ပွဲကို မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ နိုဝင်ဘာ ၁၅ ရက်မှ ၁၉ ရက်အထိ ကျင်းပခဲ့ပြီး အားကစားနည်း ငါးမျိုးထည့်သွင်းကျင်းပခဲ့ရာ မြန်မာနိုင်ငံမှဂေါက်သီးအားကစားနည်းနှင့် ဘိုးလင်းအားကစားနည်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့သည်။

ထိုသို့ဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့ရာ ဂေါက်သီးအသင်းလိုက်ပြိုင်ပွဲ၌ မြန်မာနိုင်ငံမှ ကစားသမား ရဲထက်က ရိုက်ချက် ၇၇ ချက်၊ မောင်မောင်ဦးက ရိုက်ချက် ၇၁ ချက်၊ ထွန်းလင်းလတ်က ရိုက်ချက် ၇၅ ချက်၊ အာကာကျော်က ရိုက်ချက် ၈၃ ချက်ဖြင့် ဒုတိယဆုကိုလည်းကောင်း၊ ဘိုးလင်းအမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဇော်လင်းထွန်းနှင့် အောင်ဝင်းတို့အတွဲက ဒုတိယဆုကို လည်းကောင်း၊ ဘိုးလင်းတံခွန်စိုက်အသင်းလိုက်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ တတိယဆုကို လည်းကောင်း ရရှိခဲ့ကြောင်း သိရသည်။ အောင်ပွဲရမြန်မာအားကစားအဖွဲ့ဝင်များသည် နိုဝင်ဘာ ၂၀ ရက်တွင်မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

# ၂၀၁၅ ခုနှစ် အာဆီယံစီးပွားရေးဆိုင်ရာ ဆုပေးပွဲအခမ်းအနားနှင့် ညစာစားပွဲကျင်းပ

**ကွာလာလမ်ပူ နိုဝင်ဘာ ၂၀**

၂၀၁၅ ခုနှစ် အာဆီယံစီးပွားရေးဆိုင်ရာ ဆုပေးပွဲအခမ်းအနားနှင့် ညစာစားပွဲအခမ်းအနားကို ယနေ့ ဒေသစံတော်ချိန် ည ၈ နာရီတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ Shangri-La ဟိုတယ်၌ကျင်းပရာ အာဆီယံနိုင်ငံများမှ ဝန်ကြီးများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဆုရရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ASEAN Business Advisory Council 2015 ဥက္ကဋ္ဌဖြစ်သူ Tan Sir Dato Dr. Mohd Munir Abdul Majid က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ဦးရဲထွဋ်တို့က ASEAN Business Award 2015 ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ASEAN Business Advisory Council 2015 ဥက္ကဋ္ဌက တက်ရောက်လာသူများအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

**(သတင်းစဉ်)**






၂၀၁၅ ခုနှစ် အာဆီယံစီးပွားရေးဆိုင်ရာဆုပေးပွဲ အခမ်းအနားအပြီး ဆုရရှိသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ (ပြန်/ဆက်)

ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ် ASEAN Business Advisory Council 2015 ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (ပြန်/ဆက်)

# ပူးပေါင်းဆောင်ရွက်မှုထက် ပေါင်းစည်းမှုကို အလေးပေးသည့် အာဆီယံအဖြစ် ပေါ်ထွန်းလာတော့မည်

**၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်တွင် အာဆီယံကို ပူးပေါင်းဆောင်ရွက်မှုထက်ပေါင်းစည်းမှုကိုပိုပြီး အလေးထားဖော်ဆောင်သွားမည့် အစီအစဉ်နှင့်စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်လင်းအား ဆက်သွယ်မေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်-**

**ဦးအောင်လင်း၊ အမြဲတမ်းအတွင်းဝန် နိုင်ငံခြားရေးဝန်ကြီးဌာန**



အာဆီယံထိပ်သီးအစည်းအဝေးကတော့ နိုဝင်ဘာ ၂၁ရက်နဲ့ ၂၂ ရက်မှာကျင်းပမှာဖြစ်ပါတယ်။ ဒီထိပ်သီးအစည်းအဝေးဟာအင်မတန်ကိုအရေးကြီးတဲ့အစည်းအဝေးဖြစ်ပါတယ်။ ဒီနှစ်ကုန်မှာ အာဆီယံကိုနိုင်ငံတကာက နေပြီးတော့အာဆီယံ အသိုက်အဝန်းကြီးဆိုပြီး ဖြစ်ပေါ်လာမှာကို မြင်တွေ့နိုင်မယ့်အတွက်ဖြစ်ပါတယ်။

မနှစ်တုန်းက ကျွန်တော်တို့နိုင်ငံ အာဆီယံဥက္ကဋ္ဌ တာဝန်ယူနေတဲ့ကာလအတွင်း နေပြည်တော်ကြေညာချက်ကို ကြေညာပြီး အာဆီယံအသိုက်အဝန်းကြီး ပေါ်ပေါက်လာတဲ့အခါကျရင် ဘာတွေလုပ်မယ်ဆိုတာနဲ့ နောက်ပိုင်းမှာ ပေါ်ပေါက်လာမယ့် အာဆီယံအသိုက်အဝန်းကြီးအတွက် အရေးကြီးတဲ့ အခြေခံအချက်အလက်ကို ရေးဆွဲပေးတဲ့ Central Element လို့ခေါ်တဲ့ အာဆီယံရဲ့ အနာဂတ်ကို ဖော်ဆောင်မယ့် အခြေခံအချက်အလက်တွေကို ကျွန်တော်တို့အနေနဲ့ နေပြည်တော်ကြေညာချက်ကနေ ကြေညာခဲ့ပါတယ်။

အဲ့ဒီကြေညာချက်ကို အခြေခံပြီး ဒီနှစ်ထဲမှာ အစည်းအဝေးများစွာကျင်းပပြီးတော့ ရတဲ့အချက်အလက်တွေကနေ အာဆီယံအသိုက်အဝန်းကြီးကို ထူထောင်မယ်၊ အာဆီယံအသိုက်အဝန်းထူထောင်ပြီးကာလမှာ ဘာတွေဆက်လုပ်မယ်ဆိုတဲ့ လမ်းပြမြေပုံကြီးကိုလည်း ဒီနှစ် အာဆီယံထိပ်သီး အစည်းအဝေးမှာ ကြေညာသွားဖို့ရှိပါတယ်။ အရေးကြီးတဲ့ ကွန်ဗင်းရှင်း သဘောတူညီချက်လက်မှတ်ထိုးဖို့လည်း ရှိပါတယ်။ အဲ့ဒါကတော့ လူကုန်ကူးမှုတားဆီးရေးနဲ့ပတ်သက်တဲ့ အာဆီယံကွန်ဗင်းရှင်းဖြစ်ပါတယ်။ အာဆီယံခေါင်းဆောင်ကနေပြီးတော့ အရေးတယူ ဆောင်ရွက်ရမယ့် အချက်အလက်တွေကို ဖော်ပြထားတဲ့ ကွန်ဗင်းရှင်းတစ်ခုကို အာဆီယံခေါင်းဆောင်တွေက လက်မှတ်ထိုးကြမှာဖြစ်ပါတယ်။

ကျွန်တော်တို့အနေနဲ့ အာဆီယံအသိုက်အဝန်းကြီး ပေါ်ပေါက်လာတဲ့အခါ မြန်မာနိုင်ငံဟာ ကျန်တဲ့နိုင်ငံတွေနည်းတူ ရည်မှန်းချက်တွေကို အကောင်အထည်ဖော်ဖို့အတွက် ပြင်ဆင်ထားပြီးဖြစ်ပါတယ်။

ဒါပေမယ့် ပေါ်ပေါက်လာမယ့် အာဆီယံဟာဆိုရင် အစိုးရအဖွဲ့အစည်းတွေနဲ့ပဲ ဆက်သွယ်နေတဲ့ အဖွဲ့အစည်းတစ်ခု မဟုတ်တော့ဘဲ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေ၊ လူမှုရေးအဖွဲ့အစည်းတွေ၊ အရပ်ဘက် လူ့အဖွဲ့အစည်းတွေ၊ ပြည်သူအချင်းချင်းကနေပြီးတော့ ဆက်သွယ်မယ့် အဖွဲ့အစည်းဖြစ်လာမယ့် အာဆီယံဖြစ်လာမှာပါ။ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ ရက်က စပြီးတော့ ပေါ်ပေါက်လာမယ့် အာဆီယံဟာဆိုရင် ပူးပေါင်းဆောင်ရွက်မှုထက် ပေါင်းစည်းမှုကို ပိုပြီးတော့ အလေးထားဆောင်ရွက်မယ့် အာဆီယံအနေနဲ့ နိုင်ငံတကာကနေသိလာမှာဖြစ်ပါတယ်။

**သတင်းအဖွဲ့**
**ဓာတ်ပုံ-ဇာနည်**

**❊ ကျောဖုံးမှ**

ဆောက်လုပ်ရန်အတွက် ဖောင်ဒေးရှင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားပြီဖြစ်သည့်တိုင် လုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ကာ ကန်တော်ကြီးအတွင်းရှိ မြေငါးဧကကိုနိုင်ငံတကာအဆင့်မီ ငါးပြတိုက်ဆောက်လုပ်ရန်အတွက် လုပ်ဆောင်လိုက်ခြင်းလည်းဖြစ်သည်။ ယခင် ကနဦး ငါးပြတိုက်မှာ ရေချိုငါးဥယျာဉ်သာဖြစ်ပြီး လက်ရှိ Myanmar Aquariums ကုမ္ပဏီလီမိတက်က ဆောက်လုပ်နေသော ငါးပြတိုက်မှာ ရေချို၊ ရေငန် နှစ်မျိုးနှစ်စား ပါဝင်သော ငါးပြတိုက်ဖြစ်လာမည်ဖြစ်သည်။

ထို့အပြင် မြန်မာနိုင်ငံ၏ မြောက်ဖျားဒေသဖြစ်သော မေခ၊ မလိခမြစ်များမှစီးဆင်းလာသည့် ရေချိုငါးအမျိုးအစားများ၊ ရခိုင်ကမ်းရိုးတန်းပင်လယ်ဒေသရှိ ငါးအမျိုးအစားများ၊ ဧရာဝတီမြစ်ရိုးတစ်လျှောက်ရှိ ငါးများကို အဆိုပါ Myanmar Aquariums ငါးပြတိုက်အတွင်း အများပြည်သူများ ကြည့်ရှုလေ့လာနိုင်ကြစေရန်အတွက် ထည့်သွင်းပြသသွားမည်ဖြစ်သည်။

Myanmar Aquariums ကုမ္ပဏီလီမိတက်မှ ဒါရိုက်တာ ဦးသိန်းဇော်က "လက်ရှိ ရှိနေတဲ့ ငါးလေးတွေကို ကျွန်တော်တို့က ထိန်းသိမ်းထားပါတယ်။

နဂိုမူလရှိနေတဲ့ ငါးပြတိုက်နေရာကိုဖျက်ပြီး အစအဆုံးပြန်ဆောက်လုပ်လိုက်တာပါ။ နောက်တစ်ခု တစ်မူထူးခြား တာကတော့ ဒီပြတိုက်မှာ နိုင်ငံတကာအဆင့်မီရေအောက်ဥမင်လည်း ပါလိမ့်မယ်။ အဲဒီတော့ လာရောက်ကြည့်ရှုကြတဲ့ပရိသတ်က ဥမင်ထဲ ဝင်ရောက် လျှောက်လည်နိုင်ကြပြီး တကယ့်ပင်လယ်ရေအောက်ရောက်သွားသလိုမျိုး ခံစားနိုင်အောင် ဆောင်ရွက်ထားပါတယ်"ဟု ပြောကြားသည်။

လက်ရှိ အနေအထားအရ Myanmar Aquariums ငါးပြတိုက်အတွက် ဖောင်ဒေးရှင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားပြီ ဖြစ်သည့်အတွက် လုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ကာ ငါးကန်များ ဆောင်ရွက်ရန်နှင့် ငါးများစုဆောင်းရန်အတွက် စီစဉ်လျက်ရှိကြောင်း သိရသည်။

ပြည်တွင်း ပြကွက်များအတွက် ပြည်တွင်းငါးများကို စုဆောင်းသွားမည်ဖြစ်ပြီး ပင်လယ်ငါးများစုဆောင်းရန်အတွက် ပြည်ပမှ မှာယူသွားမည်ဖြစ်သည်။ အဆောက်အအုံပုံစံသစ်မှာ Steel Structure နှစ်ထပ်ခွဲအမျိုးအစားဖြစ်ပြီး ငါးပြကွက်ပေါင်း ၂၀ ကျော်ကို ပါဝင်ပြသသွားမည်ဖြစ်သည်။ ပြည်တွင်းပြကွက်အတွက် ငါးအမျိုးအစားပေါင်းထောင်ချီပြသသွားမည်ဖြစ်ပြီး ပြည်ပပြကွက်အတွက်လည်း ထောင်ဂဏန်းမှသောင်းဂဏန်းအထိ အမျိုးအစားများ ထည့်သွင်းပြသသွားမည်ဖြစ်သည်။

နိုင်ငံတကာအဆင့်မီ Myanmar Aquariums ငါးပြတိုက်တည်ဆောက်ပြီးစီးပြီဆိုပါက လာရောက်ကြည့်ရှုကြမည့် လူဦးရေခန့်မှန်းချက်အရ တစ်ရက်လျှင် လူဦးရေ ၃၀၀၀ နီးပါး လာရောက်ကြည့်ရှုနိုင်ကြကြောင်း၊ လာရောက်ကြည့်ရှုကြမည့် ပြည်သူများအတွက် ငါးပြတိုက်အဝင်ဝ၌ ငါးအမျိုးအစားများ အကြောင်းနှင့် ပြကွက်များကို ရှင်းလင်း ပြောကြားပေးခြင်း၊ အချို့ငါးပြကွက်များရှိ ငါးများကို ကလေးငယ်များက ပျော်ရွှင်မြူးထူးစွာ ဆော့ကစားနိုင်အောင် စီစဉ်ထားခြင်းတို့ ပါဝင်ကြောင်း၊ အဆိုပါ နိုင်ငံတကာအဆင့်မီ Myanmar Aquariums ငါးပြတိုက်စီမံကိန်းကို ပြီးခဲ့သည့် ၂၀၁၄ ခုနှစ် နှစ်ဆန်းပိုင်းက စတင်အကောင်ထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

# မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

**ပေါင် နိုဝင်ဘာ ၂၀**

သထုံခရိုင် ပေါင်မြို့နယ် မှော်ဘီကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် လုပ်ငန်းများအကောင်အထည်ဖော်နေမှုကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သထုံခရိုင်ဦးစီးမှူး ဦးလှမျိုးဝင်း၊ မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများသည် နိုဝင်ဘာလ ဒုတိယပတ်က ပေါင်မြို့နယ် မှော်ဘီကျေးရွာသို့သွားရောက်ခဲ့ပြီး ကျေးရွာမြစိမ်းရောင်ကော်မတီဝင်များ၊ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလည်ပတ်ရန်ပုံငွေဖြင့် အိမ်ထောင်စုအလိုက်လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေ၊ တိုးတက်မှုနှင့်ငွေစာရင်းများ စနစ်တကျထည့်သွင်းထားမှုတို့ကို ကြည့်ရှုပြီး လုပ်ငန်းလိုအပ်ချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ခဲ့သည်။ မှော်ဘီကျေးရွာ၌ စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ကိုင်သူ ၁၁ ဦး၊ မွေးမြူရေးလုပ်ကိုင်သူ ၃၉ဦး၊ ရေလုပ်ငန်းလုပ်ကိုင်သူ ၂၄ဦး၊ အရောင်းအဝယ်လုပ်ကိုင်သူ ၂၃ ဦး၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ ၂၃ ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ကိုင်သူ ၂၂ ဦးရှိကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ထုတ်ပြန်ရန်ကျန်ရှိသော ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲရလဒ်များ ထုတ်ပြန်ကြေညာ

**နေပြည်တော် နိုဝင်ဘာ ၂၀**

ထုတ်ပြန်ရန်ကျန်ရှိသော ၂၀၁၅ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲရလဒ်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ယနေ့ ထုတ်ပြန်ကြေညာသည်။

အဆိုပါ ထုတ်ပြန်ကြေညာချက်အရ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် နှစ်နေရာအတွက် ကချင်ပြည်နယ် နောင်မွန်းမဲဆန္ဒနယ်ကိုယ်စားပြု ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ တစ်ဦး၊ ခေါင်လန်ဖူးမဲဆန္ဒနယ်ကိုယ်စားပြု လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ တစ်ဦးတို့ဖြစ်သည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် တစ်နေရာအတွက် ကချင်ပြည်နယ် အမှတ်(၁)မဲဆန္ဒနယ်ကိုယ်စားပြု တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ တစ်ဦးဖြစ်သည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နေရာအတွက် ကချင်ပြည်နယ် နောင်မွန်း(၁/၂)ကိုယ်စားပြု ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ နှစ်ဦး၊ ခေါင်လန်ဖူး(၁)ကိုယ်စားပြု လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ)မှ တစ်ဦး၊ ခေါင်လန်ဖူး(၂)ကိုယ်စားပြု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ တစ်ဦးတို့ဖြစ်သည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ကချင်ပြည်နယ်မှ ဗမာ၊ လီဆူ၊ ရှမ်း၊ ရဝမ် ကိုယ်စားပြု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ လေးဦးတို့ဖြစ်သည်။

သို့ဖြစ်၍ စုစုပေါင်း ထုတ်ပြန်ကြေညာပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၂၃ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၆၈ ဦး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၆၃၀ နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် (တိုင်းရင်းသားလူမျိုး) လွှတ်တော်ကိုယ်စားလှယ် ၂၉ ဦးတို့ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၉၂/ ၂၀၁၅)**
၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်
(၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်)

### ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာခြင်း

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၉(ခ)နှင့် အညီ ထုတ်ပြန်ကြေညာချက်များအရ ယင်းပုဂ္ဂိုလ်များသည် ၎င်းတို့နှင့်ယှဉ်တွဲပါ ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်များ၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြောင်း ကြေညာလိုက်သည်-

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **ကချင်ပြည်နယ်** | | | | |
| (၁) | ဦးဂျီဖုန်ဆားရ် | ၁/နမန(နိုင်)၀၀၀၃၄၃ | နောင်မွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၂) | ဦးအာမိုးဆီ | ၁/ပတအ(နိုင်)၀၃၀၃၆၀ | ခေါင်လန်ဖူး | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ) |

**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၉၃/၂၀၁၅)**
၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်
(၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်)

### အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာခြင်း

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ အောက်ဖော်ပြပါပုဂ္ဂိုလ်သည် ရွေးကောက်တင်မြှောက်ခံရသူဖြစ်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၉(ခ)နှင့် အညီ ထုတ်ပြန်ကြေညာချက်များအရ ယင်းပုဂ္ဂိုလ်သည် ၎င်းနှင့်ယှဉ်တွဲပါ အမျိုးသားလွှတ်တော် မဲဆန္ဒနယ်၏ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဖြစ်ကြောင်း ကြေညာလိုက်သည်-

| အမည် | မှတ်ပုံတင်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|
| **ကချင်ပြည်နယ်** | | | |
| ဦးဂျေယောဝူ | ၁/ပတအ(နိုင်) ၀၃၂၃၄၈ | အမှတ်(၁) | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ |

**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၉၄/ ၂၀၁၅)**
၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်
(၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်)

### တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာခြင်း

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၄၉(ခ)နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ ယင်းပုဂ္ဂိုလ်များသည် ၎င်းတို့နှင့်ယှဉ်တွဲပါ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များ၏ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြောင်း ကြေညာလိုက်သည်-

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **ကချင်ပြည်နယ်** | | | | |
| (၁) | ဦးချန်တန်ခင် | ၁/ နမန(နိုင်) ၀၀၃၇၆၃ | နောင်မွန်း(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၂) | ဦးမဘုဒဂုဏ် | ၁/ နမန(နိုင်)၀၀၃၄၀၆ | နောင်မွန်း(၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၃) | ဦးရွှေလေး | ၁/ခဘဒ(နိုင်)၀၀၁၈၇၆ | ခေါင်လန်ဖူး(၁) | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ) |
| (၄) | ဦးအားခီဆာ | ၁/ပတအ(နိုင်)၀၃၄၉၇၆ | ခေါင်လန်ဖူး(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၅) | ဦးခင်မောင်မြင့်(ခ) ဦးဒိတ် | ၅/ရဥန(နိုင်)၀၂၆၃၉၁ | ဗမာ တိုင်းရင်းသား | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၆) | ဦးအားတီယောဟန် | ၁/ပတအ(နိုင်)၀၂၈၉၁၅ | လီဆူ တိုင်းရင်းသား | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၇) | ဦးစိုင်းစိန်လင်း | ၁၂/မဂတ(နိုင်)၀၂၉၀၁၈ | ရှမ်း တိုင်းရင်းသား | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၈) | ဦးရန်နမ်းဖုန် | ၁/ပတအ(နိုင်)၀၀၆၅၇၄ | ရဝမ် တိုင်းရင်းသား | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |

**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ညအပူချိန်များ လျော့နည်းနိုင်

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

**(မိုး/ဇလ)**

◆ *ကျောဖုံးမှ*

အလုပ်ဆင်းခွင့်မရခြင်း၊ အလုပ်ရုံအတွင်း ဝင်ရောက်ခွင့်မပေးခြင်းနှင့် သတ်မှတ်ထားသော အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူစာချုပ်ကို ချုပ်ဆိုမှုမရှိခြင်း၊ ပြဋ္ဌာန်းထားသောဥပဒေအတိုင်း လိုက်နာဆောင်ရွက်မှုမရှိခြင်းတို့ကြောင့် စက်ရုံများ၌ မပြေလည်မှုများဖြစ်ပေါ်လျက်ရှိရာ ထိုစက်ရုံများ၌ လှိုင်သာယာစက်မှုဇုန်(၄)ရှိ NORTH SHORE အထည်ချုပ်စက်ရုံနှင့်နှစ်လကျော်ကြာအောင်ဆန္ဒထုတ်ဖော်လျက်ရှိသော LUCKY SHOE ဖိနပ်စက်ရုံ အလုပ်သမားတို့မှာ ဘဝရပ်တည်ရေးနှင့် စားဝတ်နေရေး အခက်အခဲများ ရင်ဆိုင်နေရကြောင်း သိရသည်။

"နိုင်ငံတော်က ပြဋ္ဌာန်းထားတဲ့ အချက် ၂၃ ချက်ထဲက အချက်တွေကို စက်ရုံကမလိုက်နာဘူး။ နှစ်ဦးနှစ်ဖက်အကျိုးအတွက် ညှိနှိုင်းပြီး အလုပ်လုပ်ချင်ပေမယ့် မန်နေဂျာအသစ်နဲ့အဆင်မပြေကြဘူး။ စက်ရုံထဲလည်း အဝင်မခံတာ ခုနစ်ရက်ရှိပြီ။ အလုပ်သမားချိုးဖောက်ရင် အလုပ်ရှင်ကတရားစွဲတာ ခံရတယ်။ အလုပ်ရှင် ဥပဒေမလိုက်နာရင် ဖိဖိစီးစီးဖြေရှင်းဆောင်ရွက်မှုအားနည်းတဲ့ အကျိုးဆက်ကို အလုပ်သမားတွေ ခံစားရတယ်။ အလုပ်သမား ၈၀၀ နီးပါးကို စက်ရုံထဲပေးမဝင်လို့ စက်ရုံ အပြင်မှာနေရတာ ခုနစ်ရက်ရှိပြီ။ ပြန်မကျတဲ့ ကုန်ဈေးနှုန်းနဲ့ ဝင်ငွေမဲ့တဲ့ဒဏ်ကို ရေရှည်အလုပ်သမားတွေ ခံနိုင်မှာမဟုတ်ဘူး"ဟု NORTH SHORE စက်ရုံမှ အလုပ်သမားကိုယ်စားလှယ်ကိုရဲသူရက ပြောသည်။

ဂျာမနီနိုင်ငံသို့ အားကစားဝတ်စုံမျိုးစုံပို့ဆောင်လျက်ရှိသော NORTH SHORE စက်ရုံ၌ စက်ရုံလုပ်သား ၁၃၀၀ ကျော်ရှိပြီး လုပ်ခလစာသတ်မှတ်ပြီးနောက်ပိုင်း အလုပ်သမား ၂၀၀ ကျော်ကို အလုပ်ထုတ်ခဲ့ကြောင်း အလုပ်သမား ၃၀၀ ခန့်ဖြင့်သာ လုပ်ငန်းလည်ပတ်လျက်ရှိပြီး ကျန်ရှိသောအလုပ်သမား ၈၀၀ နီးပါးတို့မှာ အလုပ်မဆင်းရဘဲ အိမ်ပြန်နေရသည်မှာ တစ်ပတ်ရှိပြီဖြစ်ကြောင်း၊ အဆိုပါကိစ္စနှင့်ပတ်သက်၍ စက်ရုံမန်နေဂျာ၊ စက်ရုံမှူးနှင့် တွေ့ဆုံမေးမြန်းခွင့်တောင်းရာ ပြန်လည်ဖြေကြားခြင်းမရှိခဲ့ပေ။

ထိုစက်ရုံမှ အလုပ်သမားများက EC စာချုပ်ကို ပြဋ္ဌာန်းထားသော ဥပဒေနှင့်အညီ ချုပ်ဆိုပေးရန်၊ ခုံသမာဓိကောင်စီမှ ပြန်လည်ခန့်အပ်ရန်အမိန့်ချထားသော အလုပ်သမား ၂၃ ဦးအား ပြန်လည်ခန့်အပ်ပေးရန်၊ လုပ်သက်ကြေး/ကျွမ်းကျင်ကြေးကို ယခင်အတိုင်းခံစားခွင့်ပေးရန် စသည့် အချက်သုံးချက်ကို တောင်းဆိုထားကြောင်း သိရသည်။

အဆိုပါ စက်ရုံထက်စောပြီး အလုပ်ရှင် အလုပ်သမားပြဿနာဖြစ်ပွားနေသောစက်ရုံမှာ စက်မှုဇုန် (၄) မင်းကြီးမဟာမင်းခေါင်လမ်းရှိ LUCKYSHOE ဖိနပ်စက်ရုံဖြစ်ပြီး ဩဂုတ် ၃၀ ရက်မှစ၍ ယနေ့ထိ အလုပ်ရှင်၊ အလုပ်သမား ဖြေရှင်းဆောင်ရွက်မှု မပြုလုပ်နိုင်သေးပေ။

"စက်ရုံကတစ်နေ့ကို ဖိနပ်အရန် ၁၈၅၀ သတ်မှတ်ပြီး ထုတ်လုပ်ခိုင်းတယ်။ အရင်တုန်းက အိုတီချိန်ခေါ်ပြီး ရေသောက်၊ အပေါ့အပါးသွားရင် စကားပြန်တွေရဲ့ အော်ဟစ်တာကို ခံခဲ့ရတာ။ ဖိနပ်ပုံစံတစ်ခုကိုကြည့်ပြီး ဝိုင်းဝန်းဆွေးနွေးအကြံဉာဏ်တောင်းလုပ်ကိုင်မယ်ဆိုရင် ဒီလိုဖြစ်လာမှာမဟုတ်ဘူး။ စက်ရုံစဖွင့်ကတည်းက အနစ်နာခံပြီး အိုတီချိန် နှစ်နာရီစာမပေးလည်း သည်းခံပြီးစက်ရုံအတွက် လုပ်လာတဲ့မျက်နှာတွေကို ထောက်သင့်ပါတယ်။ နှစ်လကျော်လစာမရှိ၊ အလုပ်မရှိ ချေးငှားထားတဲ့ငွေကို ပြန်ဆပ်ဖို့ စိတ်ပူနေရကြတယ်။ အလုပ်ရှင်အလုပ်သမား မျှမျှတတ လက်တွဲလုပ်ဆောင်ခွင့်မရဘဲ အခြေအနေ ဒီ့ထက်ဆိုးလာရင် အလုပ်သမားတွေအတွက် မတွေးဝံ့အောင်ပဲ"ဟု လပ်ကီးရှူးဖိနပ်စက်ရုံမှ အလုပ်သမားကိုယ်စားလှယ် မစန္ဒာအောင်ကပြောသည်။

"အရန်ရေလျှော့ချပေးဖို့က ပြောဖို့ခက်တယ်။ ဖိနပ်လုပ်ငန်းကို ထဲထဲဝင်ဝင် လုပ်ကိုင်တတ်တဲ့သူသာ လိုင်းပေါင်း ၂၄ လိုင်းမှာ အဆင့်ပေါင်း ဘယ်လောက်နဲ့ လုပ်ကိုင်ရတာကို သိမှာပါ။ လက်ခစားစက်ရုံဖြစ်တဲ့အတွက် အရန်ရေဘယ်လောက်ထွက်ရင် စက်ရုံလည်ပတ်နိုင်တယ်ဆိုတဲ့ Ticket ရှိတယ်။ ခက်ရင်အရန်ရေနည်းမယ်၊ လွယ်ရင်အရန်ရေများမယ်။ နိုင်ငံခြားသားပညာရှင်၊ အောလ်ဆူပါ၊ ဆူပါနဲ့ အလုပ်သမားကိုယ်စားလှယ်တွေစုပေါင်းပြီး တစ်နေ့ဖိနပ်ရန် ဘယ်လောက် ထုတ်နိုင်မယ်ဆိုတာ ညှိနှိုင်းစေချင်တယ်"ဟု ယာယီမန်နေဂျာ တာဝန်ယူထားသော အောလ်ဆူပါ ဒေါ်သူဇာဝင်းအား တွေ့ဆုံမေးမြန်းရာတွင် ပြောသည်။

ဖိနပ်စက်ရုံရှေ့ ရေမြောင်းအတွင်း နှစ်ချီကြာမြင့်နေပြီဖြစ်သော စွန့်ပစ်ပစ္စည်းများမှ မွန်းတည့်နေ၏ အပူရှိန်ကြောင့် ဆိုးရွားသော အနံ့အသက်များထွက်ပေါ်လျက်ရှိပြီး ထိုမြောင်းနံဘေး၌ ထိုးထားသော မိုးကာတဲအောက်တွင် မရေရာသော အနာဂတ်နှင့်အတူ စက်ရုံအလုပ်သမားများမှာ တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။ ထိုစက်ရုံ၌ အလုပ်သမား ၃၂၀ ရှိပြီး ခုံသမာဓိ၏ ဆုံးဖြတ်ချက်ကို စောင့်ဆိုင်းနေကြောင်း၊ ခုံသမာဓိမှ ဆုံးဖြတ်ချက်ကို စက်ရုံမှမကျေနပ်၍ ခုံကောင်စီသို့ဆက်တက်ပါက အလုပ်သမားများကလည်း မိသားစုဘဝ ရပ်တည်ရေးအတွက် ဆက်တက်ရမည်ဖြစ်ကြောင်း အလုပ်သမားကိုယ်စားလှယ် ကိုသီဟက ဆိုသည်။

လချီ ကြာမြင့်လာပြီဖြစ်၍ အခက်အခဲများ ရင်ဆိုင်နေရသော LUCKY SHOE ဖိနပ်စက်ရုံမှဆန္ဒထုတ်ဖော်နေသော အလုပ်သမား ၁၂၀ ကျော်အတွက် NORTH SHORE အထည်ချုပ်စက်ရုံမှ ဆန္ဒထုတ်ဖော်နေသော အလုပ်သမားများက ဘဝတူ အလုပ်သမားချင်း ကိုယ်ချင်းစာကာ တစ်နေ့တာ စားသောက်စရိတ်ကုန်ကျငွေကို ပံ့ပိုးကူညီခဲ့ကြောင်းလည်း သိရသည်။

လကုန်ရက်နီးလာပြီဖြစ်၍ နယ်သို့ငွေပို့ရန်မစဉ်းစားနိုင်ဘဲ လကုန်ပြီးငါးရက်တွင် ပေးဆပ်ရမည့် အကြွေးစာရင်းများကိုသာ မြင်ယောင်နေကြသည်ထင်သည်။ ထမင်းဝိုင်းတို့က တိတ်ဆိတ်လျက်ရှိလေသည်။

# မြေပြိုကျသဖြင့် အင်းတော်နှင့်ဗန်းမောက် ကူးလူးဆက်ဆံနေသည့် ခရီးသွားများအခက်ကြုံ

**အင်းတော် နိုဝင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် အင်းတော်နှင့် ဗန်းမောက်သွားသည့် ကားလမ်းမိုင်တိုင်အမှတ်(၂၀/၃)နှင့် (၁၉/၇)ကြားတွင်ရှိ မြေပြိုမြေကျွံကျသည့်နေရာ၌ နိုဝင်ဘာ ၂၀ရက် မွန်းလွဲ ၂နာရီမှ ညနေ ၃ နာရီခွဲအထိ အင်းတော်ဘက်မှ ဗန်းမောက်ဘက်တို့သွားသော ကုန်တင်ကားတစ်စီးသည် ယင်းနေရာ၌မြေကျွံကာ လမ်းများပိတ်ဆို့ခြင်းများ ဖြစ်ပေါ်ခဲ့သောကြောင့် လမ်းပိတ်ဆို့မှုကြုံတွေ့ရင်ဆိုင်ခဲ့ကြရကြောင်း သိရသည်။

ယင်းကြုံတွေ့ရင်ဆိုင်ရသောနေရာသည် တစ်ကျော့ပြန်မြေကျွံ၍အင်းတော်အင်းဘက်သို့ အရှေ့မှအနောက် တဖြည်းဖြည်း နေ့စဉ်ရွေ့လျားလျက်ရှိနေသောနေရာဖြစ်သည်။ ယင်းနေရာသည် နိုဝင်ဘာ ၁၈ရက်တွင် တစ်ကျော့ပြန်ဒုတိယအကြိမ်မြေကြောပြတ်ကာ တောင်မြေကြီးများ ရွေ့လျားနေသောနေရာဖြစ်သည်။ ထိုနေရာတွင် သဘာဝဘေးအန္တရာယ်ကျရောက် ဖြစ်ပေါ်သောကြောင့် ကားလမ်းများမှာ ချွတ်ယွင်းပျက်စီးလာကာ လမ်းပိတ်ဆို့မှုမကြာခဏ ဖြစ်ပွားနေကြောင်း သိရသည်။ **သန်းမောင်လေး(ကချင်မြေ)**





# ဂုဏ်ယူဝမ်းမြောက်ကြောင်း

၂၀၁၅ခုနှစ် နိုဝင်ဘာလ ၂၀ရက်တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပပြုလုပ်ခဲ့သော (၂၇)ကြိမ်မြောက် အာဆီယံနှစ်ပတ်လည် ထိပ်သီးအစည်းအဝေးပွဲ၏ ASEAN Winner for ASEAN Business Awards 2015 အာဆီယံစီးပွားရေးထူးချွန်ဆုချီးမြှင့်ပွဲတွင် မြန်မာနိုင်ငံမှ အောက်ပါစီးပွားရေးလုပ်ငန်းရှင်များမှ ထိုက်ထိုက်တန်တန် ဆုချီးမြှင့်ခြင်းခံကြရခြင်းအတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဖော်ပြအပ်ပါသည်။

- **ASEAN Woman Entrepreneurs Award ပထမဆု**
  Kanbawza Bank Limited နှင့် KBZ Group of Companies ၏ ဒုတိယဥက္ကဋ္ဌ
  သီဟသုဓမ္မသီဂီ၊ သီရိသုဓမ္မသီဂီ၊ အဂ္ဂမဟာသီရိသုဓမ္မသီဂီ ဒေါ်နန်းသန်းထွေး-
  လူမှုထူးချွန်ပထမဆင့်
- **ASEAN Young Entrepreneurs Award ပထမဆု**
  Myanma Awba Group ၏ Managing Director ဦးသတိုးဟိန်းနှင့်
- **ASEAN Priority Integration Sector e-ASEAN Category**
  Myanmar Information Technology Pte.Ltd ၏ Founder & Chief Executive Officer
  ဒေါက်တာထွန်းသူရသက်
- **ASEAN Priority Integration Sector Tourism Category**
  Myanmar Voyages International Co.,Ltd. ၏ Managing Director ဦးသက်လွင်တိုး

ယခုကဲ့သို့ ထူးချွန်ဆုရရှိသည်ထက် ပိုမိုတိုးတက်အောင်မြင်ပါစေကြောင်း၊ နိုင်ငံတော်နှင့်ပြည်သူများ အကျိုးစီးပွားအတွက်လည်း ပိုမိုထောက်ကူ အကျိုးပြုနိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)**

# ကျောက်မျက်ရိုင်းနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချရန် စည်းဝေး

**နေပြည်တော် နိုဝင်ဘာ ၂၀**

မြန်မာ့ ကျောက်မျက်ရိုင်းနှင့် ကျောက်စိမ်းအသား ကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲကို ဒီဇင်ဘာ ၇ ရက်မှ ၁၃ ရက်အထိ နေပြည်တော် မဏိရတနာ ကျောက်စိမ်းခန်းမ၌ ပြသရောင်းချရန် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ ပထမအကြိမ် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးတွင် မြန်မာ့ ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်က နိုင်ငံသား ကျောက်မျက်ရတနာ အချောထည် လုပ်ငန်းရှင်များ ကုန်ကြမ်းပြတ်လပ်မှုမရှိစေရေး၊ အချောထည်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေး၊ နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ရေး၊ ပြည်ပသို့ တရားမဝင် ထုတ်ဆောင်ရောင်းချခြင်းများ တားဆီးနိုင်ရေးနှင့် တူးဖော်ရေးလုပ်ငန်းရှင်များ ငွေကြေးလည်ပတ်မှုကို အထောက်အကူဖြစ်စေနိုင်ရေးအတွက် ရည်ရွယ်၍ နိုင်ငံသား လုပ်ငန်းရှင်များကိုသာ တက်ရောက် ဝယ်ယူခွင့်ပြုမည်ဖြစ်သည်။ မြန်မာနိုင်ငံမှ ထွက်ရှိတဲ့ ကျောက်စိမ်းနှင့် ပတ္တမြားရတနာများသည် ကမ္ဘာပေါ်၌ အရည်အသွေးကောင်းမွန်ပြီး ကျောက်မျက်သယံဇာတ၏ သဘောသဘာဝမှာ ပြန်လည် အစားထိုးမရနိုင်သည့် သယံဇာတများဖြစ်၍ ဈေးကွက်အခြေအနေအရ ဝယ်လိုအားနှင့် ရောင်းလိုအား ချင့်ချိန်တွက်ဆပြီး ဈေးကောင်းရရှိရေး ကျောက်အတွဲအရေအတွက် ထိန်းချုပ်ရောင်းချနိုင်ရန်လိုကြောင်း၊ ၂၀၁၄ ခုနှစ် ဇူလိုင်လတွင် မြန်မာနိုင်ငံသည် EITI အဖွဲ့ဝင်လောင်းနိုင်ငံ ဖြစ်လာသဖြင့် နိုင်ငံ့တွင်းထွက် ကျောက်မျက်ရတနာ သယံဇာတများကို နိုင်ငံတကာစံနှုန်းများနှင့်အညီ တူးဖော်ထုတ်လုပ်ရေး၊ ဈေးကွက်ရရှိရေးနှင့် သတ်မှတ်အခွန်အခများ ပေးသွင်းရေးတို့ကို ပွင့်လင်းမြင်သာစွာ ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းရှင်များကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုကြောင်း၊ ယခုကျောက်မျက်ရောင်းချပွဲတွင် ကျောက်မျက်ရတနာများကို ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအရ ကျောက်တွဲများ၏ အခြေခံဈေးနှုန်းသတ်မှတ်ရာတွင် ပေးဆောင်ရမည့်အခွန်ကို ထည့်သွင်း တွက်ချက်သွားရန်နှင့် ဝယ်ယူသူများကလည်း အခွန်အခ အပါအဝင် ဝယ်ယူကြရမည်ဖြစ်ပါကြောင်း၊ ယခင် ကျောက်မျက်ရောင်းပွဲများထက် ပိုမိုကောင်းမွန်အောင် လုပ်ငန်းကော်မတီ အသီးသီးက ခင်းကျင်းပြသသွားရန် မှာကြားလိုကြောင်း ပြောကြားခဲ့ပြီး လုံခြုံရေးရာ လုပ်ငန်းကော်မတီ၊ ဘဏ္ဍာရေး လုပ်ငန်းကော်မတီ၊ ကျောက်မျက် လုပ်ငန်းကော်မတီ၊ စီမံရေးရာ လုပ်ငန်းကော်မတီတို့မှ တာဝန်ရှိသူများက ဆွေးနွေးခဲ့ကြသည်။

ဒီဇင်ဘာ ၇ ရက်နှင့် ၈ ရက်များတွင် ကျောက်တွဲကြည့်ရှုစစ်ဆေးခွင့်ပေးပြီး ဒီဇင်ဘာ ၉ ရက်တွင် တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ရာ ရောင်းချပွဲအတွက် ကျောက်မျက်ရိုင်းနှင့် ကျောက်စိမ်းအတွဲများကို နိုဝင်ဘာ ၅ ရက်မှ ၂၆ ရက်အထိ ကျောက်တွဲပေါင်း ၇၀၇၃ တွဲ (ငွေကျပ် သန်း ၃၀၀ ဖိုး) လက်ခံရောင်းချရန် လျာထားကြောင်း သိရသည်။

**(သတင်းစဉ်)**

## သတင်းတို

### ဇလွန်မြို့နယ်မှ ရေဘေးသင့်၍ ပျက်စီးနေအိမ် မိသားစုများအား ထောက်ပံ့ငွေပေးအပ်

**ဇလွန် နိုဝင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်၌ ရေဘေးသင့်၍ ပျက်စီးနေအိမ်မိသားစုများအား ထောက်ပံ့ငွေပေးအပ်ပွဲကို မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌ နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းက ကျင်းပရာ ဇလွန်မြို့နယ်အတွင်း ရေဘေးသင့်၍ ပျက်စီးခဲ့သော ကျေးရွာပေါင်း ၁၆ ရွာမှ လုံးဝပျက်စီးခဲ့သော နေအိမ် ၂၅၅ လုံးနှင့် တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့သောနေအိမ် အလုံး ၃၄၀ တို့အတွက် ထောက်ပံ့ငွေကျပ် ၄၆၇၅၀၀၀၀ ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဆန်းဝင်းက သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများထံသို့ ပေးအပ်ခဲ့ပြီး ရပ်/ကျေး အုပ်ချုပ်ရေးမှူးများကလည်း ရေဘေးသင့် ပျက်စီးနေအိမ် မိသားစုများထံသို့ နေ့ချင်းပြီး ထောက်ပံ့ငွေများကို ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# လိုင်စင်မဲ့အုတ်ဖုတ်လုပ်ငန်းများကြောင့် စိုက်ပျိုးတောင်သူများအခက်တွေ့



**မြင်းမူ နိုဝင်ဘာ ၂၀**

မြင်းမူမြို့ပေါ်ရပ်ကွက်များ၌ စိုက်ပျိုးရေးဖြင့် အသက်မွေးသူတောင်သူဦးရေ နည်းပါးသည်။ ထိုကဲ့သို့ စိုက်ပျိုးမြေနည်းသည့်အထဲတွင် အုတ်ဖုတ်လုပ်ငန်းများ၏ စည်းကမ်းမဲ့မှုကြောင့် သဘာဝမြေဆီလွှာများ ပျက်စီးဆုံးရှုံးရသည်။ ရေတိုက်စားမှုများပြောင်းလဲပြီး ပတ်ဝန်းကျင်ရှိသဘာဝသစ်ပင်များလည်း ပျက်စီးလာသည်။ မြေအောက်ရေလည်း ခန်းခြောက်ခဲ့ရကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်များက ပြောကြားသည်။

ထို့ကြောင့် မြင်းမူမြို့ အနောက်ပိုင်းရပ်ကွက်နှင့် မြစ်ပေါက်ရွာကြားရှိ တောင်သူများအတွက် စိုက်ပျိုးမှုအခက်အခဲများနှင့်ကြုံတွေ့ရပြီး သီးနှံအထွက်နည်းကာ ဝင်ငွေနည်းပြီး စီးပွားရေးများ ထိခိုက်လာသည်။

"ကျွန်တော်တို့မှာ နှစ်တိုင်း အုတ်ဖုတ်တဲ့သူတွေက မြေကို အနက်ကြီးတွေတူးတော့ စိုက်ပျိုးရေးအတွက် အခက်အခဲတွေ့ရတယ်။ ကျွန်တော်တို့က ဘယ်လိုပဲတောင်းပန်တားမြစ်ပေမယ့် သူတို့က မလျှော့ဘူး။ ဒီတော့ ကျွန်တော်တို့ စီးပွားရေးထိခိုက်တယ်" ဟု ပြောင်းစိုက်တောင်သူတစ်ဦးက ပြောသည်။

"ကျွန်တော့်စိုက်ခင်းပတ်ပတ်လည်ဆိုရင် အုတ်ဖုတ်တဲ့လူတွေက လိုင်စင်မရှိဘဲ မြေတွေကို ခွင့်ပြုချက်မဲ့ လာတူးကြတယ်။ သက်ဆိုင်ရာကိုတိုင်တော့လည်း ကျွန်တော့်ကိုသာ နှစ်သိမ့်ထားကြတယ်။ အဲဒီအုတ်ဖုတ်တဲ့သူတွေကတော့ နောက်မဆုတ်ဘဲ လုပ်မြဲလုပ်နေကြတော့တာပဲ" ဟု ပဲစိုက်တောင်သူတစ်ဦးက ပြောသည်။

ထို့ကြောင့် နိုင်ငံတော်က ဆောင်ရွက်နေသည့် ဆင်းရဲနွမ်းပါးမှုပပျောက်ရေး၊ စိုက်ပျိုးရေးအတွက် မြေအောက်ရေများ၊ မြစ်ရေတင်စီမံကိန်းများအောင်မြင်ရေးနှင့် ကမ္ဘာကြီးပူနွေးလာမှုကို ထိန်းသိမ်းနိုင်ရေးတို့အတွက် လိုင်စင်မဲ့လုပ်ငန်းများကို အချိန်မီတားဆီးသင့်ကြောင်း ဒေသခံများက မျှော်လင့်နေကြသည်။

**(၀၇၉)**

# နိုဝင်ဘာ ၂၀ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၂၀ ရက် (သောကြာနေ့) ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်) ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
|---|---|---|---|---|---|
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၃၅၀၀ မှ ၅၁၀၀၀ |
| ၂ | ဇီရာ/ညှော့မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၁၀၀၀ မှ ၂၆၀၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၁၀၀၀ မှ ၂၃၀၀၀ |
| ၄ | မြိုးတုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၀၀၀ မှ ၂၉၀၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၇၀၀၀ မှ ၂၈၀၀၀ |
| ၆ | ပေါ်ဆန်း(ဆန်သစ်) | နယ်စုံ | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၅၅၀၀ မှ ၂၈၅၀၀ |
| ၇ | မိုးသုခ(ဆန်သစ်) | နယ်စုံ | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၇၀၀၀ မှ ၂၈၀၀၀ |
| ၈ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၂၇၅၀၀၀ |
| ၉ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ ရွှေဝါ၊ ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၁၀၀ မှ ၂၅၀၀ |
| ၁၀ | ကြက်သွန်နီ | ဆိပ်ဖြူ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၄၅၀ မှ ၃၁၅၀ |
| ၁၁ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၅၇၅ မှ ၂၆၀၀ |
| ၁၂ | ကြက်သွန်ဖြူ | တောင်ကြီး၊ အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၈၀၀ မှ ၃၄၀၀ |
| ၁၃ | အာလူး | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၆၇၀ မှ ၈၃၀ |
| ၁၄ | ဆီးသီး | | တစ်တာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၆၅၀၀ |
| ၁၅ | ထောပတ်သီး | | တစ်တာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၃၀၀၀ |
| ၁၆ | ဩဇာသီး | | တစ်တာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၃၈၀၀ |
| ၁၇ | လိမ္မော်သီး | | တစ်ပိဿာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၀၀၀ မှ ၁၃၀၀ |

လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။

**နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်**

တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားသည်။

**သမဝါယမကောလိပ်(ဖောင်ကြီး)၏(၁၉၉၄ ခုနှစ်မှ ယနေ့အထိ) ဆဋ္ဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ**

သမဝါယမကောလိပ်(ဖောင်ကြီး)ကျောင်းသားကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ် မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၅ခုနှစ် ဒီဇင်ဘာလ ၂၀ရက် (တနင်္ဂနွေနေ့)နံနက် ၁၀း၃၀နာရီတွင် သမဝါယမကောလိပ်(ဖောင်ကြီး)Domeခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသောကြောင့် အလှူငွေများကို အောက်ပါစာရင်းအမှတ်နှင့် ကျောင်းသားကျောင်းသူများထံ ဆက်သွယ်လှူဒါန်းနိုင်ပြီဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
၁။ CB Bank 1 (ကျိုက်ဝိုင်းဘုရားလမ်းခွဲ)
စာရင်းအမှတ်(0084 600 10000 9407)
၂။ ကိုစိုးဝင်းသိန်း-မခိုင် ဖုန်း-၀၉-၅၀၁၂၈၅၈
၃။ ကိုမိုး-မမိုး ဖုန်း-၀၉-၅၁၀၄၃၄၉
၄။ ကိုအောင်မိုးဆွေ(ခ)မှန်ကြီး ဖုန်း-၀၉-၄၃၁၇၁၁၆၈
၅။ မခင်သန်းငွေ ဖုန်း-၀၉-၂၅၀၄၅၂၂၃၁
၆။ ကိုမြတ်လင်းကို ဖုန်း-၀၉-၂၅၄၀၀၃၀၃၆
၇။ မနှင်းနှင်းအေး ဖုန်း-၀၉-၅၃၉၃၂၇၈

**Best Care Travel Myanmar Co.,Ltd**
**မှ ပြည်တွင်း (Package) ခရီးစဉ်များစပြီ**
ထွက်ရက်များ Nov-24, 27, Dec - 4, 11, 18, 24,
၁။ တောင်ကြီး၊ အင်းလေး၊ ပင်းတယ - ၃ ည ၄ရက်
၂။ ပုဂံ-စွယ်တော်လေးဆူ၊ ညောင်ဦး - ၃ ည ၄ ရက်
၃။ မန္တလေး-ပြင်ဦးလွင်၊ စစ်ကိုင်း၊ မင်းကွန်း - ၂ ည ၃ ရက်
၄။ ထားဝယ်(ရှင်ကိုးရှင်)၊ မောင်းမကန်၊ မျှော်ရစ်ဘုရား - ၄ ည ၅ ရက်
၅။ မော်လမြိုင်၊ ကျိုက္ကမီ၊ စက်စဲ - ၁ ည ၂ ရက်
(ဟိုတယ်တွင်သာတည်းခိုမည်၊ ခရီးစဉ်အားလုံးအတွက် ကားမျိုးစုံ စင်လုံးငှားဆောင်ရွက်ပေးသည်)
"ကုမ္ပဏီ" နှင့် "မိသားစု" သီးသန့်စီစဉ်ပေးသည်။
01 552587, 559160, 552590, 09-43202858, 09 781994482

**ဆေးပညာဆွေးနွေးပွဲ ဖိတ်ကြားခြင်း**

ဆေးတက္ကသိုလ်(၁) ကျောင်းသူ/ကျောင်းသားဟောင်းများအသင်း (University of Medicine - 1 Alumni Association)မှ ကြီးမှူးကျင်းပမည့် **Panel Discussion** အစီအစဉ်ကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူ မည်သူမဆို အခမဲ့ တက်ရောက်နိုင်ပါကြောင်း လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ပါဝင်ဆွေးနွေးမည့်ပုဂ္ဂိုလ်များ**

| Panelist | Panelist | Panelist | Panelist |
|---|---|---|---|
| ပါမောက္ခ | ပါမောက္ခ | ပါမောက္ခ | ပါမောက္ခ |
| ဦးအေးမောင်ဟန် | ဒေါ်ကြူကြူခင် | ဦးစောဝင်း | ဦးရဲမြင့်ကျော် |

**ဆွေးနွေးမည့်အကြောင်းအရာ**
- **Polio ending**
- **အမေးအဖြေကဏ္ဍ**

နေ့ရက် ။ ။ ၂၉-၁၁-၂၀၁၅ (တနင်္ဂနွေ)
အချိန် ။ ။ မနက် ၉း၀၀ နာရီမှ ၁၂း၀၀ နာရီအထိ
နေရာ ။ ။ ဇီဝကခန်းမ၊ ဆေးတက္ကသိုလ်(၁)၊ လမ်းမတော်

**ပြင်ဆင်ဖတ်ရှုပါရန်**

၂၀-၁၁-၂၀၁၅ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၂၆)ပါ မောင်ကျော်သူလွင်နှင့် မသီရိအောင်တို့၏ စေ့စပ်ကြောင်းလမ်း မင်္ဂလာ ဖိတ်ကြားလွှာ ကြော်ငြာတွင် ခေါင်းစဉ်စာသားအား စေ့စပ်ကြောင်းလမ်း ပြီးစီးခြင်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်ရဲပြည့်အောင် ၉/တကန(နိုင်)၁၃၂၃၀၆ ၏ နိုင်ငံကူး လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၃၁၀၀၆၇၃၇

**ပျောက်ဆုံးကြောင်း**

ကျွန်တော်များ ဗစ်တိုးရီးယား အင်တာ တိန့်မဲင့်(တ်)ရီဆို့(တ်)ကလပ်(ဘ်) လီမိတက်၏ ထုတ်ကုန်၊ သွင်းကုန် လိုင်စင် အမှတ် [၉၃၆၄ (၃-၈-၉၈)] ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။
ဖုန်း-၀၁-၂၃၀၅၅၀၅
၀၉-၄၂၁၁၇၄၀၉၄

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 2A/2638 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန(ရွာသာကြီး)

# အချုပ်သားနှစ်ဦးက ရုံးရမန်ရယူပြီး ကားနှင့်အပြန် ရဲအုပ်တစ်ဦးကို ဓားစာခံအဖြစ်ဖမ်းဆီးခေါ်ဆောင်

**သာစည် နိုဝင်ဘာ ၂၀**

မိတ္ထီလာခရိုင် သာစည်ရဲစခန်းမှ ရဲအုပ်တစ်ဦးနှင့်အတူ မူးယစ်ဆေးဝါးမှုဖြင့် အချုပ်သားနှစ်ဦးကို မိတ္ထီလာအကျဉ်းထောင်သို့ ပြန်ပို့စဉ် အချုပ်သားနှစ်ဦးက ကားနှင့်အတူ ရဲအုပ်တစ်ဦးကို ဓားစာခံအဖြစ် ခေါ်ဆောင်ထွက်ပြေးသွားမှုတစ်ခု နိုဝင်ဘာ ၁၉ ရက်က သာစည်မြို့နယ်၌ ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၁ ရက်က နေပြည်တော်ပေါင်းလောင်း မူးယစ်စစ်ဆင်ရေးမှ ဒုတိယရဲမှူးဝင်းလှိုင် ဦးစီး၍ သာစည်မြို့နယ်ရဲစခန်းမှ ရဲအုပ်အောင်ကျော်သိန်းနှင့် အသိသက်သေများသည် သာစည်မြို့နယ် ကျွဲတပ်ဆုံရွာအနီး မိတ္ထီလာ-တောင်ကြီးသွားကားလမ်း မိုင်တိုင်အမှတ်(၃၀/၇)အနီးမှ သတင်းအရ တောင်ကြီးမှ မိတ္ထီလာဘက်သို့ လဲချားမြို့နယ် နောင်လုံရွာ နေစိုင်းပန်(၂၄ နှစ်) မောင်းနှင်၍ ယာဉ်နောက်လိုက် ထွန်းဝင်း(ခ)အိုက်ဝန်း(၃၂ နှစ်) ညောင်ရွှေမြို့နယ် ကျောက်တိုင်ရွာနေသူတို့ မောင်းနှင်လာသော တိုယိုတာကိုရိုလာ ခဲရောင်ကို ရှောင်တခင် စစ်ဆေးခဲ့သည်။

ထိုသို့ စစ်ဆေးရာ ကားနောက်ခန်း ဝဲယာအံ့ဝှက်အတွင်း ဝှက်ယူလာသော မူးယစ်ဆေးပြား ၇၀၀၀ (ကာလတန်ဖိုး ငွေကျပ်သိန်း ၂၁၀၀) ငွေကျပ် ၂၀၀၀၀၀၊ လက်ကိုင်ဖုန်းနှစ်လုံးတို့ကို ရှာဖွေတွေ့ရှိသဖြင့် ရဲအုပ်မြင့်သွင်က တရားလိုပြုလုပ်၍ သာစည်ရဲစခန်း၌ အိုက်ပန်နှင့် ထွန်းဝင်း(ခ)အိုက်ဝန်းတို့ကို အမှုဖွင့်အရေးယူထားသည်။

နိုဝင်ဘာ ၁၉ ရက်က သာစည်ရဲစခန်းမှ ရဲအုပ်အာကာ(ခ)အောင်ဇော်ဦးနှင့် ဇနီး စောနှင်းဝေတို့က မိတ္ထီလာအကျဉ်းထောင်မှ အိုက်ပန်နှင့် ထွန်းဝင်း(ခ)အိုက်ဝန်းတို့ကို ၎င်းတို့နှင့်ဖမ်းဆီးရမိသော သက်သေခံကားနှင့်အတူ သာစည်တရားရုံးသို့ ရမန်ယူရန်လာခဲ့ကြသည်။ တရားရုံးမှ မိတ္ထီလာအကျဉ်းထောင်သို့ အချုပ်သားများကို ပြန်ပို့စဉ် ကွမ်းခြံရိုးကျေးရွာ ဝေယံစတားဓာတ်ဆီဆိုင်၌ ဆီထည့်အပြီး အချုပ်သားများက ရဲအုပ်အောင်ဇော်ဦးနှင့်ဇနီး စောနှင်းဝေးတို့ကို ဓားစာခံအဖြစ်ဖမ်းဆီး၍ ကားနှင့်အတူ တောင်ကြီးသို့ တက်သွားကြသည်။ မိတ္ထီလာခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးစေနေလင်း၏ ဦးဆောင်မှုဖြင့် ၎င်းတို့ ထွက်ပြေးရာလမ်းကြောင်းသို့ သာစည်မြို့နယ်မှ ရဲတပ်ဖွဲ့ဝင်များသည် တောင်ကြီးလမ်းသို့ ဆက်လက်လိုက်ပါစုံစမ်းသည်။ ၎င်းတို့စီးသွားသော သက်သေခံကားကို ကလောအနီး၌ တွေ့ရပြီး ရဲအုပ် အောင်ဇော်ဦး၏ ဇနီး စောနှင်းဝေကို ဟဲဟိုးကားဂိတ်၌ တွေ့ရသည်။

တရားခံပြေးနှစ်ဦးနှင့် ရဲအုပ် အောင်ဇော်ဦးတို့မှာ ပျောက်ဆုံးနေသဖြင့် ရဲတပ်ဖွဲ့ဝင်များက ဆက်လက်ရှာဖွေနေကြောင်း သိရသည်။ **တင်လှိုင်(မိတ္ထီလာ)**



# ယခင်အမှတ်(၄)အထပ်သားစက်ရုံဝင်း၌ မီးလောင်

**ရန်ကုန် နိုဝင်ဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ်ရှိ ယခင်အမှတ်(၄) အထပ်သားစက်ရုံဝင်း၌ နိုဝင်ဘာ ၂၀ ရက် နံနက် ၈ နာရီက မီးလောင်မှုဖြစ်ပွားခဲ့သည်။ **(အပေါ်ပုံ)**

ဖြစ်စဉ်မှာ အထပ်သားပြုလုပ်ရာတွင် စွန့်ပစ်သစ်လွှာများမှာ အပူချိန်လွန်ကဲမှုကြောင့် စတင်လောင်ကျွမ်းခြင်းဖြစ်ပြီး စွန့်ပစ်သစ်ပါးလွှာများကို နောက်ဘက်ချောင်းဘေး၌ စုပုံထားရှိသည်မှာ ပေ ၅၀ ပတ်လည်ခန့်ရှိသော အမှိုက်ပုံကြီးဖြစ်နေကြောင်း အောင်ဆုပန်ရပ်ကွက်နေ ပြည်သူတစ်ဦးက ပြောသည်။

မီးလောင်ကျွမ်းမှုကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့က မီးငြိမ်းသတ်ယာဉ်များနှင့် အထောက်အကူယာဉ်များအဖွဲ့က လာရောက်ငြိမ်းသတ်ခဲ့ရာ မွန်းတည့် ၁၂ နာရီတွင် မီးညွန့်ကျိုးခဲ့ကြောင်း သိရသည်။ **ရွှေတိုင်လွင်**

# မြိတ်မီးပြတိုက်၏ အရှေ့ဘက်ပင်လယ်ပြင်အတွင်း ကုန်တင်လှေပေါ်မှ မူးယစ်ဆေးဝါး ငွေကျပ်သိန်း ၅၇၀၀ ကျော်ဖိုး ဖမ်းဆီးရမိ

**မြိတ် နိုဝင်ဘာ ၂၀**

တနင်္သာရီ တိုင်းဒေသကြီး မြိတ်မြို့ ကလွင်မီးပြတိုက်၏ အရှေ့တောင်ဘက် တစ်မိုင်ခန့်အကွာ ပင်လယ်ကမ်းခြေ၌ ကမ်းထိုးနားထားသော ခန့်ဟိန်းဇင်အောင် အမည်ရှိ ကုန်တင်လှေကို နိုဝင်ဘာ ၁၉ ရက် ညနေ ၃ နာရီ မိနစ် ၄၀ က မသင်္ကာဖွယ် တွေ့ရှိရသဖြင့် ကမ်းခြေစောင့်တိုက်ရေယာဉ်(၄၀၃)မှ သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါလှေအတွင်း မူးယစ်ဆေးပြား ၇၇ ပြားနှင့် METANFETAMINE ပါကင်အိတ် ၁၄၄ အိတ် စုစုပေါင်း တန်ဖိုးငွေကျပ်သိန်း ၅၇၂၀၀ တို့ကို ရှာဖွေ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

သွားရောက် စစ်ဆေးခဲ့ချိန်အတွင်း လှေပေါ်၌ တစ်ဦးတစ်ယောက်မျှ မတွေ့ရှိရဘဲ ပဲ့နင်းအခန်းတွင်းရှိ လှေသားအမည်စာရင်း အထောက်အထားများကို စစ်ဆေးတွေ့ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ ရဲအုပ်ရဲထွဋ်မှူကိုနှင့် ပူးပေါင်းအဖွဲ့သည် မြိတ်မြို့ပေါ် ၁၂ ရပ်ကွက်အတွင်း ပြစ်မှုကျူးလွန်သူများ၏ နေအိမ်များသို့ လိုက်လံရှာဖွေဖမ်းဆီးခဲ့ရာ ည ၁၀ နာရီတွင် လှေသား ခင်ဇော်ဦး (၃၅ နှစ်)ကို လည်းကောင်း၊ ပဲ့နင်းပြည်ထွန်း(၄၂ နှစ်)ကို လည်းကောင်း၊ လှေသား အောင်ကိုလွင်(၂၈ နှစ်)ကို လည်းကောင်း ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ပြည်ထွန်း၊ အောင်ကိုလွင်နှင့် ခင်ဇော်တို့ကို မြိတ်မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြင့်ဦး(မြိတ်)**



# သထုံမြို့နယ်အတွင်းရှိ မြသိန်းတန်ဘုရားပွဲတွင် အပျော်စီးရဟတ်ဝင်ရိုးပြုတ်ကျပြီး သတ္တမတန်းကျောင်းသူ သံဒေါက်တိုင်ပိသေဆုံး

**သထုံ နိုဝင်ဘာ ၂၀**

မွန်ပြည်နယ် သထုံမြို့နယ် နောင်ကုလားကျေးရွာ၌ နှစ်စဉ်ကျင်းပသည့် မြသိန်းတန်ဘုရားပွဲ ကျင်းပနေစဉ် နိုဝင်ဘာ ၁၉ ရက် ည ၈ နာရီခွဲက တက်နေဝန်းအပျော်စီးချားရဟတ်မှ ဝင်ရိုးပြုတ်ကျပြီး ရဟတ်တွဲဆိုင်းတွင် လိုက်ပါစီးနင်းသည့် (၁၃ နှစ်)ခန့်ရှိ သတ္တမတန်းကျောင်းသူတစ်ဦး ရဟတ်သံဒေါက်တိုင်ပိမိ၍ နေရာတွင် သေဆုံးခဲ့ကာ လိုက်ပါစီးနင်းသူ (၁၄ နှစ်)ခန့်ရှိ လူငယ်တစ်ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း အဆိုပါဘုရားပွဲ တာဝန်ရှိသူများထံမှ သိရသည်။

"အလယ်ဝင်ရိုးက ပြုတ်ထွက်သွားပြီး သံဒေါက်တိုင်က ပိမိတာပါ။ အရှိန်နဲ့လည်နေတဲ့အချိန်မဟုတ်ဘဲ နောက်တစ်ခေါက်အတွက် လူတွေပြန်ချိန်းတဲ့အချိန်မှာ ဖြစ်တာ။ ဘုရားပွဲကိုတော့ ဆက်လက်ကျင်းပနေပါတယ်" ဟု နောင်ကုလားကျေးရွာ အုပ်ချုပ်ရေးမှူး ဦးညီညီဇော်က ပြောသည်။

နောင်ကုလား ပန်းတိမ်ရွာနေ သတ္တမတန်းကျောင်းသူ မဆုနှင်းဝေကျော်(ခ) ဖူးဖူးမှာ သံဒေါက်တိုင်ပိမိကာ နေရာတွင်သေဆုံးခဲ့ပြီး လိုက်ပါစီးနင်းသူ မောင်နန္ဒရဲထွဋ်မှာ ဒဏ်ရာများရရှိခဲ့သည်။

တက်နေဝန်း ချားရဟတ်ပိုင်ရှင် ဦးအောင်ဆုမှာ ရှောင်တိမ်းလျက်ရှိပြီး ၎င်းနှင့်အတူ ချားရဟတ်လုပ်သားနှစ်ဦးတို့အား သထုံမြို့မရဲစခန်းက အမှုအရေးယူသွားမည်ဖြစ်ကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။ **သက်ဦး(သထုံ)**

## သီးကုန်းရပ်နားစခန်း၌ ကားရှေ့ခန်းမှ ပစ္စည်းများ ပျောက်ဆုံး

**ဝမ်းတွင်း နိုဝင်ဘာ ၂၀** မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့ အမှတ်(၂)ရပ်ကွက် မြသုံးလုံးအထည်စက်ပိုင်ရှင် ဦးပြေသိန်းသည် နိုဝင်ဘာ ၁၄ ရက်က နတ်မောက်မြို့မှ ဝမ်းတွင်းမြို့သို့ ပြန်လာစဉ် အမြန်လမ်း သီးကုန်းကားဂိတ်ရှိ FEEL စားသောက်ဆိုင်ရှေ့၌ လိုက်ထရပ်ယာဉ် 8I/---- ကားရှေ့ခန်းတွင် ပစ္စည်းများထားကာ စားသောက်ဆိုင်၌ ထမင်းစားအပြီး ကားပေါ်အရောက် ကားရှေ့ခန်းခရီးဆောင်အိတ်အတွင်းထည့်ထားသည့် ငွေကျပ် ၂၂၈ သိန်းမှာ ပျောက်ဆုံးသွားသဖြင့် အလည်ရွာရဲစခန်း၌ အမှုဖွင့်တိုင်ကြားထားကြောင်း သိရသည်။ **တင်လှိုင်(မိတ္ထီလာ)**


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ လမ်းဦးစီးဌာနလက်အောက်ရှိ ကနီမြို့နယ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လာဘို့- မင်းကင်း လမ်းမိုင်(၀/၀-၀/၁) မြင်းအောချောင်းတံတားတည်ဆောက်ခြင်းလုပ်ငန်း၌ အသုံးပြုရန်လိုအပ်သော တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းမျိုးစုံအား (မြန်မာကျပ်ငွေဖြင့်)ဝယ်ယူလိုပါသည်။

၂။ လိုအပ်သည့်တံတားပစ္စည်းများ၏ အမျိုးအစား၊ အရေအတွက် ဝယ်ယူလိုသည့် အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို ယင်းမာပင်ခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၏ ကြော်ငြာသင်ပုန်းတွင် ၂၁-၁၁-၂၀၁၅ ရက်မှစတင်၍ ဖော်ပြထားမည်ဖြစ်ပါသည်။

၃။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အောက်ဖော်ပြပါဌာနတွင်၂၁-၁၁-၂၀၁၅ ရက်မှ ၂၈-၁၁-၂၀၁၅ ရက်အထိ ရုံးချိန်အတွင်းဝယ်ယူစုံစမ်းနိုင်ပါသည်။

**တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၉-၁၁-၂၀၁၅၊ ၁၁း၃၀ နာရီ

**တင်ဒါဖွင့်မည့်နေရာ** - ခရိုင်စီမံခန့်ခွဲမှုကော်မတီရုံး၊ယင်းမာပင်မြို့

**တင်ဒါဖွင့်ရက်/အချိန်** - ၂၉-၁၁-၂၀၁၅ ရက်၊ ၁၃း၃၀ နာရီ

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

**ယင်းမာပင်ခရိုင်၊ လမ်းဦးစီးဌာန**

ဖုန်း-၀၇၁-၇၃၀၂၃၊၀၉-၇၉၁၃၁၅၇၅၂၊၀၉-၉၇၃၆၃၂၄၁၁



## ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၅ခုနှစ် နိုဝင်ဘာ ၂၀ ရက်တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၊ Shangri-La Hotel ၌ ကျင်းပသော ASEAN Business Awards 2015 တွင် Young Enterpreneurs ဂုဏ်ထူးဆောင်ဆုကို လက်ခံရရှိခဲ့သော မြန်မာ့သြဘာမှ မန်နေဂျင်းဒါရိုက်တာ ဦးသတိုးဟိန်းအတွက် မြန်မာ့သြဘာလုပ်ငန်းစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းမြောက် ဂုဏ်ယူပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**ပို့စ်မန္တလေးမီဒီယာမိသားစု**

# မိုးညှင်းမြို့အနီး အင်အားစုဖွဲ့ ခြေကုပ်ယူထားသောကေအိုင်အေတပ်စခန်း တပ်မတော်ကသိမ်းပိုက်ရရှိ

**နေပြည်တော် နိုဝင်ဘာ ၂၀**

ကချင်ပြည်နယ် မိုးညှင်းမြို့အရှေ့တောင်ဘက် ၃ မိုင်ခန့်အကွာတွင် ခြေကုပ်ယူတပ်စွဲထားသည့် ကေအိုင်အေတပ်စခန်းကို နိုဝင်ဘာ ၁၉ ရက် နံနက် ၁၁နာရီခွဲခန့်တွင် တပ်မတော်က သိမ်းပိုက်ရရှိသည်။ **(ယာပုံ)**

ကေအိုင်အေအဖွဲ့သည် သတ်မှတ်နေရာမဟုတ်သည့် မိုးညှင်းမြို့အနီး သုံးမိုင်ခန့်အကွာရှိ တောင်ကုန်းတွင် ခြေကုပ်စခန်းတည်ဆောက်၍ လှုပ်ရှားမှုများပြုလုပ်လာခဲ့သည့်အပြင် မိုးညှင်း၊ ဖားကန့်စသည့် မြို့များအနီးတစ်ဝိုက်နင်းမိုင်း၊ တိုက်မိုင်းများထောင်၍ ဒေသခံပြည်သူများ၊ တပ်မတော်စစ်ကြောင်းများ၏ သွားလာမှုကို ကန့်သတ်ချက်များဖြစ်ပေါ်လာအောင် ဆောင်ရွက်လာခဲ့သည်။

သို့ဖြစ်၍ ဒေသခံပြည်သူများမိုင်းနင်း၍ သေဆုံးထိခိုက်ဒဏ်ရာရမှုများရှိလာသည့်အပြင် ၎င်းတို့တပ်စခန်းအနီးပတ်ဝန်းကျင်ရှိ မြို့/ရွာများတွင် အဓမ္မလူသစ်စုဆောင်းခြင်း၊ ဆက်ကြေးကောက်ခံခြင်း၊ ခြိမ်းခြောက်ခြင်းများ ပြုလုပ်မှုများကြောင့် ဒေသခံပြည်သူလူထုမှာ စိုးရိမ်ထိတ်လန့်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်းသိရသည်။

ထို့ကြောင့် တပ်မတော်မှ နယ်မြေရှင်းလင်းခြင်းများဆောင်ရွက်ပြီး မိုးညှင်းမြို့အနီးတွင် အင်အားစုဖွဲ့ပြီး ခြေကုပ်စခန်းတည်ဆောက်၍ နှောင့်ယှက်မှုများ ပြုလုပ်နေသည့် ကေအိုင်အေတပ်စခန်းတောင်ကုန်းကို နိုဝင်ဘာ ၁၅ ရက်မှစ၍ တိုက်ခိုက်ရှင်းလင်းခဲ့ရာ ကေအိုင်အေအဖွဲ့မှ ယင်းတောင်ကြောတစ်လျှောက် အဆင့်ဆင့်ခြေကုပ်ယူ ခုခံတိုက်ခိုက်ခဲ့သည့်အပြင် ထပ်မံအင်အားဖြည့်တင်းမှုများ ဆောင်ရွက်လာသောကြောင့် လက်နက်ကြီးပစ်ကူ၊ လေကြောင်းပစ်ကူများရယူ၍ ဟန်ချက်ညီ ဝိုင်းပတ်တိုက်ခိုက်ချေမှုန်းခဲ့ရာ နိုဝင်ဘာ ၁၉ ရက် နံနက် ၁၁နာရီခွဲခန့်တွင် ယင်းတောင်ကုန်းကို သိမ်းပိုက်ရရှိခဲ့သည်။

ယင်းစခန်းမှ ဒေသန္တရလုပ် မိုင်းမျိုးစုံ ၉၂ လုံး၊ ရှေ့ထွက်မိုင်း သုံးလုံး၊ မိုင်းပြုလုပ်ရာတွင် အသုံးပြုသော သံချောင်းများ၊ ဆိုင်ကယ် လေးစီး၊ မီးစက်တစ်လုံး၊ ဒိုင်နမို တစ်လုံး၊ ရေမော်တာ သုံးလုံး၊ ချိန်းဆော တစ်လက်၊ ဒီဇယ် တစ်ပီပါ၊ ဓာတ်ဆီ တစ်ပီပါနှင့် စာရွက်စာတမ်းများကို သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**



# ဇောတိကာရုံ ဗုဒ္ဓပူဇနိယပွဲတော်၌ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ စည်ကားစွာကျင်းပ

**သုဝဏ္ဏဝတီ နိုဝင်ဘာ ၂၀**

နှစ်စဉ်ကျင်းပမြဲဖြစ်သော အကြိမ်(၇၀)မြောက် ဇောတိကာရုံဗုဒ္ဓပူဇနိယပွဲတော်ကို သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ တောင်ကြားရပ်ကွက် ဝင်းပဇောတိကာရုံတိုက်ကျောင်း၌ကျင်းပရာ မြန်မာ့ရိုးရာ လက်ဝှေ့အထူးစိန်ခေါ်ပွဲဖြင့် နိုဝင်ဘာ ၂၀ ရက် မွန်းတည့် ၁၂ နာရီကစတင်ကျင်းပရာ လာရောက်ကြည့်ရှုအားပေးသူများနှင့် စည်ကားခဲ့သည်။ **(ယာပုံ)**

မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကို နှစ်စဉ်ဇောတိကာအောင်လံလုပွဲကျင်းပခဲ့ပြီး ယခုနှစ်တွင်မူ အလှူရှင်များ၏ ပံ့ပိုးကူညီမှုများဖြင့် နာမည်ကျော်လက်ဝှေ့ကလပ်များဖြစ်ကြသော ရွှေသောင်ရင်း၊ ဘိလပ်မြေစက်ရုံ၊ တိုက်ဂါးဇာနည်မောင်ကလပ်တို့မှ လက်ဝှေ့ကျော်များ ပါဝင်ထိုးသတ်ခဲ့ကြသည်။

ထူးခြားမှုမှာ အလှူရှင်များအပြင် လာရောက်အားပေးသူများကလည်း မိမိတတ်နိုင်သမျှ အလှူငွေများကိုထည့်ဝင်ပေးကြပြီး လက်ဝှေ့ပြိုင်ပွဲများကို အခမဲ့ကြည့်ရှုရတဲ့အပြင် ပေးအပ်သောဆုကြေးများ ကောင်းမွန်သောကြောင့် တစ်နှစ်နှင့်တစ်နှစ် ပြိုင်ပွဲများတိုးတက်လာခဲ့ပြီး ပရိသတ်အကြိုက်တွေ့တဲ့ ပွဲကြီးပွဲကောင်း ဘုရားပွဲတော်ဟု ဒေသခံတစ်ဦးဖြစ်သူ ဒညင်းကုန်းကျေးရွာမှ ကိုမင်းအောင်က ပြောသည်။

ဇောတိကာရုံ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကို နှစ်ရက်တိုင်တိုင် စည်ကားစွာကျင်းပခဲ့ကြောင်း သိရသည်။

**ခွန်(ဝင်းပ)**



■ *ကျောဖုံးမှ*

တရုတ်ကလပ်အသင်းအချို့ပါဝင်မည်ဖြစ်သည်။ ဟံသာဝတီအသင်းမှာအုပ်စု(စ)တွင် ဘင်္ဂလားဒေ့ရှ် ညွှန့်ပေါင်းအသင်း တရုတ်ကလပ်အသင်းများဖြစ်သည့် လက်ရှိချန်ပီယံ Lajiang အသင်းနှင့် Helei အသင်း၊ အုပ်စု(င)တွင် ဟန္တိုင်း T&T (ဗီယက်နမ်) လာအိုလူငယ်လက်ရွေးစင်အသင်း၊ ကမ္ဘောဒီးယားညွှန့်ပေါင်းအသင်း၊ တရုတ်ကလပ်အသင်းများဖြစ်သည့် Bamtou အသင်းနှင့် Wamho အသင်းတို့ ပါဝင်နေသည်။

ပြိုင်ပွဲကျင်းပသည့်ပုံစံအရ အုပ်စု(င)နှင့် (စ) တို့က တစ်အုပ်စုစီမှ သုံးသင်းစီမှာ ကွာတားအဆင့်သို့ တက်ရောက်ခွင့်ရမည်ဖြစ်ပြီး ပြည်တွင်းအသင်းများ ယှဉ်ပြိုင်သည့် အုပ်စုလေးခုမှ ဗိုလ်လုပွဲရောက်နှစ်သင်းမှာ ကွာတားသို့ လာရောက်ကစားရမည်ဖြစ်သည်။

အုပ်စုပွဲစဉ်များကို နိုဝင်ဘာ ၂၀ ရက်မှ ၂၄ရက်အထိ ကျင်းပမည်ဖြစ်ကာ ဟံသာဝတီအသင်းမှာ ဒုတိယအကြိမ် လာရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။

၂၀၁၃ ပြိုင်ပွဲတွင် တတိယနေရာရရှိဖူးသည့် ဟံသာဝတီအသင်းမှာ ယခုပြိုင်ပွဲတွင် ပြည်တွင်းကစားသမားများဖြင့်သာ ယှဉ်ပြိုင်နေပြီး အောင်မြင်မှုရရှိရေး ကြိုးပမ်းလျက်ရှိသည်။


## အထက(၃)မင်္ဂလာဒုံ(ထောက်ကြန့်) မြတ်ဆရာပူဇော်မည်

ယခင်အင်းစိန်ခရိုင် ထောက်ကြန့်စံပြကျေးရွာ အစိုးရအလယ်တန်းကျောင်း အလက (၂)ထောက်ကြန့်၊ ယခု အထက(၃)၊ မင်္ဂလာဒုံကျောင်းများမှ အငြိမ်းစားယူခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအား (၁၉)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၅ခုနှစ် ဒီဇင်ဘာ ၆ရက်(အမျိုးသားနေ့)တွင် နံနက် ၈နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက(၃) ထောက်ကြန့်အင်ကြင်းခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူဟောင်းများ ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ဆက်သွယ်လှူဒါန်းနိုင်သည့် ဖုန်းနံပါတ်များ**

ဦးဝင်းမောင် ဖုန်း-၀၉-၅၀၈၄၁၉၇
ဦးအောင်စိုးရီ ဖုန်း-၀၉-၃၁၃၁၄၀၄၅
ဒေါ်ကြည်ကြည်ငြိမ်း ဖုန်း-၀၉-၄၂၀၀၄၄၅၃
ဦးကျော်သူ ဖုန်း-၀၉-၅၁၃၁၇၁၁

## ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန ဧရာဝတီတိုင်းဒေသကြီး ခုတင်(၂၀၀)ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင် ကုသရေးဦးစီးဌာန၊ ခုတင်(၂၀၀)ပြည်သူ့ဆေးရုံကြီးတွင် သုံးစွဲရန်အတွက် လိုအပ်သောဓာတ်မှန်နှင့် ဓာတ်ခွဲခန်းသုံးဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍အိတ်ဖွင့်တင်ဒါဖြင့် ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ**

**စတင်ရောင်းချမည့်ရက်** - ၁၉-၁၁-၂၀၁၅ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၈-၁၂-၂၀၁၅ရက် (ညနေ ၄ နာရီ)

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းစာရင်းများအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင်လာရောက် စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီး**
**ခုတင်(၂၀၀)ဆေးရုံအုပ်ကြီးရုံး၊ မြောင်းမြမြို့**
**ဖုန်း-၀၄၂-၇၀၄၉၂**

## ပျောက်ဆုံးကြောင်း

ကျွန်တော် အောင်ပိုင်ဖြိုး၏ နိုင်ငံကူးလက်မှတ် MA-၆၄၁၅၃၉ သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဆက်သွယ်ရန်ဖုန်း-၀၉-၂၆၃၆၁၃၁၃၉**

## 1 R/C ရောင်းမည်

မ/ဒဂုံ(၃၅)၊ ၄၀'× ၆၀'
3 BR, 2 A/C, 2 W/C
ခြင်ဆန်ခါ၊ ရေပူစက်၊ ရေသန့်စက်
**ဖုန်း- 09-5110411**

## လေလံတင်ရောင်းချရန်ကြော်ငြာ

(၁) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ ရှမ်းပြည်နယ်(လားရှိုး)ကျောက်မဲခရိုင်၊ သီပေါမြို့နယ်ရှိ ပုံစံ(ဂ)ဝင် သစ်/တိုင်နှင့် ပရိဘောဂများအား သစ်တောဦးစီးဌာန၊ ကျောက်မဲခရိုင်၌ ၂၈-၁၁-၂၀၁၅ရက် နံနက် ၁၀ နာရီတွင် လက်ရှိမျက်မြင်အခြေအနေအတိုင်း ကျောက်မဲခရိုင်အတွင်း (မိုးမိတ်၊ မဘိမ်းမှအပ)တွင်သာ သယ်ယူခွင့်ပြုကြောင်း စည်းကမ်းသတ်မှတ်ချက်ထား၍ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

| စဉ် | လပ်ပုံ | သစ်မျိုး | စုစုပေါင်း(တန်) | ပုံစံ(ဂ)တည်နေရာ |
|---|---|---|---|---|
| (၁) | လပ်ပုံအမှတ်(၁)မှ (၄၇)အထိ | (က)ကျွန်း/သစ်မာ/အခြား/(သစ်/ခွဲသား) | ၃၃၁ဒသမ၄၇၈ တန် | သီပေါမြို့ |
| | | (ခ)ကျွန်း/သစ်မာ/အခြား(တိုင်) ၆၂၆ လုံးနှင့် ပရိဘောဂများ | ၃၂ဒသမ၆၂၄၃တန် | ။ |
| စုစုပေါင်း | | | ၃၆၄ဒသမ၁၀၂၄တန် | |

(၂) လေလံလျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များကို ကျောက်မဲခရိုင်၊ သစ်တောဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် ၂၂-၁၁-၂၀၁၅ရက်မှ ၂၆-၁၁-၂၀၁၅ရက်အထိ လျှောက်လွှာတစ်စောင်လျှင် ကျပ် ၅၀၀၀/- နှုန်းဖြင့် ဝယ်ယူတင်သွင်းနိုင်ပါသည်။ လျှောက်လွှာပုံစံကို ၂၆-၁၁-၂၀၁၅ရက် နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။

(၃) အသေးစိတ်သိရှိလိုပါက ကျောက်မဲခရိုင်၊ သစ်တောဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး ဖုန်း-၀၈၂-၄၀၀၇၆ နှင့် ဦးစီးအရာရှိ၊ သစ်တောဦးစီးဌာန၊ သီပေါမြို့ ဖုန်း-၀၈၂-၈၀၀၃၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဥက္ကဋ္ဌ**
**လေလံတင်ရောင်းချရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ စက်ရုံနှင့်မော်တော်ယာဉ်ဌာနတွင် အသုံးပြုရန်အတွက် လိုအပ်သော ဒီဇယ်ဆီဂါလန် ၂၀၀၀၀၀ကို ဌာနအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ ဈေးနှုန်းလွှာပိတ်ရက်မှာ ၂၇-၁၁-၂၀၁၅ရက် ၁၆း၀၀နာရီဖြစ်ပြီး တင်ဒါပုံစံ တစ်စုံလျှင် ကျပ် ၁၀၀၀၀(ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် မြို့တော်ခန်းမ(ပထမ ထပ်)ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း- ၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးအဖွဲ့**

ဦးရဲမင်းပိုင်(သင်္ချာ) နွေဂတန်း(သင်္ချာ-အင်္ဂလိပ်စာ)
၁၆၅၊(ပထပ်)ဆိပ်ကမ်းသာလမ်း(လယ်)ကျောက်တံတားမြို့နယ်
၁၀ တန်း ဘာသာစုံ စာမေးပွဲအနီးကပ်
(မေးခွန်းအစုံ)လေ့ကျင့်တန်းခွဲနေ့စဉ်(၉း၃၀ မှ ၂း၀၀)သင်တန်းကြေး ၃လ=၁၈၀၀၀၀
(၂၃-၁၁-၂၀၁၅)စဖွင့်မည်။ TEL:09731 61140

POST ဂျာထူးဝင်ခွင့်သင်တန်း
ကော်မရှင် (ဝင်ခွင့်)သင်တန်းကြေး ၃၀၀၀၀
ဒုရဲအုပ် (ဂုဏ်ထူး)လသန်းစမည် (၇း၃၀-၉း၀၀) (၅း၃၀-၇း၀၀)
၁၆၅၊(ပထပ်)ဆိပ်ကမ်းသာလမ်း(လယ်)ကျောက်တံတားမြို့နယ်၀၉၄၂၀၁၂၉၃၃၃

## ■ သတင်းတို ■

## ယာသီးနှံများအထွက်လျော့

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှ မြို့နယ်အတွင်းရှိ မိုးရွာသွန်းမှု များသည့်အတွက် တောင်သူများက ယာသီးနှံ ပဲစင်းငုံ၊ ဆောင်းမြေပဲ၊ နှမ်း၊ ပြောင်း၊ မတ်ပဲတို့ကို စိုက်ပျိုးထားရာ အပင်ပေါက်ချိန် မြေအစိုဓာတ်များ၍ အပင်ကြီးထွားခြင်းမရှိသောကြောင့် ယခုနှစ်ယာသီးနှံ အထွက် လျော့နည်းမည်ဟု ယူဆကြောင်း ၄င်းကဆက်လက်ပြောသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

## ကျေးရွာမြေငှားဂရန်နှင့် အပေါ့စားမီးသတ်စက်ပေးအပ်

စစ်ကိုင်းတိုင်းဒေသကြီး ကသာ မြို့နယ် အင်းကျေးရွာ၌ နိုဝင်ဘာ ၁၆ ရက်က ကျေးရွာအုပ်ချုပ်ရေးမှူး ရုံးခန်းမ၌ ကျေးရွာမြေငှားဂရန် ရွာလုံးကျွတ်ပေးခြင်းနှင့် အပေါ့စား မီးသတ်စက်ပေးအပ်ပွဲ ကျင်းပရာ မြေငှားဂရန်ထုတ်ပေးရေး ခရိုင် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ကျော် အုန်းက ကျေးရွာမြေငှားဂရန် (မြေ ငှားစာချုပ်)နှင့် သက်သေခံမြေပုံ များကို ဒေသခံပြည်သူများထံသို့ ပေးအပ်ခဲ့သည်။

အခမ်းအနားတွင် ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှု လျှော့ချရေးအစီအစဉ်မှ အင်း ကျေးရွာပြည်သူများအတွက် အဆိုပါ အပေါ့စားမီးသတ်စက်ကို ကျေးရွာ အုပ်ချုပ်ရေးမှူးထံသို့ အိမ်ထောင်စု ၁၀၀ ၏ မြေကွက်ပေါင်း ၁၀၀ အတွက် မြေငှားဂရန်များထုတ်ပေး ခဲ့ကြောင်း သိရသည်။ **ဦးရဲ(ကသာ)**

## ကျေးလက်အိမ်ရာ အလုံး ၂၀ တည်ဆောက်မည်

လောက်ကိုင်ခရိုင် ချင်းရွှေဟော် မြို့နယ် လုံထန်ကျေးရွာအုပ်စု အညင်းပေါက်ပေါက် ကျေးရွာတွင် ကျေးလက်နေ ပြည်သူများအတွက် တန်ဖိုးနည်း ကျေးလက်အိမ်ရာများ အလုံး ၂၀ တည်ဆောက်ပေးသွား မည်ဖြစ်ရာ နိုဝင်ဘာ ၁၆ ရက်က လောက်ကိုင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဦးစီးမှူး ဦးခင်မောင်လွင်က အဆိုပါ ကျေးလက်အိမ်ရာ တည်ဆောက် မည့်နေရာသို့ ကွင်းဆင်းစစ်ဆေး ခဲ့ကြောင်း သိရသည်။

**ဝင်းမောင်(စဥ့်ကူး)**



# ကျိုင်းတုံကွန်ပျူတာတက္ကသိုလ်တွင် နှစ်ထပ်ဆောင်ဝန်ထမ်းအိမ်ရာ ဆောက်လုပ်

**ကျိုင်းတုံ နိုဝင်ဘာ ၂၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ကျိုင်းတုံကွန်ပျူတာတက္ကသိုလ်၌ ၁၀ ခန်းတွဲ နှစ်ထပ်ဝန်ထမ်းအိမ်ရာကို နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေကျပ် ၄၁၇ ဒသမ ၇၈ သန်းဖြင့် တည်ဆောက်လျက်ရှိကြောင်းသိရသည်။

အဆိုပါ နှစ်ထပ်ဆောင်ဝန်ထမ်းအိမ်ရာသည် အလျား ၂၄၈ ပေ၊ အနံ ပေ ၃၀ ရှိပြီး အောင်ချမ်းသာကုမ္ပဏီက တာဝန်ယူတည်ဆောက်ခဲ့ရာ ယခုအခါ ၉၅ ရာခိုင်နှုန်းကျော်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

# ဂျာမနီနိုင်ငံထုတ် နှစ်၁၀၀ ကျော် လက်ကိုင်မီးအိမ်ထိန်းသိမ်းထား



**မိတ္ထီလာ နိုဝင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး မလှိုင် မြို့နယ် သက္ကယ်ကျင်းကျေးရွာ အုပ်စု သရက္ကန်(မ)ရွာတွင် နေထိုင်သည့် ဒေသခံမိသားစု တစ်စုထံတွင် ဘိုးဘွားလက်ထက်က အသုံးပြုခဲ့သည့် နှစ်ပေါင်း ၁၀၀ ကျော်က ဂျာမနီနိုင်ငံထုတ် ရှေးဟောင်း လက်ကိုင်မီးအိမ်တစ်ခုကို ထိန်းသိမ်းထားရှိကြောင်း သိရသည်။

"မြန်မာသက္ကရာဇ် ၁၂၂၇ ခုနှစ်လောက်က ဦးဖိုးကောက်-ဒေါ်ချယ်တို့အသုံးပြုခဲ့သော ရှေးဟောင်းလက်ကိုင်မီးအိမ်ဖြစ်ပါတယ်။ ဒီရှေးဟောင်း လက်ကိုင်မီးအိမ်ဟာ နှစ်ပေါင်း ၁၀၀ ကျော် ရှိပြီဖြစ်ပါတယ်။ လက်ရှိသုံးမယ်ဆို ရေနံဆီထည့်ပြီးသုံးလို့ရပေမယ့် အဖုံးအပိတ်လေးတစ်ခု ပျောက်သွားတာမို့ မသုံးဘဲထားတာပါ"ဟု ဂျာမနီနိုင်ငံထုတ် ရှေးဟောင်းလက်ကိုင်မီးအိမ်ကို ဘိုးဘွားစဉ်ဆက်အမွေအနှစ်ပစ္စည်းအဖြစ် ထိန်းသိမ်းစောင့်ရှောက်ထားသူ သရက္ကန်(မ)ရွာမှ ဦးဇော်မြင့်ဦးက ပြောသည်။

အဆိုပါ ရှေးဟောင်းလက်ကိုင်မီးအိမ်မှာလက်ဆွဲကိုင်းပါ အမြင့်နှစ်ပေခန့်ရှိပြီး အောက်ခြေအဝိုင်းပြားတွင် ရေနံဆီထည့်စရာ အခန်းငယ်ပြုလုပ်ထားကာ ရေနံဆီထည့်ရာ အပေါက်တစ်ခု၊ လောင်စာ(မီး) အနိမ့်အမြင့်ချိန်ညှိစရာ ကလစ်ချောင်းငယ်တစ်ခုလည်း ပါရှိသည်။ အောက်ခြေရေနံဆီထည့်ရာ အဝိုင်းပြားတွင် MADE IN GERMANY၊ FEUERHAND ဂျာမနီနိုင်ငံထုတ် လက်ကိုင်မီးအိမ်ဟု အင်္ဂလိပ်ဘာသာဖြင့်ရေးထိုးထားသည့် အသားတံဆိပ်အပြင် အမှတ်နံပါတ် ၂၆၀ ဟု အင်္ဂလိပ်ဘာသာစာတန်းပါရှိသည်။

ယင်းမီးအိမ်မှ လောင်စာ(မီး)ကို ရေနွေးကရားပုံကိုယ်ထည် ဖန်အိမ်ဖြင့်အုပ်ထားပြီး ထိုဖန်အိမ်တွင်လည်း ORGINAL RES FEUERHAND ဟူသည့် အသားတံဆိပ်ကို လက်ရာသေသပ်စွာ ပုံသွင်းဖော်ပြထားသည်။

ဖန်အိမ်ကိုယ်ထည်၏ အထက်တွင်မှ လောင်စာ(မီး)ထွက်ရှိသည့် မီးခိုးများထွက်စရာ အပေါက်ငယ်များပါဝင်သည့် သံအုပ်ဖုံးငယ်တစ်ခုပါရှိသည်။ သံအုပ်ဖုံးငယ်ပေါ်တွင် ကွင်းငယ်တစ်ခုပါရှိပြီး လောင်စာ(မီး) ထွန်းညှိချိန်တွင် ယင်းကွင်းငယ်ကိုဆွဲ၍ မီးထွန်းညှိရခြင်းဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## ရေဘေးသင့် ကြက်မွေးမြူသူများအား ကြက်သားပေါက်များ ဖြန့်ဝေပေး

**မုံရွာ နိုဝင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ကြက်မွေးမြူရေးလုပ်ငန်းများ ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရာ ပြန်လည်ထူထောင်ရေးကာလတွင် ရေဘေးသင့်ကြက်မွေးမြူရေးလုပ်ကိုင်သူများအား မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ကြက်သားပေါက်များအား ဆက်လက်ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။ ဥစားကြက်ပေါက်ကောင်ရေ ၂၁၉၂၀ ကို နိုဝင်ဘာလနောက်ဆုံးပတ်တွင် ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# ဒီပါဝလီပွဲတော် ကြက်တောင်ရိုက်ပြိုင်

**မိုးကုတ် နိုဝင်ဘာ ၂၀**

မိုးကုတ်မြို့နယ် ဗဟိုကြက်တောင်ရိုက်အသင်းကကြီးမှူး၍ ဒီပါဝလီပွဲတော်အထိမ်းအမှတ် အမျိုးသား အမျိုးသမီးကြက်တောင်ရိုက်ပြိုင်ပွဲကို နိုဝင်ဘာ ၁၅ ရက်မှ ၁၇ ရက်အထိ ကျင်းပခဲ့ရာ မန္တလေး၊ ရန်ကုန်၊ မိုးကုတ်၊ ရွှေဘိုတို့မှ ကြက်တောင်အားကစားမောင်မယ် ၂၀၀ ကျော် ပါဝင်ခဲ့ကြောင်း သိရသည်။

အကြီးတန်း(မတွဲ)နှင့် တစ်ဦးချင်းပြိုင်ပွဲ၊ အလတ်တန်း(မတွဲ)နှင့် လူသစ်တန်း(မတွဲ)နှင့် (စိတ်ကြိုက်တွဲ)ပြိုင်ပွဲ၊ အငယ်တန်း(က)တစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲ၊ အငယ်တန်း(ခ)တစ်ဦးချင်းနှင့် နှစ်ယောက်တွဲ ပြိုင်ပွဲနှင့် အသက် ၅၀ နှင့်အထက် နှစ်ယောက်တွဲပြိုင်ပွဲတို့ ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲအပြီးဆုများချီးမြှင့်ရာ ဆုရရှိသူများကို မိုးကုတ်မြို့ ဗဟိုကြက်တောင်ရိုက်အသင်းနာယက ဦးမောင်လေး၊ ဥက္ကဋ္ဌ ဦးပိန်နှင့် ဒီပါဝလီပွဲအထိမ်းအမှတ် ကြက်တောင်ရိုက်ပြိုင်ပွဲဖြစ်မြောက်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီး ကြက်တောင်ဆပ်ကော်မတီဥက္ကဋ္ဌ ဦးမျိုးကျော်ဝင်းတို့က ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၀**

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် မြန်မာပီဂျီအေ Asian Tour နှင့် Japan Golf Tour Organization(JGTO) တို့ ပူးပေါင်းကျင်းပမည့် မြန်မာအိုးပင်းဂေါက်သီး ရိုက်ပြိုင်ပွဲကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(၁၃)ကြိမ်မြောက် ပူးတွဲကျင်းပသည့် အဆိုပါပြိုင်ပွဲကို ဖေဖော်ဝါရီ ၄ ရက်မှ ၇ ရက်အထိ ရန်ကုန်မြို့ရှိ ရွှိုင်ရယ်မင်္ဂလာဒုံဂေါ့ဖ် အင်ကန်းထရီးကလပ်၌ ကျင်းပသွားမည်ဖြစ်ပြီး ဆုကြေးငွေစုစုပေါင်း အမေရိကန်ဒေါ်လာ ခုနစ်သိန်းခွဲအထိ ချီးမြှင့်သွားမည်ဖြစ်သည်။ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်သည် ၂၀၁၆ မြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ယခုလအတွင်း ကျင်းပရန်စီစဉ်ထားသည်။

မြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲကို ၁၉၉၇ ခုနှစ်မှစတင်ကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်က နောက်ဆုံးကျင်းပခဲ့ကာ နှစ်နှစ်အကြာတွင် ပြန်လည်ကျင်းပခြင်းဖြစ်သည်။ (၁၃)ကြိမ်မြောက်ကျင်းပမည့် မြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် Asian Tour ၌ ယှဉ်ပြိုင်နေသည့် နာမည်ကျော်ကစားသမားများကို ဖိတ်ကြားထားကြောင်း သိရသည်။

နိုင်ငံတကာဂေါက်သီးကစားသမားများယှဉ်ပြိုင်ခဲ့သည့် မြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲကို ၁၉၉၇၊ ၁၉၉၈၊ ၁၉၉၉၊ ၂၀၀၀၊ ၂၀၀၁၊ ၂၀၀၂၊ ၂၀၀၃၊ ၂၀၀၄၊ ၂၀၀၅၊ ၂၀၀၁၂ နှင့် ၂၀၁၃ ခုနှစ်တို့တွင် ကျင်းပခဲ့ဖူးပြီး ထိုကဲ့သို့ နိုင်ငံတကာနှင့် ပူးတွဲကျင်းပသည့်အတွက် မြန်မာဂေါက်သီးကစားသမားများအနေဖြင့် အတွေ့အကြုံကောင်းများရရှိမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# တိုက်ပွဲရှောင်ပြည်သူများကို အဝတ်အထည်နှင့်အစားအသောက်များလှူဒါန်း

**နမ့်စန် နိုဝင်ဘာ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် နမ့်စန်မြို့ တိန်းချောင်းသဘာဝတရားရိပ်သာတွင် လာရောက်ခိုလှုံနေကြသော မိုင်းနောင်မြို့မှ တိုက်ပွဲရှောင်ပြည်သူ ၅၄ ဦးကို နမ့်စန်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့တို့က နိုဝင်ဘာ ၁၈ ရက်က အဝတ်အထည်နှင့်မုန့်များကို သွားရောက်ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သူရအောင်(ပြန်/ဆက်)**

# မိုးခရမ်းချဉ်စိုက်တောင်သူများ အထွက်နည်းသော်လည်း ဈေးကောင်းရ

**ရေစကြို နိုဝင်ဘာ ၂၀**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်မှ ခရမ်းချဉ်စိုက်တောင်သူများသည် ထိုင်ဝမ်ပင်ထောင် ခရမ်းချဉ်သီးများကို မိုးခရမ်းချဉ်သီးနှင့် ဆောင်းခရမ်းချဉ်သီးဟူ၍ အချိန်ရာသီအလိုက် စိုက်ပျိုးလေ့ရှိကြရာ ယခုအချိန်သည် မိုးခရမ်းချဉ်သီးပေါ်ချိန်ဖြစ်ကာ အသီးအထွက်နှုန်းလျော့နည်းသော်လည်း ဈေးကောင်းရသဖြင့် တွက်ခြေကိုက်ကြသည်ဟု သိရသည်။

ရေစကြိုမြို့နယ်မှ မိုးရာသီ ခရမ်းချဉ်သီးစိုက်တောင်သူများသည် ပျိုးသက် ၂၅ ရက်သားရှိ ခရမ်းချဉ်ပင်များကို စိုက်ခင်းအတွင်းစိုက်ပျိုးပြီး သုံးလခန့်ရှိပါက အသီးစတင်ခူးဆွတ်ရသည်။ ပင်ခြား ၁၆ လက်မ၊ တန်းခြား နှစ်တောင်ခြား၍ စိုက်ပျိုးကြသည်။ အပင်ရေ ၂၈၀၀ ခန့် စိုက်ပျိုးထားသော စိုက်ခင်းတစ်ခင်းလျှင် ပွဲရုံသို့ ရောင်းတန်းဝင် ခရမ်းချဉ်သီး ပိဿာ ၅၅၀ခန့် ထွက်သည်။ ယခုနှစ်တွင် သုံးရက်တစ်ကြိမ်ခူးဆွတ်ရာတွင် ပိဿာ ၂၀/၂၅ပိဿာခန့်သာ ရရှိကြသဖြင့် စိုက်ခင်းလေးငါးခင်းစုပေါင်းမှသာ ပိဿာချိန် ၁၀၀ ပြည့်နိုင်သည်ဟု သိရသည်။ ထိုသို့ ခရမ်းချဉ်သီးအထွက်နည်းသော်လည်း ဈေးကောင်းရလျက်ရှိသောကြောင့် ရေစကြိုမြို့နယ်မှ မိုးခရမ်းချဉ်စိုက်တောင်သူများမှာ အမြတ်များများရလျက်ရှိကြသည်ဟု သိရသည်။

**အိမွန်ဆွေ(ရေစကြို)**



# ကျောက်စိမ်းရိုင်း တူးဖော်လုပ်ကိုင်နေခြင်းကို စိစစ်ပေးရန်လိုအပ်



**ကသာ နိုဝင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မော်လူးကျေးရွာ ငွေကြီးအုပ်စု မြောက်လေးတန် သစ်တောကြိုးဝိုင်းအကွက်အမှတ် (၄၆/၄၇) အတွင်းရှိ ထုံးတောင်ပေါ်တွင် ခေတ်မီစက်ယန္တရားများ ဘက်ဟိုးကားများနှင့် မြေသယ်ယာဉ်ကားများအကူဖြင့် ကျောက်စိမ်းရိုင်း ရှာဖွေရေးလုပ်ငန်းကို တူးဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ အဆိုပါ မော်လူးနယ်မြေ၌ ကျောက်စိမ်းရိုင်းသတ္တုရှာဖွေရေးလုပ်ကွက်ကို ဧကများစွာ ချထားပေးခြင်းရှိရာ နှစ်ပေါင်းများစွာက လုပ်ကိုင်လာသော လယ်ယာမြေကွက်များပါရှိသည့်အတွက် လယ်ယာလုပ်တောင်သူများက ၎င်းတို့ လယ်ယာမြေအနီးရှိ တောင်တန်းကို ဖြိုဖျက်နေသဖြင့် တဖြည်းဖြည်းနှင့် တောတောင်တန်းကြီး ပျောက်ကွယ်တော့မည့်အရေး ကြုံတွေ့နေရလျက်ရှိကြောင်း သိရသည်။

ထို့အပြင် လုပ်ကွက်ရ ကျောက်စိမ်းရိုင်းတူးဖော်ရှာဖွေရေးလုပ်ငန်းရှင်များမှာ စက်ယန္တရားကြီးများဖြင့် လုပ်ကိုင်နေကြသဖြင့် မော်လူးနယ်မြေဒေသများကို သက်ဆိုင်ရာတာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေး၍ တားမြစ်ပေးလျှင် ဒေသခံများ လူမှုစီးပွားရေး၊ သဘာဝပတ်ဝန်းကျင်ပျက်စီးမှု သရုပ်မှန်ကို သိမြင်နိုင်ပြီး ဒေသစားဝတ်နေရေးအဆင်ပြေစေရန် အကူအညီပေးစေလိုကြောင်း ငွေကြီးကျေးရွာတောင်သူများထံမှ သိရသည်။

ထို့နောက် ငွေကြီးကျေးရွာအုပ်စုတွင် အိပ်မက်ကျောက်ကုမ္ပဏီ၊ ဂျိတ်ဂိုးကုမ္ပဏီတို့လည်း သစ်တောမြေများတွင် ကျောက်စိမ်းရိုင်း စမ်းသပ်တူးဖော်လျက်ရှိသည်။ ကုမ္ပဏီတစ်ခုက ကျောက်စိမ်းရိုင်းလုပ်ကွက်အတွင်း လယ်မြေများတွင် စပါးစိုက်ပျိုးခွင့်မရှိကြောင်း ပိတ်ပင်တားမြစ်မှုများရှိနေရာ နောင်ပေါင်းချောင်းဖျား ရေထိန်းသိမ်းမှုနှင့် သဘာဝပတ်ဝန်းကျင်များ ထိခိုက်၍ လယ်ဧကရာကျော်ခန့် အခက်အခဲများ ဖြစ်ပေါ်လာနိုင်ကြောင်း သိရသည်။

**ငွေအိုး (ကသာ)**

# တောင်ငူမြို့ အမှတ်(၂)ကျောင်းအုပ်ဆရာမကြီးအား ကြိုတင်ကြံစည်လုယက်မှုကို ရဲတပ်ဖွဲ့က ရက်ပိုင်းအတွင်း ဖော်ထုတ်ဖမ်းဆီး

**တောင်ငူ နိုဝင်ဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ အမှတ်(၂)ကျောင်းအုပ်ဆရာမကြီးသည် နိုဝင်ဘာ ၁၃ ရက်က ဘုတာသို့ဆိုင်ကယ်ဖြင့် လိုက်ပို့ခိုင်းရာမှ ဆိုင်ကယ်စီးသည့်လူတစ်စုက လက်ဆွဲအိတ်ကို လုယူသွားသည့်အမှုအား တောင်ငူမြို့မရဲစခန်းက ရက်ပိုင်းအတွင်းဖော်ထုတ်အရေးယူနိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တောင်ငူမြို့ အမှတ် (၄)ရပ်ကွက်ရှိ အမှတ်(၂)အထက်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်ဆွေဆွေဝင်းသည် ကျောင်းစောင့်ဖြစ်သော ကျော်သူဝင်း (၂၄နှစ်)အား ဘုတာသို့ဆိုင်ကယ်ဖြင့်လိုက်ပို့ခိုင်းခဲ့သည်။ ဆိုင်ကယ်နှင့်သွားနေချိန် အမှတ်(၁၈) ရပ်ကွက် ဘုတာလမ်းအရောက် နောက်မှပါလာသည့်ဆိုင်ကယ်ရှေ့သို့ကျော်တက်စဉ်ဆိုင်ကယ်ပေါ်ပါလူက ဆရာမကြီး ဒေါ်ဆွေဆွေဝင်း၏ လက်တွင် ကိုင်ဆောင်ထားသော သားရေလက်ဆွဲအိတ်ကို လုယူထွက်ပြေးသွားခဲ့သဖြင့် သားရေအိတ်အတွင်း၌ ထည့်ထားသည့် ၄က်ပျောဖူးပုံ စိန်လော့ကတ်သီးတစ်ခု၊ ငွေကျပ် သုံးသိန်း၊ ဆမ်ဆောင်းအမျိုးအစား ဟန်းဆက်တစ်လုံးနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားတစ်ခု၊ ဝန်ထမ်းစိစစ်ရေးကတ်ပြားတစ်ခုပါသွားခဲ့သည်။ အဆိုပါအမှုဖြစ်စဉ်ကို မြို့မရဲစခန်းမှူး ဒုရဲမှူး တင်ဝင်းနှင့် နယ်ထိန်းခေါင်းဆောင် ရဲအုပ်သက်လွင် ဦးစီးအဖွဲ့က အဖွဲ့များခွဲ၍ စုံစမ်းခဲ့ပြီး မြို့တွင်းရှိ ရွှေအပေါင်ဆိုင်နှင့် အရောင်းဆိုင်များသို့ သတင်းဖြန့်ဝေထားခဲ့သည်။ ထိုသို့သတင်းဖြန့်ထားစဉ် တောင်ငူမြို့ (၁၆) ရပ်ကွက် ပွဲစားလမ်းရှိ ယွန်းရွှေစင်ရွှေဆိုင်သို့ နိုဝင်ဘာ ၁၈ ရက် ည ၁၁နာရီခန့်က စိုးဝင်းအောင်(ခ)ဒါလေး(၂၂နှစ်) ဇေယျာခင်ဦး ၆ လမ်းနေသူမှာ အခင်းဖြစ်အချိန်က ယူဆောင်သွားခဲ့သော စိန်လော့ကတ်သီးကို လာရောက်ရောင်းချနေကြောင်းသတင်းအရ ခရိုင်မှုခင်းအကူ ဌာနစိတ်အဖွဲ့နှင့်အတူ သွားရောက်စစ်ဆေးကာ ဖမ်းဆီးနိုင်ခဲ့သည်။ စိုးဝင်းအောင် (ခ)ဒါလေး၏ ထွက်ဆိုချက်အရ အခင်းဖြစ်ညက သူငယ်ချင်းများဖြစ်ကြသည့် မင်းမင်း(ခ)ဒါချား (၂၇နှစ်)တေဇာခင်ဦး ၆



လမ်းအမှတ်(၂)ရပ်ကွက်၊သန်းထိုက်စိုး(၁၈နှစ်) တေဇာခင်ဦး ၄ လမ်း (၂)ရပ်ကွက်တို့နှင့် အတူကျူးလွန်ခဲ့ကာ ကျောင်းစောင့်ဖြစ်သော ကျော်သူဝင်းကကြိုတင်ကြံစည်ကာ အကွက်ချစီစဉ်ခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် သက်သေခံပစ္စည်းများကို သိမ်းဆည်းခဲ့ပြီး ပြစ်မှုကျူးလွန်သူများအား တောင်ငူမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



# လူထုဗဟိုပြုစီမံကိန်းဆိုင်ရာ သင်တန်းဖွင့်လှစ်

**လေးမျက်နှာ နိုဝင်ဘာ ၂၀**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဇဘဏ်တို့ ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လူထုဗဟိုပြုစီမံကိန်းက ဦးစီးဖွင့်လှစ်သော လူထုဗဟိုပြုစီမံကိန်းဆိုင်ရာသင်တန်းကို လေးမျက်နှာမြို့၌ နိုဝင်ဘာ ၁၇ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ဟင်္သာတခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးအောင်သက်ရှည်က အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် Mercy Corps မှ နည်းပညာအကြံပေး Ms. Nina Rose Shatifan တို့က သင်တန်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ အဆိုပါသင်တန်းသို့ ဟင်္သာတခရိုင်အတွင်း လူထုဗဟိုပြုစီမံကိန်း ပထမနှစ်ကို စတင်ဆောင်ရွက်ကြမည့် သာပေါင်း၊ ကြံခင်း၊ ငပုတောမြို့နယ်များမှ မြို့နယ်ဦးစီးမှူးများနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

**ဝင်းဘို**

# မုံရွာ-မြင်းမူ-မန္တလေးကားလမ်းပေါ်မှ တိုးဂိတ်များကြောင့် ခရီးသွားများ အဆင်မပြေမှုများဖြစ်ပေါ်နေ

**မြင်းမူ နိုဝင်ဘာ ၂၀**

မုံရွာ-မန္တလေးလမ်းမကြီးသည် မန္တလေးမှတစ်ဆင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ဆက်သွယ်နိုင်သည့်အပြင် တရုတ်နိုင်ငံအထိခရီးပေါက်သော (လမ်းကြောင်းတစ်ခု) ဖြစ်သည်။ ထို့အတူ မုံရွာမှတစ်ဆင့် ချင်းပြည်နယ်နှင့်အိန္ဒိယကိုဆက်သွယ်ပေးသော ခရီးလမ်းကြောင်းလည်းဖြစ်သည်။ လုံခြုံရေးနှင့် သွားလာရေးလွယ်ကူချောမွေ့စေရန် နိုင်ငံအတွက် လိုအပ်သောတိုးဂိတ်အသီးသီးကို မိုင် ၅၀ တွင် တိုးဂိတ်တစ်ခုနှုန်းဖြင့် ဆောင်ရွက်ပေးထားသည်။

သို့သော် မန္တလေးနှင့်စစ်ကိုင်း (၁၂)မိုင်သာရှိသော ခရီးလမ်းကြောင်းတွင် တိုးဂိတ်တစ်ခုရှိသည်။ (၃၆) မိုင်ကွာဝေးသည့် စစ်ကိုင်းနှင့်မြင်းမူကြားတွင် တိုးဂိတ် နှစ်ခုရှိနေသည့်အတွက် ခရီးသွားပြည်သူများ စိတ်အနှောင့်အယှက်များစွာဖြစ်ရသည်။ ပဲကတိုးဂိတ်မှာ ရှိသင့်သည့်အနေအထားဖြစ်သော်လည်း မြင်းမူတိုးဂိတ်မှာ မလိုအပ်သောဂိတ်တစ်ခုအဖြစ် ပြောဆိုလျက်ရှိနေကြသည်။

"ကျွန်တော်တို့က ကားခကိုတိုးပြီးမတောင်းချင်ပါဘူး။ မန္တလေးနဲ့မြင်းမူ (၄၈) မိုင် ကြားဂိတ်သုံးခုမှာ လမ်းဖြတ်ကူးခတွေ ပေးရတာမနည်းတော့ ခရီးသည်တွေကို တိုးတောင်းရတော့တာပဲ" ဟု အဝေးပြေးယာဉ်မောင်းတစ်ဦးက ပြောသည်။ ခေါင်းရွက်ဈေးသည်တစ်ဦးက "အရင်ကတော့ ကျွန်မတို့ဈေးသည်တွေမြင်းမူနဲ့ မန္တလေး ၁၀၀၀ ပဲပေးရတာ။ အခုတော့ ၁၅၀၀ ဆိုလည်းပေးရတာပဲ။ ၂၀၀၀ ဆိုလည်းပေးရတာပဲ။ ဒါကြောင့် ဒီဂိတ်တွေ မလိုအပ်ဘူးဆိုရင် မရှိစေချင်ဘူး"ဟု ပြောခဲ့သည်။ ထို့ကြောင့် အဆိုပါ တိုးဂိတ်ကိုဖြတ်သန်းသွားနေရသည့်ပြည်သူများ အဆင်ပြေစေရေးဆောင်ရွက်ပေးနိုင်ရန် မျှော်လင့်နေကြောင်း သိရသည်။

**(၀၇၉)**

# ပြည်သူ့ဝန်ဆောင်မှုရုံး မိုးကောင်းမြို့၌ဖွင့်

**မိုးကောင်း နိုဝင်ဘာ ၂၀**

မိုးညှင်းခရိုင် မိုးကောင်းမြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံး (One Stop Shop - OSS) ကို နန့်ကောင်းရိပ်သာ၌နိုဝင်ဘာ ၁၈ ရက် နံနက် ၉ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူးဦးစည်သူအောင်နှင့် မြို့နယ်အဆင့်ရှိဌာနဆိုင်ရာတာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

အဆိုပါရုံးသည် ပြည်သူတို့၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေသည့်ဝန်ဆောင်မှုပေးရန်နှင့် လာဘ်ပေးလာဘ်ယူမှု၊ အဂတိလိုက်စားမှုများကို တားမြစ်၍ ထိရောက်သောဝန်ဆောင်မှု အလေ့အကျင့်များ ပြုစုပျိုးထောင်ပေးနိုင်ရန်ရည်ရွယ်၍ဖွင့်လှစ်ထားရှိမည်ဖြစ်သည်။

**သန်းလွင်ဦး**

# ယခုလအတွင်း ကြက်သွန်နီဈေးနှုန်းများ ထပ်မံမြင့်တက်လာသောကြောင့် သထုံတွင် အဝယ်နည်းပါး

**သထုံ နိုဝင်ဘာ ၂၀**

တစ်ရှိန်ထိုးမြင့်တက်လျက်ရှိသော ကြက်သွန်နီ ဈေးနှုန်းများသည် ယခုလအတွင်း၌ တစ်ပိဿာလျှင် ကျပ် ၃၅၀၀ အထိ ထပ်မံမြင့်တက်လာခဲ့ရာ သုံးစွဲသူများက ချင့်ချိန်သုံးစွဲလာကြသဖြင့် သထုံမြို့နယ် ဈေးကွက်အတွင်း၌ ကြက်သွန်နီဝယ်ယူမှုနှုန်း ကျဆင်းလာကြောင်းသိရသည်။

"ပွဲရုံက ယူဈေးကိုကတက်တော့ ကျွန်မတို့လက်လီပြန်ရောင်းတော့ ဈေးတက်တာပေါ့။ အကြီးကို တစ်ပိဿာ ၃၅၀၀ ကျပ်၊ အလတ်က ၂၇၀၀ ကျပ်နဲ့ အသေးက ၂၂၀၀ ကျပ်လောက် ရောင်းတယ်။ ဈေးကမြင့်တော့ အဓိကဖောက်သည်တွေဖြစ်တဲ့ စားသောက်ဆိုင်ကြီးတွေတောင် လျှော့ချသုံးလာကြတယ်။ အညာဘက်မှာ ရေတွေကြီးပြီး စိုက်ခင်းတွေပျက်လို့ ဈေးတက်တယ်လို့ကြားတယ်။ လက်ကားအိတ်ဆွဲ ရောရာယူတာတောင် တစ်ပိဿာကို ၂၇၀၀ လောက်ဈေးနဲ့ ယူနေရတယ်။ ကြက်သွန်နီဈေးက တစ်ပတ်ထက်တစ်ပတ် တက်တက်လာတော့ ရောင်းရတာ အဆင်မပြေဘူး။ ပွဲရုံတွေကိုချိတ်ပြီး ဈေးကိုအမြဲစုံစမ်းနေရတယ်"ဟု သထုံဈေးအတွင်း ကြက်သွန်နီလက်လီရောင်းချနေသူ ဒေါ်ချိုမာက ပြောသည်။

သထုံမြို့နယ်အတွင်းရှိ ကြက်သွန်နီပွဲရုံအများစုသည် မိတ္ထီလာ၊ ပျော်ဘွယ်နှင့် မြင်းခြံနယ်များရှိ ကြက်သွန်စိုက်တောင်သူများထံမှ ဝယ်ယူရောင်းချနေခြင်းဖြစ်ကာ တောင်သူများထံမှ ဝယ်ယူရသည့်ဈေးနှုန်းမှာပင် မြင့်နေသောကြောင့် ပွဲရုံများက ဈေးကွက်သို့ပြန်ရောင်းချသည့် ဈေးနှုန်းများမှာလည်း မြင့်တက်လာခြင်းဖြစ်ကြောင်း ကြက်သွန်ပွဲရုံလုပ်ငန်းရှင်အချို့က ဆိုသည်။

**ဈေးကမြင့်တော့ အဓိကဖောက်သည်တွေဖြစ်တဲ့ စားသောက်ဆိုင်ကြီးတွေတောင် လျှော့ချသုံးလာကြတယ်။ အညာဘက်မှာ ရေတွေကြီးပြီး စိုက်ခင်းတွေပျက်လို့ ဈေးတက်တယ်လို့ကြားတယ်။ လက်ကားအိတ်ဆွဲရောရာယူတာတောင် တစ်ပိဿာကို ၂၇၀၀ လောက်ဈေးနဲ့ ယူနေရတယ်။ ကြက်သွန်နီဈေးက တစ်ပတ်ထက်တစ်ပတ် တက်တက်လာတော့ ရောင်းရတာ အဆင်မပြေဘူး။ ပွဲရုံတွေကိုချိတ်ပြီး ဈေးကိုအမြဲစုံစမ်းနေရတယ်. . .**



"အရင်ကဆို အခင်းထဲမှာ တစ်ပိဿာကို ၁၆၀၀ ကျပ်၊ ၁၇၀၀ ကျပ်လောက်နဲ့ ဝယ်လို့ရတယ်။ ခုက မရတော့ဘူး။ ကျပ် ၃၀၀၀ လောက် ပေးဝယ်နေရတာတောင် ကိုယ်လိုသလောက်မရဘူး။ နောက်ပြီး ဒီနှစ်မှာ မိုးဖျက်တော့ တောင်သူတွေက အထွက်နည်းတယ်။ မိုးမိထားတော့ တောင်သူအများစုက သူတို့လက်ထဲမှာ ပစ္စည်းကို ကြာကြာမထားဘဲ ရောင်းချပြီးကြပြီ။ ခုချိန်ကျတော့ တောင်သူတွေလက်ထဲမှာ ပစ္စည်းနည်းပြီး ရောင်းလိုအား နဲ့ဝယ်လိုအား မမျှတတာကြောင့် ဈေးတက်လာတာပါ။ ပိုက်ဆံရှိတဲ့ကုန်သည်တွေက ဝယ်လှောင်ထားတော့ ပိုဆိုးတာပေါ့။ အသစ်က ထွက်နေပြီဆိုပေမယ့် ဒီနှစ်အတွက် လုံလောက်တဲ့ပမာဏမရနိုင်တော့ ကြက်သွန်နီဈေးက ထပ်ပြီးတက်ဦးမယ်လို့ မြင်ပါတယ်"ဟု သထုံမြို့ မွန်ရှမ်းပွဲရုံမှ မမွှေးမွှေးက ပြောသည်။

သထုံမြို့နယ်အတွင်းရှိ ကြက်သွန်ပွဲရုံအများစုမှာ လတ်တလောတွင် ပစ္စည်းများပြတ်လတ်နေကြကြောင်း၊ ပြီးခဲ့သည့် မိုးကာလအတွင်းက ရေကြီးနစ်မြုပ်မှုများကြောင့် ကြက်သွန်စိုက်ခင်းများပျက်စီးခဲ့သဖြင့် ယခုနှစ်တွင် ကြက်သွန်နီအထွက်နောက်ကျကာ ပုံမှန်ကြက်သွန်နီအသစ် လှိုင်လှိုင်ထွက်ရှိချိန်၌ လာမည့် ဒီဇင်ဘာလတွင်လည်း ကြက်သွန်နီရှားပါးပြီး ဈေးများဆက်လက်မြင့်တက်နေမည်ကို စားသုံးသူများနှင့် ရောင်းချသူများက စိုးရိမ်လျက်ရှိနေကြကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# အသခ်ယာစောယွမ်းပုံတီရှပ်များ ရောင်းအားကောင်းဆဲဖြစ်

**စစ်ကိုင်း နိုဝင်ဘာ ၂၀**

စစ်ကိုင်းမြို့တည်မင်း အသခ်ယာစောယွမ်းပုံရိုက်နှိပ်ထားသည့် တီရှပ်အင်္ကျီများကို စစ်ကိုင်းမြို့တည်နန်းတည် နှစ် ၇၀၀ ပြည့်ပွဲတော်အထိမ်းအမှတ်အဖြစ် ထုတ်ဝေရောင်းချခဲ့ရာ ယခုအခါ ပွဲတော်ပြီးသွားသော်လည်း ကောင်းမှုတော်စေတီ ဈေးတန်း၌ ဆက်လက်ရောင်းချလျက်ရှိပြီး ဘုရားဖူးလာသည့် ပြည်သူများကလည်း အမှတ်တရအနေဖြင့် ဝယ်ယူလျက်ရှိရာ ရောင်းအားကောင်းနေဆဲဖြစ်ကြောင်း သိရသည်။

အဆိုပါတီရှပ်များကို အရောင်စုံ၊ ဒီဇိုင်းစုံ ထုတ်လုပ်ထားပြီး အရွယ်အစားလည်း အမျိုးမျိုးရှိကာ အရွယ်အလိုက် ဈေးနှုန်းအမျိုးမျိုးရှိကြောင်း၊ သုံးနှစ်လေးနှစ်အရွယ်ဝတ် ချိုင်းပြတ် အသေးတစ်ထည်လျှင် ကျပ် ၁၀၀၀၊ ခုနစ်နှစ်ရှစ်နှစ်အရွယ်ဝတ် လက်တိုတစ်ထည်လျှင် ကျပ် ၁၃၀၀၊ လူငယ်ဝတ်အရွယ်လက်တိုတစ်ထည်လျှင် ကျပ် ၁၅၀၀၊ လက်ရှည်တစ်ထည်လျှင် ကျပ် ၂၀၀၀နှင့် စွပ်ကျယ်ချိုင်းပြတ် တစ်ထည်လျှင် ကျပ် ၁၀၀၀ ခန့်ရှိကြောင်း၊ ကလေးဝတ်အရွယ်အတွက် ဝမ်းဆက်ဝတ်စုံများလည်းရှိပြီး တစ်စုံလျှင် ကျပ်နှစ်ထောင်ခန့်ရှိသည်။ အမျိုးသမီးဝတ်အင်္ကျီများမှာ လက်တိုတစ်ထည်လျှင် ကျပ် ၁၅၀၀ မှ ၂၀၀၀ ခန့်အထိ ရောင်းချရကြောင်း သိရသည်။

ကောင်းမှုတော်စေတီရှိ ဈေးတန်းမှ ဆိုင်များတွင် စစ်ကိုင်းမြို့ အနှစ် ၇၀၀ ပြည့်အမှတ်တရ အင်္ကျီများအပြင် ချင်းမိုင်ထည်များ၊ ပခုက္ကူထည်များ၊ မြင်းခြံထည်များ၊ သနပ်ခါးတုံးများ၊ ကျောက်ပြင်များ၊ စစ်ကိုင်းထွက် ကြိမ်ထည်ပစ္စည်းများစသည့် အမှတ်တရပစ္စည်းများကို ရောင်းချကြပြီး ကျေးရွာများမှထွက်ရှိသည့် နှမ်းပျစ်၊ မြေပဲယို၊ နွားနို့ယိုစသည့် ဒေသထွက် စားသောက်ဖွယ်ရာများကိုလည်း ရောင်းချကြကြောင်း၊ တန်ဆောင်တိုင် မီးထွန်းပွဲတော်ရက်တွင်လည်း ဘုရားဖူးသူများဖြင့် အထူးစည်ကားလေ့ရှိကြောင်း သိရသည်။

**ခိုင်ဇေယျ**





**ကချင်ပြည်နယ် တနိုင်းမြို့ ကင်ဆားရာရပ်ကွက်၌ ဩဂုတ်လအတွင်းက စတင်တည်ဆောက်ခဲ့သော တနိုင်းမြို့နယ်မီးသတ်စခန်း၏ တည်ဆောက်မှုများ ၅၀ ရာခိုင်နှုန်းကျော် ပြီးစီးနေသည်ကို နိုဝင်ဘာ ၁၆ ရက်က တွေ့ရစဉ်။** (အဆိုပါမီးသတ်စခန်းသည် အလျား ၆၅ ပေ၊ အနံ ၅၂ ပေနှင့် အမြင့် ၂၆ ပေရှိ အာရ်စီနှစ်ထပ်အဆောက်အအုံဖြစ်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ကျပ် ၁၈၂ သန်းဖြင့် တည်ဆောက်နေခြင်းဖြစ်သည်။) **ဆီမီးခုံ-နန်းရီ**

# တန်ဆောင်မုန်းလ ရိုးရာပွဲတော်များအတွင်း မြန်မာ့ဆက်သွယ်ရေးမှ လှူဒါန်းမှုများ ပြုလုပ်သွားမည်

**ရန်ကုန် နိုဝင်ဘာ ၂၀**

တန်ဆောင်မုန်းလ မီးထွန်းပွဲတော်ကာလအတွင်း မြန်မာပြည်သူပြည်သားများနှင့်အတူ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(MPT)က လှူဒါန်းမှုများပြုလုပ်ကာ ပါဝင်ဆင်နွှဲသွားမည်ဖြစ်ကြောင်း သိရသည်။

ကျိုက်ထီးရိုးဘုရားရင်ပြင်တော်ပေါ်၌ နိုဝင်ဘာ ၂၈ ရက်တွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ဆီမီး ၉၀၀၀ ပူဇော်မည်ဖြစ်ပြီး ကျိုက်ထီးရိုးဘုရား ပြုပြင်တည်ဆောက်ရေးအတွက် အလှူငွေများကိုလည်း ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ပြည်မြို့၌ နိုဝင်ဘာ ၁၉ ရက်မှ ၂၆ ရက်အတွင်း ကျင်းပမည့် ရွှေဆံတော်ဘုရားပွဲတော်နှင့် ကသာမြို့၌ နိုဝင်ဘာ ၂၂ရက်မှ ၂၆ ရက်အတွင်း ကျင်းပမည့် သက်ပန်ဘုရားပွဲတော်များတွင်လည်း MPT ပြခန်းများဖွင့်လှစ်ကာ ဘုရားဖူးများ ပျော်ရွှင်စေရန် မျက်လှည့်ပွဲများ၊ ဉာဏ်စမ်းအမေးအဖြေများ ထည့်သွင်းပြုလုပ်မည်ဖြစ်သည်။ ပြည်ရွှေဆံတော်ဘုရားပွဲ ဗုဒ္ဓမြတ်စွယ်တော် လှည့်လည်အပူဇော်ခံပွဲတွင်လည်း ဖောင်တော်များအတွက် အလှူငွေ ကျပ် ၃၈ သိန်းကို လှူဒါန်းသွားမည်ဖြစ်သည်။

တန်ဆောင်မုန်းလပြည့်နေ့တွင်လည်း ပြည်မြို့ ရွှေဆံတော်ဘုရား၊ ရန်ကုန်မြို့ ရွှေတိဂုံဘုရားနှင့် မန္တလေးမြို့ မဟာမြတ်မုနိဘုရားကြီး၌ လာရောက်ဘုရားဖူးသူ အများပြည်သူအား ဆီမီးပူဇော်နိုင်ရန် ဖယောင်းတိုင်များနှင့် ယောဂီတဘက်များကို ဝေငှလှူဒါန်းသွားမည်ဖြစ်သည်။

**ကျော်ထူး(မန္တလေး)**

## ပြည်သူ့ဝန်ဆောင်မှုရုံးရှိ ဝန်ထမ်းများ လုပ်ငန်းခွင်စွမ်းဆောင်ရည်မြှင့်မားရေး ထပ်ဆင့်ရှင်းလင်း

**ကော့ကရိတ် နိုဝင်ဘာ ၂၀**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံး၌ တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများ လုပ်ငန်းခွင်စွမ်းဆောင်ရည် မြှင့်မားစေရန်အတွက် သင်တန်းပို့ချခြင်းကို နိုဝင်ဘာလ ဒုတိယပတ်က ပြည်သူ့ဝန်ဆောင်မှုရုံး၌ ပို့ချခဲ့သည်။

အဆိုပါသင်တန်းကို နေပြည်တော်၌ သင်တန်းတက်ရောက်ခဲ့သော ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်ကျော်ထွန်းက တာဝန်ကျဝန်ထမ်းများ၊ တာဝန်ခံအရာရှိများကို ထပ်ဆင့်ရှင်းလင်းပို့ချခဲ့ပြီး စက်တင်ဘာ ၂၉ ရက်တွင်လည်း တစ်ကြိမ်ပို့ချခဲ့ကာ ယခုအကြိမ်သည် ဒုတိယအကြိမ်မြောက်ဖြစ်ကြောင်းလည်း သိရှိရသည်။

**စိုးထက်အောင်(ကော့ကရိတ်)**

## မင်းတပ်မြို့၌ ကျား/မတန်းတူရေးနှင့် ဓလေ့ထုံးတမ်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**မင်းတပ် နိုဝင်ဘာ ၂၀**

နိုင်ငံတော်၏ ဘက်စုံကဏ္ဍဖွံ့ဖြိုးမှုများဆောင်ရွက်ရာတွင် အမျိုးသမီးများ၏အခန်းကဏ္ဍကို မြှင့်တင်ပေးလိုသည့်ရည်ရွယ်ချက်ဖြင့်ပြုလုပ်သည့် ကျား/မတန်းတူရေးနှင့် ဓလေ့ထုံးတမ်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီက မင်းတပ်မြို့ အထက(၁)ခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုးက အမှာစကားပြောကြားသည်။

နိုဝင်ဘာ ၈ ရက်က ကန်ပက်လက်မြို့နယ်မှ ၂၀၊ မတူပီမြို့နယ်မှ ၂၀နှင့် မင်းတပ်မြို့မှ ၄၀ တို့ တက်ရောက်ဆွေးနွေးကြသည့် အလုပ်ရုံမှရလဒ်များကို တက်ရောက်လာကြသူများထံသို့ ထပ်မံဆွေးနွေး တင်ပြခဲ့ကြကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် ဌာနဆိုင်ရာများ၊ NGO အဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မြို့နယ်အဆင့် မြန်မာစာစွမ်းရည်ပြိုင်ပွဲကျင်းပ

**ရေး နိုဝင်ဘာ ၂၀**

မွန်ပြည်နယ် ရေးမြို့ အထက(၁)ကျောင်း ပညာရတနာခန်းမဆောင်၌ မြို့နယ်အဆင့် မြန်မာစာစွမ်းရည်ပြိုင်ပွဲကို နိုဝင်ဘာ ၁၉ ရက်က ကျင်းပခဲ့သည်။

အဆိုပါ မြန်မာစာစွမ်းရည်ပြိုင်ပွဲတွင် အခြေခံပညာကျောင်းများရှိ စတုတ္ထတန်း၊ အဋ္ဌမတန်းနှင့် ဒသမတန်းများမှ မြန်မာစာမေးခွန်းများကို မေးမြန်းခဲ့ပြီး စတုတ္ထတန်းမှ တစ်နာရီမေးခွန်းကို ကျောင်းသား ကျောင်းသူ ၃၁ ဦးကလည်းကောင်း၊ အဋ္ဌမတန်းမှ တစ်နာရီခွဲမေးခွန်းကို ကျောင်းသား ကျောင်းသူ ၂၅ ဦးကလည်းကောင်း၊ ဒသမတန်းမှ နှစ်နာရီမေးခွန်းကို ကျောင်းသား ကျောင်းသူ ၁၄ ဦးကလည်းကောင်း ဝင်ရောက်ဖြေဆိုခဲ့ကြောင်း သိရသည်။

ယခုကျင်းပသည့် မြို့နယ်အဆင့်ပြိုင်ပွဲမှ ထူးချွန်သည့် ကျောင်းသား ကျောင်းသူများအနေဖြင့် ပြည်နယ်အဆင့်တွင် သွားရောက်ယှဉ်ပြိုင်ကြရမည်ဖြစ်ကြောင်း၊ မြန်မာစာစွမ်းရည်ပြိုင်ပွဲကို ကျောင်းသား ကျောင်းသူများ မြန်မာစာအရေးသားပိုင်း ကျွမ်းကျင်းစေရန်၊ မြန်မာဘာသာစကားများကို ပိုင်ပိုင်နိုင်နိုင်ကျွမ်းကျင်စွာ ရေးသားပြောဆိုနိုင်ရန်ရည်ရွယ်၍ မြန်မာနိုင်ငံ မြန်မာစာအသင်းကကြီးမှူးကျင်းပပေးနေခြင်းဖြစ်ပြီး မြို့နယ်အဆင့်၊ ပြည်နယ်အဆင့်နှင့် ဗဟိုအဆင့်အထိ ပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူး ဒေါ်မိုးမိုးအေးထံမှ သိရသည်။

**နေမျိုးထွဋ်(ရေး)**

## ပင်းတယမြို့နယ်၌ ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းဆောင်သစ် ဖွင့်ပွဲကျင်းပ

**ပင်းတယ နိုဝင်ဘာ ၂၀**

ရှမ်းပြည်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ် ကူးကော်ကျေးရွာအုပ်စု နွားကွေ့ကျေးရွာ၌ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲကို နိုဝင်ဘာ ၁၉ ရက်က ကျင်းပခဲ့သည်။

အဆိုပါ ကိုယ့်အားကိုယ်ကိုး အခြေခံပညာမူလတန်းကျောင်းဆောင်သစ်ကို ဆရာတော် ဓမ္မဒူတ ဒေါက်တာဆေကိန္ဒက အလှူငွေကျပ်သိန်း ၁၅၀ဖြင့် မတည်လှူဒါန်း၍ ပင်းတယမြို့နယ် ဆရာဝန်ကြီး ဒေါက်တာသန်းမင်းထွန်းက ဦးစီး၍ ၂၀၁၅ ခုနှစ် ဧပြီလမှ စတင်တည်ဆောက်ခဲ့ကြောင်း၊ စာသင်ကျောင်းမှာ အလျား ပေ ၉၀၊ အနံ ပေ ၃၀ဖြစ်ပြီး ကျောင်းဆောင်သစ်နှင့်အတူ ရေလောင်းအိမ်သာနှင့် ရေတွင်းတစ်တွင်းပါဝင်ကာ အောက်တိုဘာလအတွင်း ပြီးစီးခဲ့သဖြင့် ဖွင့်ပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

နွားကွေ့ကျေးရွာသည် ပင်းတယမြို့နယ်နှင့် ရွာငံမြို့နယ်အကြားတွင် တည်ရှိကာ ကျေးရွာရှိကလေးငယ်များမှာ ပညာသင်ကြားရေးအတွက် ဝေးလံသောနေရာများသို့ သွားရောက်နေရသဖြင့် အခက်အခဲများဖြစ်ပေါ်ခဲ့သောကြောင့် ယခုကိုယ့်အားကိုယ်ကိုး အခြေခံပညာမူလတန်းကျောင်းဆောင်သစ်ကို ဆောက်လုပ်ခြင်းဖြစ်ကြောင်း၊ ကျောင်းဆောင်သစ်တည်ဆောက်ပြီးစီးသဖြင့် ကျောင်းသား ကျောင်းသူ ကလေးငယ်များအတွက် ပညာသင်ကြားရန် လွယ်ကူသွားပြီဖြစ်ကြောင်း၊ မကြာမီအချိန်အတွင်းတွင် အဆိုပါကျောင်းဆောင်သစ်ကို ပညာရေးဌာနသို့လွှဲပြောင်းပေးအပ်ပြီး ဆရာ ဆရာမများခန့်အပ်ကာ ပညာသင်ကြားမှုများ စတင်မည်ဖြစ်ကြောင်း သိရသည်။

**မိုးမိုးထွေး(ပင်းတယ)**

## မဟာခေတ်အားလိုင်းလုပ်ငန်းကြောင့် သီးနှံပျက်စီးဆုံးရှုံးသည့်တောင်သူများအား လျော်ကြေးပေးအပ်

**မိတ္ထီလာ နိုဝင်ဘာ ၂၀**



မိတ္ထီလာမြို့နယ်အတွင်း ဖြတ်သန်းသော သပြေဝ(မိတ္ထီလာ)-နေပြည်တော်-တောင်ငူ ၅၀၀ ကေဗွီအေ မဟာခေတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ရာ၌ သီးနှံပင်များ ပျက်စီးဆုံးရှုံးခဲ့သည့် တောင်သူများအား လျော်ကြေးငွေပေးအပ်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၁၉ ရက်က ပြုလုပ်ခဲ့သည်။

သီးနှံလျော်ကြေးငွေ ပေးအပ်ပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံက လျော်ကြေးငွေပေးအပ်ရခြင်း အကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မဟာခေတ်အားလိုင်း တည်ဆောက်ရာတွင် သီးနှံပင်များ ပျက်စီးဆုံးရှုံးခဲ့သည့် လိန်တော၊ ညောင်ပင်လှိုု၊ ရွှေစစ်သည်၊ မွေ၊ ဆည်အောင်၊ အိုင်ကြီးလည်၊ မုန်တိုင်၊ အလည်ရွာနှင့် ဆပ်ပြာကျင်းကျေးရွာအုပ်စု ကိုးခုရှိ ကျေးရွာပေါင်း ၂၈ ရွာမှ တောင်သူ ၂၇၅ ဦးအား လျော်ကြေးငွေများကို ပေးအပ်ခဲ့သည်။

ပျက်စီးဆုံးရှုံးသွားသည့် သီးနှံပင်အမျိုးအစားနှင့် သီးနှံအနည်းအများ ပမာဏအလိုက် လျော်ကြေးငွေ စုစုပေါင်း ၂၆၇၄၉၈၈၀ ကျပ်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးလှိုင်၊ ခေတ်အားပို့လွှတ်ရေးစီမံကိန်း (မြောက်ပိုင်း) မိတ္ထီလာမန်နေဂျာရုံး(၂)မှ အင်ဂျင်နီယာမှူးကြီး ဦးသိန်းလွင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။

**ချမ်းသာ (မိတ္ထီလာ)**

## အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်(TSDP)အရ အားကစားပြိုင်ပွဲများကျင်းပမည်

**မုံရွာ နိုဝင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ရုံးစိုက်ရာမြို့နယ်များတွင် မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (Township Sport Development Programme-TSDP)အရ အားကစားပြိုင်ပွဲများ ကျင်းပလျက်ရှိရာ မုံရွာမြို့၌လည်း မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဖလား တင်းနစ်၊ မီနီမာရသွန်၊ ကာယဗလမောင်နှင့် ရပ်ကွက်ပေါင်းစုံဖူဆယ်ပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"မြို့နယ်တွေမှာ အားကစားကဏ္ဍတွေဖွံ့ဖြိုးတိုးတက်စေဖို့အတွက် အားကစားဝန်ကြီးဌာနရဲ့ လမ်းညွှန်မှုအရ ကျွန်တော်တို့မုံရွာမြို့မှာ အားကစားလေးမျိုးကို ဒီဇင်ဘာနောက်ဆုံးပတ်အထိ ကျင်းပသွားမှာပါ။ ပထမဆုံး အားကစားပြိုင်ပွဲဖြစ်တဲ့ တင်းနစ်ပြိုင်ပွဲကိုတော့ မြသလ္လာတင်းနစ်ကွင်းမှာ နိုဝင်ဘာ ၁၇ ရက်က စပြီး ကျင်းပနေပါပြီ။ ကျန်တဲ့အားကစားနည်းသုံးမျိုးကိုလည်း ဆက်ပြီးကျင်းပသွားမှာပါ"ဟု မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မုံရွာမြို့နယ် အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (TSDP)အရ ကျင်းပသည့် တင်းနစ်ပြိုင်ပွဲကို မြသလ္လာတင်းနစ်ကွင်းတွင် နိုဝင်ဘာ ၁၇ ရက်မှ ၁၉ ရက်အထိလည်းကောင်း၊ မီနီမာရသွန်ပြိုင်ပွဲကို နိုဝင်ဘာ ၂၀ ရက်တွင်လည်းကောင်း၊ ကာယဗလမောင်ပြိုင်ပွဲကို တိုင်းဒေသကြီးအားကစားကွင်းအတွင်းရှိ မိုးလုံလေလုံအားကစားရုံ၌ နိုဝင်ဘာ ၂၂ ရက်တွင်လည်းကောင်း၊ ရပ်ကွက်ပေါင်းစုံဖူဆယ်ပြိုင်ပွဲကို တိုင်းဒေသကြီးအားကစားကွင်းရှိ ဖူဆယ်အားကစားရုံကြီး၌ ဒီဇင်ဘာ ၇ ရက်မှ ၂၀ ရက်အထိလည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်(TSDP)အရ ပထမအကြိမ်အဖြစ် ချောင်းဦး၊ ပုလဲ၊ မင်းကင်း၊ ဒီပဲယင်းနှင့် စစ်ကိုင်းမြို့များတွင် ကျင်းပခဲ့ပြီး ဒုတိယအကြိမ်အဖြစ် ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန ရုံးစိုက်ရာမြို့များဖြစ်သော မုံရွာ၊ ရွှေဘို၊ မြင်းမူ၊ ကလေးနှင့် ကသာမြို့များတွင် တစ်မြို့နယ်လျှင် အားကစားနည်းလေးမျိုးဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

## စပါးရိတ်သိမ်းခြွေလှေ့စက်များကြောင့် လုပ်သားအခက်အခဲကို ပြေလည်စေ ညောင်လေးပင်မြို့နယ်မှ လယ်ယာလုပ်ငန်းများ ပိုမိုအဆင်ပြေလျက်ရှိ

**ညောင်လေးပင် နိုဝင်ဘာ ၂၀**



ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်အတွင်းရှိ စပါးစိုက်ပျိုးသော ကျေးရွာများ၌ ယခုနှစ် မိုးစပါးရိတ်သိမ်းချိန်တွင် ခေတ်မီရိတ်သိမ်းခြွေလှေ့စက်များကို စတင်အသုံးပြုလာကြပြီး တောင်သူများအတွက် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ညောင်လေးပင်မြို့ ၄ုက်ပျောတောကျေးရွာ အရှေ့ကွင်းများ၌ ယခင်က စပါးရိတ်သိမ်းရာတွင် လူဖြင့်ရိတ်သိမ်းကြပြီး အလုပ်သမားရှားပါးသောကြောင့် အခက်အခဲများရှိခဲ့ကြောင်း၊ ယခုနှစ်တွင် စပါးရိတ်သိမ်းခြွေလှေ့စက်ကို စတင်အသုံးပြုသည့်အခါ အလုပ်သမား ငှားရမ်းသည်ထက် စရိတ်ကုန်ကျမှုလည်း ပိုသက်သာပြီး အချိန်ကုန်လည်း သက်သာကြောင်း၊ အမိုးအကာအောက် ရောက်သည်အထိ အချိန်တိုအတွင်း သိမ်းဆည်းနိုင်ကြောင်း၊ ညောင်လေးပင်မြို့နယ်အတွင်း ယခုနှစ်တွင် စပါးခြွေလှေ့စက်များ စတင်ငှားရမ်းအသုံးပြုရာ၌ တစ်ဧကလျှင် ကျပ်ငါးသောင်းနှုန်းဖြင့် ငှားရမ်းရကြောင်း လယ်ယာလုပ်ငန်းပိုင်ရှင်တစ်ဦးဖြစ်သူ ဒေါ်သန်းသန်းထွေးက ပြောသည်။

ညောင်လေးပင်မြို့နယ်မှ စပါးစိုက်ပျိုးသော တောင်သူများအနေဖြင့် ရိတ်သိမ်းခြွေလှေ့စက်များကို အသုံးပြုခြင်းဖြင့် အချိန်တိုအတွင်း ရိတ်သိမ်းပြီးစီးကာ ဆောင်းသီးနှံဖြစ်သော ပဲနှင့် နှမ်းများကို အချိန်တိုအတွင်း ဆက်လက် စိုက်ပျိုးနိုင်သောကြောင့် အဆင်ပြေကြောင်း၊ ယခုနှစ်တွင် ရိတ်သိမ်းခြွေလှေ့စက်မှာ တစ်စီးသာရှိသဖြင့် နောင်နှစ်များတွင် နိုင်ငံတော်မှ ရိတ်သိမ်းခြွေလှေ့စက်များ ကူညီပံ့ပိုးငှားရမ်းပေးပါက တောင်သူများအတွက် ပို၍အဆင်ပြေမည်ဖြစ်ကြောင်း ဒေသခံတောင်သူများက ပြောကြားလျက်ရှိသည်။

**ခင်အောင်လှိုင်(ညောင်လေးပင်)**

# အကြိတ်အနယ်နွှဲကြရမယ့် ပြင်သစ် လီဂူး-၁ ပွဲစဉ်(၁၄)

မိုးမြင့်လင်းလက်

*ပြင်သစ်မြေက လီဂူး-၁ ပွဲစဉ်(၁၄)ကို နိုဝင်ဘာ ၂၂ရက်မှာ ယှဉ်ပြိုင်ကစားကြပါဦးမယ်။ ဥရောပဝင်ခွင့်အတွက် ကြိုးစားနေတဲ့အသင်းတွေရဲ့အားထုတ်မှုနဲ့ တန်းမဆင်းရရေးအားပြိုင်ကြမယ့် အသင်းငယ်တွေရဲ့ ရင်ဆိုင်တွေ့ဆုံမှုတွေကလည်း ပရိသတ်တွေအတွက် စိတ်လှုပ်ရှားစရာပါပဲ။ ဒီပွဲစဉ်မှာ တန်းစီဇယားထိပ်ဆုံးကအသင်းတွေ အပြောင်းအလဲဖြစ်နိုင်တာမို့ ရင်ခုန်ရဦးမယ့်ပွဲတွေအဖြစ် မြင်တွေ့ရဦးမှာဖြစ်ပါတယ်။*

**မိုနာကိုနှင့် နန်တက်စ်**

ဒီတစ်ပတ်ရဲ့ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ငါးပွဲ ရလဒ်ကိုကြည့်ရင် မိုနာကိုက လေးပွဲနိုင်ခဲ့ပြီး သရေတစ်ပွဲပဲဖြစ်ခဲ့ပါတယ်။ ဒါပေမယ့် နိုင်ပွဲအားလုံးဟာ ရလဒ်ပြတ်သားမှုမရှိတာကို သတိပြုရမှာဖြစ်တာမို့ နန်တက်စ်ရဲ့အားထုတ်မှုစွမ်းရည်ကို ကြည့်ရမှာဖြစ်ပါတယ်။ နန်တက်စ်ရဲ့ လောလောဆယ်ကစားအားက မာဆေးနဲ့ မောင့်ပယ်လီဟာကို ရှုံးခဲ့ပြီး နိုက်စ်အသင်းကိုတော့ အနိုင်ရခဲ့ပါတယ်။ မိုနာကိုတို့ကလည်း ရလဒ်တွေဆိုးရွားနေတာမို့ အခုပွဲ အိမ်ကွင်းဆိုပေမယ့် အနေအထားရှိပါတယ်။

**မောင့်ပယ်လီယာနှင့် ရမ်းစ်**

လိုရီရန့်၊ နန်တက်စ်နဲ့ တူးလော့အသင်းတွေကို ရှုံးပွဲမရှိအောင် ကစားထားနိုင်တဲ့ မောင့်ပယ်လီယာတို့ဟာ ရှုံးပွဲတွေဆက်တိုက်ဖြစ်ပေါ်နေတဲ့ ရမ်းစ်နဲ့ တွေ့ဆုံမှုက အခွင့်အရေးတစ်ရပ်ဖြစ်လာမလား စောင့်ကြည့်ရမှာဖြစ်ပါတယ်။ တန်းဆင်းဇုန်ထဲ ပြန်မဆင်းရရေး ခြေကုန်ထုတ်လာမယ့် မောင့်ပယ်လီယာတို့အနေနဲ့ အိမ်ကွင်းလည်းဖြစ်တာမို့ ရမ်းစ်အသင်းကို အမှတ်ခွဲပေးဖို့တော့ကြိုးစားခက်ခဲပါလိမ့်မယ်။ ဒါပေမယ့် အမှတ်လိုအပ်နေတဲ့ အိမ်ရှင်တို့ကပဲ ကပ်ပြီးနိုင်ပွဲရသွားဖို့အခွင့်ရေးများပါတယ်။



**ဂူရင်ဂမ့်နှင့် တူးလော့**

အိမ်ကွင်းမှာ ခြေစွမ်းပြနေတဲ့ ဂူရင်ဂမ့်တို့က အခုပွဲမှာ အမှတ်ပြည့်ရယူရေးကြိုးစားပါလိမ့်မယ်။ တူးလော့တို့က လီဂူးမှာ တန်းဆင်းဇုန်အတွင်းကျဆင်းနေလို့ အခုပွဲမှာ အပြင်းအထန် ရုန်းကန်လာပါလိမ့်မယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးငါးပွဲတွေ့ဆုံမှုမှတ်တမ်းကိုကြည့်ရင် ဂူရင်ဂမ့်တို့ နှစ်ပွဲနိုင်ပြီး သရေနှစ်ပွဲဖြစ်ကာ တူးလော့က တစ်ပွဲနိုင်ထားပါတယ်။ အိမ်ကွင်းမှာ အားထည့်ကစားတတ်တဲ့ ဂူရင်ဂမ့်တို့ပဲ အခုပွဲမှာ အောင်ပွဲခံပါလိမ့်မယ်။

**ထရိုရက်စ်နှင့် လိုင်လီ**

ဒီနှစ် လီဂူး-၁မှာ အခုချိန်အထိ နိုင်ပွဲဈေးဦးမပေါက်သေးတဲ့ ထရိုရက်စ်တို့အတွက် အခုပွဲအိမ်ကွင်းမှာ ကစားရပေမယ့် ပွဲမချောင်ပါဘူး။ လိုင်လီတို့က ကစားရခက်တဲ့အသင်းဖြစ်ပြီး မမျှော်လင့်ဘဲခြေစွမ်းပြတတ်တာ သတိပြုရမှာပါ။ ဒါပေမယ့် ဒီနှစ် လီဂူး-၁မှာ အဝေးကွင်းတစ်ပွဲမှ နိုင်ပွဲမရသေးတဲ့ လိုင်လီတို့ ခြေစွမ်းကလည်း အားရစရာတော့မရှိပါဘူး။ အိမ်ကွင်းမှာ ရမှတ်စုဆောင်းဖို့ ကြံရွယ်ထားတဲ့ ထရိုရက်စ်တို့အနေနဲ့ အနိမ့်ဆုံးတစ်မှတ်တော့ရနိုင်မယ့်မှာ မဟုတ်ပါဘူး။ ဒီနှစ်သင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်ကိုကြည့်ရင် မောင့်ပယ်လီယာတို့ တစ်ပွဲရှုံးခဲ့ပါတယ်။ လောလောဆယ်မှာ အိမ်ကွင်းကစားတဲ့ပွဲတိုင်း သရေရလဒ်မထွက်ပေါ်ခဲ့တာမို့ ဒီပွဲမှာ အနိုင်ဆိုတာ အိမ်ရှင်တို့အတွက်ပဲဖြစ်ပါလိမ့်မယ်။

**ဘက်စ်တီယာနှင့် ဂါဇီလက်**

ကိန်းအသင်းကို အနိုင်ကစားပြီး လိုင်လီအသင်းကို တစ်ဂိုးစီသရေပွဲဖြစ်ထားတဲ့ ဘက်စ်တီယာတို့ဟာ ခြေစွာနေတဲ့ ဂါဇီလက်ကို ပွဲကျပ်အဖြစ် အိမ်ကွင်းမှာ ဧည့်ခံကစားရမှာဖြစ်ပါတယ်။ နိုက်စ်၊ ဘော်ဒိုး၊ ရမ်းစ်အသင်းတွေကို ဆက်တိုက်နိုင်ပွဲတွေပြန်ရလာတဲ့ ဂါဇီလက်ဟာ တန်းဆင်းဇုန်ထဲက အပြီးရုန်းထွက်ဖို့အတွက် ဒီပွဲကို အဝေးကွင်းဖြစ်ပေမယ့် မရမကနိုင်ပွဲရအောင် ခြေကုန်ဖွင့်ကြိုးစားပါလိမ့်မယ်။ တိုက်စစ်ရော ခံစစ်ပိုင်းမှာပါ အားနည်းနေတဲ့ ဘက်စ်တီယာတို့ ဒီပွဲမှာ တစ်မှတ်ရဖို့တောင် ခက်ခဲစွာကြိုးစားရဖို့ရှိနေပြီး အိမ်ကွင်းဆိုပေမယ့် မျှော်လင့်ချက်ထားလို့မရတဲ့အခြေအနေပါ။ ဂါဇီလက်ရဲ့ အောင်ပွဲခံစိတ် ဆူဝေနေတဲ့ ကစားသမားတွေကြောင့် ဂါဇီလက်ပရိသတ်တွေရဲ့ အပြုံးပန်းတွေဝေဆာမယ့်ပွဲဖြစ်ပါလိမ့်မယ်။ အကြိုက်က ဂါဇီလက်ဖြစ်ပြီး အနိုင်ဆိုတာလည်း ဧည့်သည်တို့ပဲဖြစ်ဖို့များပါတယ်။ ။



# ဆန်ချက်ဇ်ကို တစ်ပတ် ပေါင် ၁၅၅၀၀၀ ပေးတော့မည်

အာဆင်နယ်အနေဖြင့် တိုက်စစ်မှူး ဆန်ချက်ဇ်ကို ထပ်မံစာချုပ်ဖို့ ဆွေးနွေးနေပြီဖြစ်ပါတယ်။ ဆန်ချက်ဇ်ဟာ အာဆင်နယ်အသင်းရဲ့ အဓိက ကစားသမားအဖြစ်ကစားလျက်ရှိပြီး တိုက်စစ်တွင် ဂိုးပေါက်ဖန်တီးမှု အကောင်းဆုံးကစားသမားလည်း ဖြစ်ပါတယ်။ ဒီအတွက် နည်းပြ အာစင်ဝင်းဂါးအနေနဲ့ ဆန်ချက်ဇ်ကို ထပ်မံစာချုပ်ဖို့ ဆွေးနွေးနေတာဖြစ်ပါတယ်။ မကြာမီ စာချုပ်နိုင်ဖွယ်ရှိပါတယ်။ ဆန်ချက်ဇ်ကို အာဆင်နယ်က တစ်ပတ် ပေါင် ၁၅၅၀၀၀နဲ့ ငါးနှစ်ထပ်မံစာချုပ်ဖွယ်ရှိပါတယ်။ အာဆင်နယ်အသင်းအနေနဲ့ ဆန်ချက်ဇ်ကို ငါးနှစ်သက်တမ်းစာချုပ်နိုင်မယ်လို့ မျှော်လင့်ထားတယ်လို့ဆိုပါတယ်။ ဒီအတောအတွင်း အိုဇေးလ်ကိုလည်း အာဆင်နယ်က ထပ်မံစာချုပ်ဖို့ကြိုးစားနေပြီလို့ဆိုပါတယ်။ ဒီကစားသမားနှစ်ယောက်စလုံးဟာ လက်ရှိစာချုပ်သက်တမ်း နှစ်နှစ်သာကျန်ရှိပါတော့တယ်။ ဆန်ချက်ဇ်ဟာ လက်ရှိ ပေါင် ၁၃၀၀၀၀ အထိသာရပါတယ်။ အိုဇေးလ်က တစ်ပတ်ကို ပေါင် ၁၄၀၀၀၀ ရရှိနေတာပါ။ အာဆင်နယ်အနေနဲ့ ထပ်မံစာချုပ်မှုအရ တစ်ပတ်လုပ်ခတွေ တိုးမြှင့်ပေးရဖွယ်ရှိနေပါတယ်။



# အနည်းဆုံး တစ်လနားရဦးမယ့် ဘာလော့တယ်လီ

အေစီမီလန် တိုက်စစ်မှူး ဘာလော့တယ်လီဟာ ကြွက်သားခွဲစိတ်မှုခံရပြီးနောက် လေးပတ်အနားယူရဖွယ်ရှိပါတယ်။ အသက် ၂၅နှစ်အရွယ်ရှိ ဘာလော့တယ်လီကို လီဗာပူးမှ တစ်ရာသီ အငှားခေါ်ယူထားပြီး စက်တင်ဘာ ၂၇ ရက်ကတည်းက ဒဏ်ရာကြောင့် ကစားနိုင်ခြင်းမရှိပါဘူး။ ဘာလော့တယ်လီဟာ စီးရီးအေကို ပြန်ရောက်လာပြီး လေးပွဲသာကစားခဲ့ရပါသေးတယ်။ သို့ပေမယ့် အေစီမီလန်အတွက် တစ်ဂိုးသွင်းယူထားပါတယ်။ ဘာလော့တယ်လီဟာ လီဗာပူးမှာလည်း ပြီးခဲ့တဲ့ရာသီက ဒဏ်ရာတွေကြောင့် အကောင်းဆုံးကစားနိုင်ခဲ့ခြင်းမရှိခဲ့ပါဘူး။ လက်ရှိအချိန်မှာတော့ နည်းပြ မီဟာဂျိုဗစ်ရဲ့ အေစီမီလန်အသင်းဟာ ဇယားနံပါတ် ၆ နေရာမှာ ရပ်တည်နေတာပါ။ ဘာလော့တယ်လီအနေဖြင့် ခြေစွမ်းရှိတဲ့ တိုက်စစ်မှူးဖြစ်သော်လည်း ဒဏ်ရာများကြောင့် ပြိုင်ပွဲအများစုနဲ့ လွဲချော်လျက်ရှိပါတယ်။

ကောင်းမြတ်သူ - စုစည်းသည်။



# မန်ယူအလိုရှိနေတဲ့ ရစ်ချီ

မန်ယူ၊ ဝက်စ်ဘရွန်းနဲ့ ဝက်စ်ဟမ်းတို့က စကော့တလန်လက်ရွေးစင်ကစားသမား မတ်ရစ်ချီကိုခေါ်ယူဖို့ စိတ်ဝင်စားနေကြပါတယ်။ ဘုန်းမောက်တောင်ပံတိုက်စစ်မှူး မတ်ရစ်ချီဟာ ယခုနှစ်ပရီမီယာလိဂ်မှာ ခြေစွမ်းပြကစားနေတဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။ ရစ်ချီကို ပရီမီယာလိဂ်ထိပ်တန်းကလပ်အသင်းတွေ အပြိုင်ခေါ်ယူဖို့ကြိုးစားနေကြတာပါ၊ ဘုန်းမောက်ကတော့ သူ့ရဲ့တိုက်စစ်မှူးကိုရောင်းထုတ်ရမှာ တွန့်ဆုတ်နေတာပါ။ ဒါပေမယ့်လည်း အသက် ၂၆ နှစ် အရွယ်ရှိတဲ့ တိုက်စစ်မှူးရစ်ချီကို အနိမ့်ဆုံး ပေါင် ငါးသန်းပေးရင် ရောင်းချဖွယ်ရှိနေပါတယ်။ လာမယ့် ဇန်နဝါရီလအပြောင်းအရွှေ့ ရာသီမှာ ရစ်ချီကို ပရီ မီယာလိဂ် ထိပ်တန်းကလပ်တွေက အပြိုင်ခေါ်ယူကြမှာဖြစ်ပါတယ်။ မန်ယူကတော့ အရခေါ်ယူသွားနိုင်တဲ့အနေအထားရှိပါတယ်။

# ကောလင်း-ဝန်းသို ကျေးရွာချင်းဆက်လမ်းအား ကျောက်ချောလမ်းအဖြစ်အဆင့်မြှင့်တင်

**ကောလင်း နိုဝင်ဘာ ၂၀**

ဝန်းသိုမြို့တောင်ဘက်ခြမ်းရှိ ကျေးရွာများမှ ဒေသခံပြည်သူများ အများဆုံးအသုံးပြုလျက်ရှိသော ကောလင်း-ဝန်းသို ကျေးရွာချင်းဆက်လမ်းကို လယ်ယာထွက်ကုန် စီးဆင်းမှုလျင်မြန်လွယ်ကူစေရန်နှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရန်အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ဝန်းသိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အဆင့်မြှင့်တင်လျက်ရှိကြောင်း သိရသည်။



ဝန်းသိုမြို့နယ် စိန်လည်ကျေးရွာတောင်ဘက်မှ သရက်အိုက်ကျေးရွာအထိ အရှည် တစ်မိုင်ခွဲ၊ အကျယ် ၁၈ ပေရှိ မြေသားလမ်းကို ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်နေခြင်းဖြစ်သည်။ ကောလင်း-ဝန်းသို ကျေးရွာချင်းဆက်လမ်းသည် ကျေးရွာအချင်းချင်း ဆက်သွယ်သွားလာရေးအပြင် မကျီးကုန်းကျေးရွာအုပ်စု၊ လက်ပံကြီးတောကျေးရွာအုပ်စု၊ ကြိုင်းခွင်ကျေးရွာအုပ်စုများမှ ကျေးရွာ ၃၀ ခန့်အတွက် ကောလင်းမြို့ပေါ်သို့ သွားလာရာတွင်လည်း အားထားအသုံးပြုနေရသည့် လမ်းဖြစ်သောကြောင့် ကျောက်ချောခင်းမှုများ ဆောင်ရွက်ပြီးစီးပါက ကျေးရွာအချင်းချင်း ဆက်သွယ်ရေးပိုမိုအဆင်ပြေစေမည့်အပြင် ကျေးရွာများမှ လယ်ယာထွက်ကုန်များကို ကောလင်းမြို့ပေါ်သို့ တင်ပို့ရာ၌လည်း ပိုမိုလွယ်ကူလာစေမည်ဖြစ်ကြောင်း သိရသည်။

**မြင့်ထွန်းမင်း(ကောလင်း)**

# ကျန်းမာရေးအသိပညာပေးဟောပြောပွဲနှင့် တိုင်းရင်းဆေးကုသမှုများ ကွင်းဆင်းဆောင်ရွက်

**စဉ့်ကိုင် နိုဝင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ကကြီးမှူး၍ ကျန်းမာရေးအသိပညာပေးဟောပြောခြင်းနှင့် တိုင်းရင်းဆေးဖြင့် အခမဲ့ကုသပေးခြင်းများကို စဉ့်ကိုင်မြို့ ပလိပ်ရွာမကျေးရွာ ဓမ္မာရုံ၌ နိုဝင်ဘာ ၁၉ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် စဉ့်ကိုင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဖြိုးအိအိဇင်က သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်စောင့်ရှောက်ရေးသိကောင်းစရာများကိုလည်းကောင်း၊ ကျောက်ဆည်ခရိုင် တိုင်းရင်းဆေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်လင်းခင်က တိုင်းရင်းဆေးပညာနှင့်ပတ်သက်၍ အသိပညာဗဟုသုတများကိုလည်းကောင်း ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ခရိုင်တိုင်းရင်းဆေးဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များက ဒေသခံပြည်သူများအား အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးပြီး ကျိုးပေါင်းရောဂါ၊ အဆစ်အမြစ်ရောင်ရောဂါများအပါအဝင် ရောဂါအမျိုးမျိုးကို တိုင်းရင်းဆေးပညာရပ်များဖြင့် လက်တွေ့ဆေးကုသပေးခဲ့ကြောင်း သိရသည်။

**တင်တင်ထွေး(စဉ့်ကိုင်)**

# မုံရွာတွင် တစ်လုံးထိုး ဒီဇယ်အင်ဂျင်များ ပြုပြင်ထိန်းသိမ်းနည်း သင်တန်းဖွင့်လှစ်မည်

**မုံရွာ နိုဝင်ဘာ ၂၀**

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံတစ်ခုဖြစ်ပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရာတွင် အထောက်အကူဖြစ်စေရေး တစ်လုံးထိုး ဒီဇယ်အင်ဂျင်များ ကိုင်တွယ်ထိန်းသိမ်း ပြုပြင်နည်းသင်တန်းကို မုံရွာမြို့ အစိုးရနည်းပညာအထက်တန်းကျောင်း၌ နိုဝင်ဘာ ၂၃ ရက်တွင် ထပ်မံဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

"အခုက လယ်ယာသုံးစက်ကိရိယာတွေ ကိုင်တွယ်မောင်းနှင်နေတဲ့ တောင်သူတွေကို ဦးစားပေးသင်ပေးမှာပါ။ စိတ်ဝင်စားတဲ့လူငယ်တွေလည်း တက်ရောက်နိုင်ပါတယ်။ လယ်ယာသုံးစက်ကိရိယာ ပြုပြင်ထိန်းသိမ်းနည်းသင်တန်းကိုတော့ စိတ်ပါဝင်စားသူ မည်သူမဆိုတက်ရောက်နိုင်ပါတယ်။ အခြေခံပညာအလယ်တန်းအောင်မြင်ပြီးသူတိုင်း တက်လို့ရတဲ့ ကွန်ပျူတာအခြေခံသင်တန်းကိုလည်း ဖွင့်လှစ်သင်ကြားမှာပါ။ ဒီသင်တန်းကနေ အမျိုးသားအဆင့်ကျွမ်းကျင်မှုစံနှုန်း အဆင့်(၂)ရှိတဲ့ သင်တန်းအောင်လက်မှတ်ကို ထုတ်ပေးသွားမှာပါ။ သက်မွေးပညာတစ်ခုအဖြစ် ရပ်တည်နိုင်အောင် သင်တန်းနှစ်ခုလုံးကို အခမဲ့သင်ကြားပေးမှာပါ"ဟု အစိုးရနည်းပညာအထက်တန်းကျောင်းမှ ခေတ္တကျောင်းအုပ်ကြီး ဦးထွန်းမြိုင်က ပြောသည်။

အဆိုပါ လယ်ယာသုံးစက်ကိရိယာ ပြုပြင်ထိန်းသိမ်းနည်းသင်တန်းကို နိုဝင်ဘာ ၂၃ ရက်မှစတင်ပြီး ရက်သတ္တပတ် ခြောက်ပတ်ကြာ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီထိလည်းကောင်း၊ ကွန်ပျူတာအခြေခံသင်တန်းကို နိုဝင်ဘာ ၂၃ ရက်မှ ရက်သတ္တပတ် လေးပတ်ကြာ တစ်ရက်လျှင် နှစ်နာရီကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ရာ တောင်သူလယ်သမားများနှင့် ပြုပြင်ခြင်းလုပ်ငန်းများကို စီးပွားရေးအရလုပ်ကိုင်လိုသူများ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# မြစိမ်းရောင်စီမံကိန်းဖြင့် ဆောင်ရွက်နေသည့် လုပ်ငန်းများအား ကွင်းဆင်းကြည့်ရှု

**ပုလဲ နိုဝင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်အတွင်းရှိ မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာ ၁၀ ရွာတွင် ပါဝင်သည့် အင်းကန်ကျေးရွာမှ စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်နေသောလုပ်ငန်းများကို ပုလဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးအောင်နှင့် ဝန်ထမ်းများက နိုဝင်ဘာ ၁၈ ရက်တွင် သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

မြို့နယ်ဦးစီးအရာရှိက "အင်းကန်ကျေးရွာမှာ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၈ ဦးအတွက် ငွေကျပ် ၈၆၈၀၀၀၀၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၆၈ ဦးအတွက် ငွေကျပ် ၁၈၆၇၀၀၀၀၊ ကုန်မျိုးစုံရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ငါးဦးအတွက် ငွေကျပ် ၁၁၅၀၀၀၀ နှင့် ဆိုလာစနစ်ဖြင့် မီးလင်းရေးလုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးအတွက် ငွေကျပ် ၉၀၀၀၀၀ စုစုပေါင်းငွေကျပ် ၂၉၄၀၀၀၀၀ ကို ထုတ်ပေးခဲ့ပြီးဖြစ်တဲ့အတွက် လုပ်ငန်းများဆောင်ရွက်ထားရှိမှုနှင့် စာရင်းဇယားများ စနစ်တကျပြုစုထားရှိမှုအခြေအနေကို ကွင်းဆင်းကြည့်ရှုပြီး လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့တာဖြစ်ပါတယ်"ဟု ပြောကြားသည်။

ပုလဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မြို့နယ်အတွင်း ကျေးရွာများဖွံ့ဖြိုးတိုးတက်ရေးအတွက် မြစိမ်းရောင်စီမံကိန်း အရင်းမပျောက်ရန်ပုံငွေအဖြစ် ကျေးရွာ တစ်ရွာလျှင် ငွေကျပ် သိန်း ၃၀၀ နှုန်းဖြင့် ထုတ်ပေး၍ ဆောင်ရွက်လျက်ရှိရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း အင်းကန်၊ ဖလံပင်၊ မိုးကောင်း၊ နွယ်အင်း၊ ဇီးဖြူကုန်း၊ ကြောင်သန်း၊ ဇေတီယျို၊ ဝမ်းဘဲချိုင့်၊ ရွာနောင်နှင့် သပြေရေကျေးရွာများသို့ စီမံကိန်းရန်ပုံငွေများ ထုတ်ပေးထားကြောင်း သိရသည်။

**မင်းခန့်စိုး(ဓေယျာမြေ)**

## ဖိတ်ခေါ်ဓာတ်ပုံပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**မန္တလေး နိုဝင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်ရှိ ဆုတောင်းပြည့်မြတ်စွာဘုရားပွဲတော် ဒိုးပတ်ပြိုင်ပွဲ၌ ကျင်းပခဲ့သော ပထမအကြိမ် ဖိတ်ခေါ်ဓာတ်ပုံပြိုင်ပွဲ၏ ဆုပေးပွဲကို ချမ်းအေးသာစံမြို့နယ်ရှိ Cafe Inle ပထမထပ်တွင် နိုဝင်ဘာ ၁၉ ရက်က ကျင်းပခဲ့သည်။ ဆုပေးပွဲတွင် ကူမဲမြို့ ရတနာဋ္ဌေးသစ္စာမှ ဦးဋ္ဌေးကြိုင်က ပြိုင်ပွဲကျင်းပခြင်းအကြောင်း၊ ဓာတ်ပုံဆရာကြီး ဦးဘသန်းက ဆုရဓာတ်ပုံများ ရွေးချယ်ပုံတို့ကို ရှင်းလင်းပြောကြားကာ ဆုရဓာတ်ပုံပညာရှင်များအား ဆုတံဆိပ်များနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

**ကျော်ထူး(မန္တလေး)**

# ဆောင်းသီးနှံစိုက်ပျိုးရာသီရောက်ရှိ၍ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များလာ

**ဆိပ်ဖြူ နိုဝင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ဧရာဝတီမြစ်ကမ်းတစ်လျှောက် ကိုင်းမြေများ၌ ဆောင်းတွင်းကာလတွင် ဆောင်းသီးနှံစိုက်ပျိုးမည့်တောင်သူများသည် သီတင်းကျွတ်လပြည့်ကျော်မှစတင်ကာ စိုက်ပျိုးမြေပြုပြင်ခြင်းများကို စတင်ဆောင်ရွက်လျက်ရှိရာ အဆိုပါမြေပြုပြင်သည့်လုပ်ငန်းများအတွက် လုပ်သားများငှားရမ်းရမှုကြောင့် ဒေသခံလယ်ယာလုပ်သားများအတွက် အလုပ်အကိုင် ပေါ်များလျက်ရှိကြောင်း သိရသည်။

ယခင်နှစ်များက မိုးရွာသွန်းမှုနည်းပါကာ ကိုင်းမြေများတွင် ဧရာဝတီမြစ်ရေလျှံတက်မှုမရှိခြင်းကြောင့် စိုက်ပျိုးမြေများတွင် ရေသွင်းစိုက်ပျိုးခဲ့ရကြောင်း၊ မြေဩဇာများကိုလည်း သွင်းအားစုအနေဖြင့် ထည့်သွင်းကာ စိုက်ပျိုးခဲ့ရကြောင်း၊ ယခုနှစ်တွင် မြစ်ရေနှစ်ကြိမ်တက်ခဲ့၍ ရေသွင်းစိုက်ပျိုးစရိတ်နှင့် မြေဩဇာသွင်းအားစုများ လျော့ကျလာနိုင်မည်ဖြစ်ကြောင်း၊ လက်ရှိဆောင်ရွက်ပြီး အခြေအနေများဖြင့် စိုက်ပျိုးမြေအား ထွန်စက်များဖြင့် ထယ်ထိုးခြင်းနှင့် မြေလုံးခြေခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ မြေပြုပြင်လုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်သားများငှားရမ်းအသုံးပြုရသဖြင့် ဒေသခံလုပ်သားများလည်း အလုပ်အကိုင်ရရှိကြောင်း၊ ဆက်လက်၍ နွားများဖြင့် မြေပြုပြင်ထွန်ယက်ခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း တောင်သူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ထိုသို့ မြေပြုပြင်မှုများ ဆက်တိုက်လုပ်ဆောင်နေသဖြင့် ထွန်စက်အငှားလိုက်သူများ၊ နွားရှည်းအငှားလိုက်သူများ၊ နေ့စားလုပ်သားများ အလုပ်အကိုင်များ မပြတ်ရရှိနေကြကြောင်း သိရသည်။



မြေများကို ပြုပြင်ထွန်ယက်ရာ၌ ထွန်စက်ဖြင့်မြေပြင်ခမှာ တစ်နာရီလျှင် ကျပ်တစ်သောင်းခုနစ်ထောင်မှ နှစ်သောင်းကျပ်အထိ ထွန်စက်အမျိုးအစားကိုလိုက်၍ ဝန်ဆောင်စရိတ်ပေးဆောင်ရပြီး နွားရှည်းအငှားလိုက်သူများအနေဖြင့် နံနက်ပိုင်းအငှားလိုက်ခတစ်ရှည်းလျှင် ငါးထောင်ကျပ်ရရှိကြောင်း၊ နေ့စားလုပ်သားများမှာ အမျိုးသားတစ်ဦးလျှင် တစ်နေ့လုပ်အားခ ငါးထောင်ကျပ်ရရှိပြီး အမျိုးသမီးတစ်ဦးလျှင် တစ်နေ့လုပ်အားခ နှစ်ထောင့်ငါးရာကျပ် ရရှိကြောင်း သိရသည်။

**စိုးလင်းနိုင်(ပြန်/ဆက်)**

# ဖေ့စ်ဘုတ်ကဲ့သို့ ဒို့မြန်မာလူမှုကွန်ရက်သစ်ကို ဝက်ဘ်ဆိုက်နှင့် မိုဘိုင်းများမှ အသုံးပြုနိုင်




ဖေ့စ်ဘုတ်နှင့် အသွင်တူပြီး မြန်မာဘာသာဖြင့် အသုံးပြုနိုင်သည့် ဒို့မြန်မာလူမှုကွန်ရက်သစ်ကို မြန်မာလူငယ်များ စုစည်းထားသည့် DM Digital Media ကုမ္ပဏီလီမိတက်က စတင်ပြုလုပ်ထားပြီဖြစ်ကာ မည်သူမဆို အသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။

ဒို့မြန်မာလူမှုကွန်ရက်ဝက်ဘ်ဆိုက်သစ်၏ လိပ်စာမှာ www.doemyanmar.com ဖြစ်ပြီး ကွန်ပျူတာမှ Browser များဖြင့် အသုံးပြုနိုင်သလို မိုဘိုင်းဖုန်းနှင့် တက်ဘလက်များမှတစ်ဆင့် အပလီကေးရှင်းဖြင့်လည်း အသုံးပြုနိုင်သည်။

အဆိုပါလူမှုကွန်ရက်တွင် ပြည်တွင်းမှ သတင်းမီဒီယာများက တင်ပေးနေသော သတင်းများကို အချိန်နှင့်တစ်ပြေးညီ အပ်ဒိတ်တင်ပေးနေပြီး၊ အခြားသုတရသစာပေများ၊ ကျောင်းသား ကျောင်းသူများအတွက် သင်ခန်းစာများ၊ အစားအသောက်နှင့် ကျန်းမာရေးဆိုင်ရာ လမ်းညွှန်များ၊ ဘာသာရေးဗဟုသုတများ၊ ကာတွန်းနှင့် ကဗျာများ စသည်ဖြင့် အကြောင်းအရာမျိုးစုံကို တင်ပေးထားပြီး အကြောင်းအရာများကို ဖတ်ရှုရာတွင် Log in မဝင်ဘဲ ဖတ်ရှုနိုင်သည်။

ဖေ့စ်ဘုတ်ကဲ့သို့ Like နှင့် Comment များပေးရန်အတွက်မူ Log in လုပ်၍ အသုံးပြုရမည်ဖြစ်ကာ ဖေ့စ်ဘုတ်အသုံးပြုသူများအနေဖြင့် ဖေ့စ်ဘုတ် account ဖြင့် Log in ဝင်နိုင်သလို ဖေ့စ်ဘုတ်အကောင့် မရှိသူများအနေဖြင့် Gmail ဖြင့် account ပြုလုပ်၍ အသုံးပြုနိုင်သည်။

Account ပြုလုပ်ပြီးပါက ဖေ့စ်ဘုတ်အသုံးပြုသကဲ့သို့ ပို့စ်များရေးသားနိုင်သလို ဖေ့စ်ဘုတ်တွင်ပါဝင်သည့်အတိုင်း စီးပွားရေးလုပ်ငန်းများအနေဖြင့် Page များနှင့် ဝါသနာပါရာအကြောင်းအရာများကို ဆွေးနွေးရန် Group များကိုလည်း ပြုလုပ်နိုင်မည်ဖြစ်သည်။ ဒို့မြန်မာလူမှုကွန်ရက်အပလီကေးရှင်းကို www.doemyanmar.com ဝက်ဘ်ဆိုက်မှဖြစ်စေ 1mobile နှင့် Playstore တို့မှဖြစ်စေ ဒေါင်းလုပ်ဆွဲ၍ ရယူနိုင်ကြောင်း သိရသည်။ **သူရဖြိုး**



**New Product**

## ဈေးနှုန်းသက်သာတဲ့ မော်ဒယ်မြင့်ဖုန်းသစ် OPPO Neo7

OPPO Neo7 ဟာ ကမ္ဘာ့ဈေးကွက်မှာ အောက်တိုဘာလအတွင်းက စရောင်းခဲ့ပြီး ပြည်တွင်းဈေးကွက်မှာတော့ လာမယ့်တစ်ပတ်အတွင်းမှာမှ စရောင်းမယ့် မော်ဒယ်မြင့် စမတ်ဖုန်းသစ်ဖြစ်ပါတယ်။

မျက်နှာပြင်အကျယ် ငါးလက်မရှိပြီး ကိုယ်ထည်ကို သတ္တုစပ်ကိုယ်ထည်နဲ့ ပြုလုပ်ထားလို့ ခံ့ညားလှပတဲ့ဒီဇိုင်းဖြစ်ပါတယ်။ အရောင်ကတော့ အဖြူနဲ့အနက် နှစ်မျိုးရနိုင်မှာဖြစ်ပါတယ်။ ကမ္ဘာ့ဈေးကွက်အတွက် 3G နဲ့ 4G မော်ဒယ်နှစ်မျိုး ထွက်ထားပေမယ့် ပြည်တွင်းမှာတော့ 3G မော်ဒယ်ကိုပဲ စတင်ရောင်းချမှာဖြစ်ပါတယ်။ 3G မော်ဒယ်မှာ အန်းဒရွိုက်ဗားရှင်းက 5.1 Lollipop ဖြစ်ပြီး နက်ဝပ်အနေနဲ့ 3G နက်ဝပ်မှာ ဆင်းကတ်နှစ်ကတ် အသုံးပြုနိုင်မှာဖြစ်ပါတယ်။ Quad-core 1.3 GHz Cortex-A7 Processor နဲ့ RAM 1GB ပါဝင်ပါတယ်။ မင်မိုရီ 16GB ပါဝင်ပြီး 32GB အထိ မင်မိုရီကတ် ထပ်တိုးပြီးသုံးလို့ ရပါတယ်။ ကင်မရာပိုင်းကတော့ 3264 x 2448 pixels အထိ ရရှိနိုင်မယ့် ၈ မဂ္ဂါပစ်ဇယ်ရှိတဲ့ နောက်ဘက်ကင်မရာနဲ့ ရှေ့ကင်မရာကတော့ ၅ မဂ္ဂါပစ်ဇယ်ရှိပါတယ်။

OPPO ဟာ Neo7 ဖုန်းအတွက် တေးသံရှင်မျိုးကြီးကိုလည်း Product Ambassador အဖြစ်ခန့်အပ်ထားပါတယ်။ မြန်မာနိုင်ငံဈေးကွက်မှာ လာမယ့်အပတ်အတွင်းမှာစပြီး ကျပ် ၁၉၀၀၀၀ နဲ့ ရောင်းချမှာဖြစ်လို့ ဈေးနှုန်းသက်သာတဲ့ မော်ဒယ်မြင့်ဟန်းဆက်တစ်ခုလို့ ဆိုရမှာဖြစ်ပါတယ်။

**သူရဖြိုး**




G7ကို ၁၀,၀၀၀ကျပ်တည်းနဲ့
အခုပဲ ရယူလိုက်ပါ
• မိနစ် ၁၀၀ အူရီဒူးဖုန်းအချင်းချင်းခေါ်ဆိုခွင့်
• တစ်လ Facebook အခမဲ့
• အူရီဒူးဆင်းမ်ကဒ်
ooredoo
G7
အချိန်အကာန့်အသတ်ရှိလို့
အူရီဒူးရဲ့အတန်ဆုံးဖုန်းကို
မလွတ်တမ်း ဝယ်ယူ
လိုက်ကြပါစို့
စည်းမျဉ်းစည်းကမ်း အသေးစိတ်ကို www.ooredoo.com.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။




# ရန်အောင်ချမ်းသာဘုရားကြီး အုတ်မြစ်စီမင်္ဂလာအခမ်းအနား ဖိတ်ကြားလွှာ

ကမ္ဘာ့သာသနာပြု မဟာဇေယျသိဒ္ဓိ အဓိဋ္ဌာန်ဆရာတော်ဘဒ္ဒန္တကုလရက္ခိတဦးဆောင်မှုဖြင့် တည်ထားကိုးကွယ်မည့် အမြင့်ဉာဏ်တော် လက်တောင်(၉၀)/(၁၃၅)ပေရှိ ထိုင်တော်မူ"ရန်အောင်ချမ်းသာဘုရားကြီး"ကို မြန်မာငွေကျပ်သိန်းပေါင်း နှစ်သောင်းကျော်(ခန့်မှန်း)ကုန်ကျခံကာ နေပြည်တော်ကောင်စီနယ်မြေ၊ ဒက္ခိဏသီရိခရိုင်၊ လယ်ဝေးမြို့နယ်၊ သပြေပင်ကျေးရွာ(ရန်ကင်းတောင်ခြေအနီး)ရှိ မြေ(၄)ဧကပေါ်တွင် ၁၃၇၇ ခုနှစ် နတ်တော်လဆန်း (၉) ရက် နံနက် ၉း၀၀ နာရီ (၂၀၁၅ ဒီဇင်ဘာလ ၂၀)ရက်တွင် အုတ်မြစ်စီမင်္ဂလာ အခမ်းအနား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးနှင့်နယ်အရပ်ရပ်ရှိ ဆရာတော်ကြီး၏ ဒါယကာ၊ ဒါယိကာမများနှင့်တကွ အများပြည်သူများ တက်ရောက်ကြည်ညိုနိုင်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**ဆက်သွယ်မေးမြန်းရန်-**

**ရန်ကုန်-ဦးဌေးလွင်ဦး(ဒု-ညွှန်၊ရေကြောင်းဦးစီးဌာန @ ၀၉-၅၀၀၆၆၃၄၊ ၀၁-၅၄၈၇၀၈**

**မဟာကျိန်သစ္စာရှင်ဘုရားကြီး-ဦးကျော်ညွှန့် ဖုန်း-၀၉-၅၁၂၅၄၄၀**

**စစ်တွေ-မဟာဇေယျသိဒ္ဓိ အဓိဋ္ဌာန်သိမ်တော်ကြီး ဖုန်း-၀၄၃-၂၃၁၈၈**

**နေပြည်တော်-ဦးမိုးဇော်စိုး (ဒု-ညွှန်၊ထွေ/အုပ် @ ၀၉-၄၄၈၅၃၃၁၈၇)**

**အဓိဋ္ဌာန်သာသနာပြုအဖွဲ့**
**www.adit-htan.org**

# ဇလွန်မြို့မိုးကုတ်ဝိပဿနာ အဖွဲ့ခွဲ(၉၆)ဓမ္မရိပ်သာကြီးတွင် (၈၉)ကြိမ်မြောက် ဝိပဿနာအလုပ်ပေး ရက်(၄၀)တရားစခန်းပွဲကြီး

ဇလွန်မြို့၊ လမ်းမတော်မြောက်ရပ်ကွက်၊ခပေါင်းလမ်းရှိ မိုးကုတ်ဝိပဿနာတရားစဉ်နှင့်လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ခွဲအမှတ်(၉၆)ဓမ္မရိပ်သာကြီးတွင် ၁၃၇၇ခုနှစ် နတ်တော်လဆန်း ၁၁ ရက် ၂၂-၁၂-၂၀၁၅ ရက်မှ ၁၃၇၇ ခုနှစ် ပြာသိုလပြည့်ကျော် ၆ ရက် ၃၀-၁-၂၀၁၆ ရက်အထိ (၈၉)ကြိမ်မြောက်ဝိပဿနာအလုပ်ပေး ရက်၄၀တရားစခန်းပွဲကြီး ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

အဆိုပါ ရက် ၄၀ တရားစခန်းပွဲကြီး၌ ကမ္မဋ္ဌာနာစရိယ အင်းမမြို့၊တက္ကသိုလ်ကျောင်းတိုက်ဆရာတော် ဦးဇာဂရ အရှင်သူမြတ်နှင့် မိုးကုတ်ကမ္မဋ္ဌာန်းနည်းပြဆရာကြီး ဦးကျော်စိန်တို့မှ ခန္ဓာဉာဏ်ရောက် သဘောပေါက်အောင် နေရာမလပ်ရှုမှတ်ပွားနည်း သင်ကြားပြသမည်ဖြစ်ပါသောကြောင့် တရားဝင်ရောက်အားထုတ်ကြပါရန် နိုးဆော်အပ်ပါသည်။

ရန်ကုန်မှလိုက်ပါလိုသော ယောဂီများသည် ဆရာကြီး ဦးကျော်စိန် ဖုန်း-၀၁-၅၅၄၄၃၅၊ ၀၉-၂၅၇၈၆၆၇၈၄၊ ၀၉-၇၉၉၀၀၈၃၁၊ ၀၉-၃၃၃၅၁၄၁၁ ထံသို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။

**အမှုဆောင်အဖွဲ့**
**မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲ**
**အမှတ် ၉၆၊ ဇလွန်မြို့**

# ရေကြည်မြို့၊ အထက(၁)[ယခင်အမျိုးသားကျောင်း] မြတ်ဆရာပူဇော်ပွဲကျင်းပပါမည်

ဧရာဝတီတိုင်းဒေသကြီး၊ပုသိမ်ခရိုင်၊ရေကြည်မြို့၊အထက(၁) [ယခင်အမျိုးသားကျောင်း] ကျောင်းသား ကျောင်းသူဟောင်းများ၏ (၂၉)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့် ကျောင်းသားဟောင်းများတွေ့ဆုံပွဲကို ၁၃၇၇ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ရက် (၆-၁၂-၂၀၁၅)ရက် တနင်္ဂနွေနေ့ နံနက် ၁၁း၀၀နာရီတွင် အထက (၁) တေဇာသီရိခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

ရပ်ဝေးရပ်နီးမှ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ကျောင်းသူဟောင်းများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မြတ်ဆရာပူဇော်ပွဲသို့ တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

(ရန်ကုန်)ဦးစောထွန်းဝေ ဖုန်း-၀၉-၅၁၇၅၂၄၃၊ ဦးသန်းဦး ဖုန်း-၀၉-၅၀၅၅၆၆၆၊ ဦးဌေးနိုင်ဝင်း ဖုန်း-၀၉-၅၀၆၂၆၆၆၊ ဒေါ်သဇင်ဆွေ ဖုန်း-၀၉-၅၁၉၂၁၀၉၊ ဦးသက်နိုင် ဖုန်း-၀၉-၄၂၀၃၃၀၄၆၃၊ ဦးမျိုးလွင်အုန်း ဖုန်း-၀၉-၅၀၈၄၇၇၁၊ ဦးခင်ဇော် ဖုန်း-၀၉-၄၉၂၃၉၅၉၁၊ဦးဌေးလွင် ဖုန်း-၀၉-၇၃၄၄၄၁၁၁၊ (ဟသ်ာတ) ဦးဆန်းဌေး ဖုန်း-၀၉-၂၁၇၃၂၉၈၊ (ရေကြည်) ဦးစိုးနိုင် ဖုန်း-၀၉-၈၅၈၃၀၁၃၊ ဦးကျော်စွာ ဖုန်း-၀၉-၄၉၇၄၉၀၃၃၊ ဦးမျိုးညွှန့် ဖုန်း-၀၉-၈၅၈၃၀၀၈၊ ဦးနိုင်ဦး ဖုန်း-၀၉-၄၂၂၅၀၇၄၁၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

# သက်ကြီးဆရာဝန်များထောက်ကူအဖွဲ့ (Support Group for Elderly Doctors) သို့ အောက်တိုဘာလ (၁)ရက်နေ့ မှ (၃၁)ရက်နေ့အတွင်း လှူဒါန်းသော အလှူငွေစာရင်း

| | | |
|---|---|---|
| ၁။ | Dr. ဒေါ်ခင်ခင်ရီ (Shine Hope Co.ltd) | ၆၀၀,၀၀၀ ကျပ် |
| ၂။ | Dr. ဦးတင်ညွှန့် | ၂၀၀,၀၀၀ ကျပ် |
| ၃။ | Prof. ဦးသံစစ် | ၂၀၀,၀၀၀ ကျပ် |
| ၄။ | Prof. ဦးသိန်းအုပ်ကျော်မြင့် + Dr. ဒေါ်မာရီ | ၂၀၀,၀၀၀ ကျပ် |
| ၅။ | Associate Prof. ဒေါ်မိုးမိုးတင် | ၁၀၀,၀၀၀ ကျပ် |
| ၆။ | Dr. ဒေါ်ယဉ်ယဉ်အေး | ၁၀၀,၀၀၀ ကျပ် |
| ၇။ | Prof. ဒေါ်ခင်ကြည် | ၁၀၀,၀၀၀ ကျပ် |
| ၈။ | Prof. ဒေါ်စောမြရီ | ၁၀၀,၀၀၀ ကျပ် |
| ၉။ | Dr. ဦးသန်းဌေးအောင် | ၁၀၀,၀၀၀ ကျပ် |
| ၁၀။ | Room Rental | ၂၉၁,၀၀၀ ကျပ် |
| ၁၁။ | ကျပ်တစ်သိန်းအောက်အလှူရှင် (၃) ဖွဲ့ စုစုပေါင်း | ၁၃၀,၀၀၀ ကျပ် |
| ၁၂။ | Donor Club အဖွဲ့ဝင်ကြေး လှူဒါန်းသူ (၅) ဦး စုစုပေါင်း | ၁၂၀,၀၀၀ ကျပ် |
| ၁၃။ | Dr. ဦးခင်မောင်လွင် + Dr. ဒေါ်ခင်ခင်ဌေး (FAME Pharmaceuticals မိသားစု) | ၁,၀၀၀,၀၀၀ ကျပ် |
| | စုစုပေါင်းတန်ဖိုးငွေကျပ် | ၃,၂၄၁,၀၀၀ ကျပ် |

❋ အလှူရှင်များအားလုံးကို SGED အလုပ်အမှုဆောင်အဖွဲ့မှ ကျေးဇူးအထူးတင်ရှိပါသည်။❋

အလှူငွေများကို SGED office (MMA) အမှတ် (၂၄၉)၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန် (သို့) Day Care Centre - အမှတ်(၁၄ အေ)၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်တွင် လှူဒါန်းနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်းနံပါတ်များ ▶ ၀၁-၃၉၄၂၂၉၊ ၀၉-၇၃၀၂၈၁၈၆၊ ၀၁-၈၆၀၃၅၁၃

## အထက(၃) ပဲခူး (အမျိုးသားတန်းမြင့်ကျောင်း) (၁၉၅၉၊ ၁၉၆၀ မှ ၁၉၆၉၊ ၁၉၇၀၊ ၁၉၇၁) စာသင်နှစ်ကျောင်းသားဟောင်းများ

# မြတ်ဆရာပူဇော်ကန်တော့ပွဲဖိတ်ကြားလွှာ

* တို့တွေ အသက်(၆၀)ကျော်ကုန်ကြပြီ။
* တို့မိခင်ကျောင်းတော်ကြီးကို တစ်ခေါက်တစ်ခါဂါရဝပြုရင်း၊
* တို့ငယ်ဆရာတွေကိုလည်း ကျေးဇူးဆပ်ကန်တော့ကြရင်း၊
* တို့ငယ်သူငယ်ချင်းတွေ တစ်ရက်လောက် ငယ်ဘဝလေးပြန်သွားကြရအောင်။

**ကျင်းပမည့်ရက်** - ၆-၁၂-၂၀၁၅ရက် တနင်္ဂနွေနေ့ (အမျိုးသားအောင်ပွဲနေ့)
**ကျင်းပမည့်အချိန်** - မွန်းလွဲ ၁နာရီ
**ကျင်းပမည့်နေရာ** - ဂရင်းဒ်ဆိုရှယ်မင်္ဂလာခန်းမ၊ ပဲခူးမြို့

**ဆက်သွယ်လှူဒါန်းရန်**
**တော်မီသန်းအေး ဖုန်း-၀၉-၃၆၀၀၀၉၀၀၊ ထွန်းအောင်ကျော် ဖုန်း-၀၉-၅၀၂၁၂၉၅၊**
**ကျော်သန်း ဖုန်း-၀၉-၅၃၀၀၁၅၃၊ ခင်ဇော်သောင်း ဖုန်း-၀၉-၃၀၁၆၂၃၇၄၊**
**အလှူငွေကို ကမ္ဘောဇဘဏ်(၂)၊ ပဲခူး-၁၀၇၁၂၁၀၀၃၉၉၆၃ သို့ ပေးပို့နိုင်ပါသည်။**

## အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၊ ပဲခူးမြို့ (ယခင်) အမျိုးသားတန်းမြင့်ကျောင်း

# (၄၇)ကြိမ်မြောက် အာစရိယပူဇာသဘင်

ကို ၆-၁၂-၂၀၁၅ရက် (အမျိုးသားနေ့) နံနက် ၉နာရီတွင် အထက(၃) Y.M.B.A ဆောင်၌ ကျင်းပမည်ဖြစ်ပါသောကြောင့် ရပ်ဝေး၊ ရပ်နီးမှ ကန်တော့ခံ ဆရာ/မကြီးများနှင့် ကျောင်းသားဟောင်းများအားလုံး တက်ရောက်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**အလှူငွေများလှူဒါန်းလိုပါက**
**ဒေါက်တာဇင်သက်ဦး (ကျောင်းအုပ်ကြီး) ဖုန်း-၀၉-၄၃၁၀၇၄၀၃**
**ဦးသိန်းစိုး ဖုန်း-၀၉-၄၂၀၀၅၁၅၂၄၊ ဦးမျိုးမင်းညွှန့် ဖုန်း-၀၉-၅၃၀၁၀၁၀**

**အာစရိယပူဇာသဘင်ကျင်းပရေးအဖွဲ့**

# ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၆/မြို့မရပ်၊ ဇဝနဒီပရပ်ကွက်ရှိ မြေကွက်အမှတ် (ပ-၂၀၅၆၁)၊ ဧရိယာ ၀ဒသမ၁၁၀ဧက၊ မြေကွက်အမည်ပေါက် ဦးစသန်း ထိုက် ၁၄/ပတန(နိုင်)၀၀၃၀၉၇ မှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်သည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# အထက(၅) ဗိုလ်တထောင် အာစရိယပူဇော်ပွဲ နှိုးဆော်လွှာ

အထက(၅) ဗိုလ်တထောင် ကျောင်းတော်ကြီးတွင် ပညာသင်ကြားပို့ချခဲ့သော ဆရာ ဆရာမများ၏ အာစရိယဂုဏ်ကျေးဇူးကို ပူဇော်ကန်တော့လိုပါသဖြင့် အာစရိယ ပူဇော်ပွဲကို ၂၀၁၅ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် ကျင်းပရန်စီစဉ်ထားပါသဖြင့် အထက(၅) ဗိုလ်တထောင်တွင် ပညာသင်ကြားခဲ့သော (၁၉၈၅ခုနှစ်မှ ၁၉၉၄ခုနှစ် အတွင်း အခြေခံပညာအထက်တန်းထိ) ကျောင်းသား ကျောင်းသူဟောင်း၊ သူငယ်ချင်းများအားလုံး အင်တိုက်အားတိုက်ပါဝင်နိုင်ရန် ခင်မင်ရင်းနှီးသတိရစွာဖြင့် အသိပေးနှိုးဆော်အပ်ပါသည်။

အလှူငွေများ ပါဝင်၊ ထည့်ဝင်လှူဒါန်းလိုပါက အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

| | |
|---|---|
| **ကိုအောင်သိန်း(၁၉၈၇)** | ဖုန်း-၀၉-၅၀၁၄၂၇၇ |
| **မကေသီခိုင်(၁၉၈၅)** | ဖုန်း-၀၉-၅၀၀၉၉၁၇ |
| **ကိုနိုင်တူး (၁၉၈၇)** | ဖုန်း-၀၉-၅၀၄၇၄၃၃ |
| **ကိုမိုးဇော်မြင့် (၁၉၉၂)** | ဖုန်း-၀၉-၅၁၉၀၂၃၆ |
| **ကိုမျိုးသိန်းထွန်း(၁၉၉၄)** | ဖုန်း-၀၉-၅၁၈၈၃၈၇ |
| **မကြည်ကြည်ဝင်း (၁၉၈၆)** | ဖုန်း-၀၉-၂၅၄၄၈၈၄၃၉ |
| **ကိုကျော်မင်းမြတ်(၁၉၈၈)** | ဖုန်း-၀၉-၄၃၀၈၂၈၄၂ |
| **မဝတ်မှုံ (၁၉၈၈)** | ဖုန်း-၀၉-၅၀၀၁၀၇၆ |
| **မတင်စန်းအေး (၁၉၉၀)** | ဖုန်း-၀၉-၅၀၀၂၄၉၄ |
| **ကိုစိုးမင်းဇော် (၁၉၉၃)** | ဖုန်း-၀၉-၇၃၀၇၉၀၀၂ |
| **မထက်ထက်အောင် (၁၉၉၄)** | ဖုန်း-၀၉-၅၁၃၃၇၆၅ |
| **မမာမာချို (၁၉၈၆)** | ဖုန်း-၀၉-၉၇၂၂၉၀၃၇၀ |

**အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ**

# အခြေခံပညာအထက်တန်းကျောင်း(ခွဲ) တောင်ဘက်ကမ်း (ယခင် အမက မူလတန်းကျောင်း) ပထမအကြိမ် အာစရိယပူဇော်ပွဲအတွက် အသိပေးနှိုးဆော်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း တောင်ဘက်ကမ်း (ယခင် အမက တောင်ဘက်ကမ်း၊ စက်ကုန်းပိုင်း)ကျောင်း ကျောင်းသား ကျောင်းသူဟောင်းများမှ အမက တောင်ဘက်ကမ်းတွင် တာဝန်ထမ်းဆောင်ခဲ့သော အသက်(၆၀)နှင့် အထက် အငြိမ်းစားဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့မည့် ပထမအကြိမ်အာစရိယပူဇော်ပွဲကို ဒီဇင်ဘာလတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါသည်။ ကျောင်းသားကျောင်းသူဟောင်းများ အနေဖြင့် အလှူငွေထည့်ဝင်လှူဒါန်းလိုပါက အောက်ပါပုဂ္ဂိုလ်/ဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်-

| | |
|---|---|
| (၁) ဒေါ်တင်ဝင်းမြင့် ကျောင်းအုပ်ကြီး | ဖုန်း-၀၉-၂၅၀၁၇၁၀၉၇ |
| (၂) ဦးသိန်းချို ဘူတာပိုင်း | ဖုန်း-၀၉-၄၂၈၁၄၂၈၃၀ |
| (၃) ဦးထွန်းထွန်းအေး စက်ကုန်းပိုင်း | ဖုန်း-၀၉-၂၅၄၈၇၀၅၀၉ |
| (၄) ဒေါ်ဆွေဆွေလွင် စက်ကုန်းပိုင်း | ဖုန်း-၀၉-၉၇၄၄၄၂၅၉၅ |
| (၅) ဒေါ်သန္တာငြိမ်း ထ(ခွဲ)တောင်ဘက်လမ်း | ဖုန်း-၀၉-၄၂၈၁၆၆၇၈၂ |

**မှတ်ချက်။ ။ အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများ ပူဇော်ကန်တော့ခံပေးနိုင်ပါရန်နှင့် ဖိတ်ကြားမှုတွင် လစ်ဟာမှုများရှိနိုင်ပါ၍ အာစရိယပူဇော်ပွဲကော်မတီသို့ ဆက်သွယ်ပေးပါရန် ရိုသေလေးစားစွာ မေတ္တာရပ်ခံတင်ပြအပ်ပါသည်။ (ကျင်းပမည့်ရက်အား ထပ်မံကြေညာပါမည်)**

**အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ(အမက စက်ကုန်းပိုင်း၊ သနပ်ပင်မြို့)**

# ဖိတ်ကြားလွှာ

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း၏ (၂၂)ကြိမ်မြောက် သင်းလုံးကျွတ်အထူးအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အနယ်နယ်အရပ်ရပ်မှ အသင်းဝင်တိုင်း မပျက်မကွက် ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်ရက်** - ၁၂-၁၂-၂၀၁၅ရက် (စနေနေ့)
**ကျင်းပမည့်အချိန်** - မွန်းလွဲ ၁နာရီ
**ကျင်းပမည့်နေရာ** - ပြည်သူ့ဥယျာဉ်အတွင်းရှိ အသင်းခန်းမ

**ကြွရောက်နိုင်၊ မကြွရောက်နိုင်ကို အချိန်မီ ဆက်သွယ်အကြောင်းကြားပါရန် ဖုန်း-၀၉-၂၅၄၃၁၉၅၃၅၊ ၀၉-၄၂၁၀၉၈၁၄၆**

**အမှုဆောင်အဖွဲ့**

# တစ်ဦးတည်းဖြစ်ပါကြောင်း

သုံးခွမြို့နယ်၊ ထမ်းပိုးတန်းကျေးရွာ၊ ဇွဲထော်အုပ်စု၊ ထမ်းပိုးတန်းကျေးရွာနေ ၁၂/သခန(နိုင်)၀၈၁၁၇၅ ဒေါ်ရင်ရင်မြင့်နှင့် ဒေါ်ယဉ်ယဉ်အေးမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

# မိဘအမည်မှန်

TTC (ကမာရွတ်)အဋ္ဌမတန်း(D)မှ မောင်ကောင်းမင်းလတ်၏ မိဘအမည်မှန်မှာ ဦးဇော်လတ်-ဒေါ်နီနီလွင် ဖြစ်ပါကြောင်း။

**ဦးဇော်လတ်-ဒေါ်နီနီလွင်**

# ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မင်္ဂလာဒုံမြို့နယ်တရားရုံးတော်၌**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၆၂**

ဒေါ်မူမူသိန်း **နှင့်** ဦးမြ
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၊ မြေတိုင်းအမှတ် ၅၆၃၊ အောင်သပြေ ၆ လမ်း၊ မြေကွက်အမှတ် ၉ နေ ဦးမြ(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက တရားလိုဝယ်ယူထားသော မြေကွက်အား ၃(က)လျှောက်ထားရန်နှင့် မြေကွက်+အဆောက်အအုံအကျိုးခံစားခွင့်အရပ်ရပ် အရောင်းအဝယ်ကတိစာချုပ်အား မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁ ရက် (၁၃၇၇ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏ စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်နိုင်စိုး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**မင်္ဂလာဒုံမြို့နယ်တရားရုံး**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးမြတ်ထွန်း အသက်(၇၈)နှစ်

**(တိုင်းရင်းဆေး)၊ ဆေးနှင့်မှတ်ပုံတင်အရာရှိ(ငြိမ်း)**

ရန်ကုန်မြို့၊ သန်လျင်မြို့နယ်၊ သပြေကုန်းကျေးရွာနေ ဦးဘိုးမှီ-ဒေါ်ထားခင်တို့၏သား၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ တပ်မြေရပ်ကွက်၊ နွယ်နီလမ်း၊ အမှတ် ၁၈(မြေညီယာ)နေ ဒေါ်စိုးစိုးလင်း၏ခင်ပွန်း၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ သိမ်ဖြူလမ်း၊ အမှတ် ၄၁၀(မြေညီယာ)နှင့် ကမာရွတ်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ပန်းဝါလမ်း၊ အမှတ် ၂၆နေ ဦးကျော်စိုး(ဝန်ကြီး၊ သစ်တော/စွမ်းအင်/ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့) - ဒေါ်လဲ့လဲ့အေး (မြို့နယ်ကော်မတီဝင်၊ ပြည်ခိုင်ဖြိုးပါတီ၊မင်္ဂလာတောင်ညွန့်မြို့နယ်)၊ ဦးအေးကို (ခေတ္တ-မလေးရှား)တို့၏ဖခင်၊ မအိန္ဒြေကျော်စိုး [Grade-7 (A)၊ TTC ကမာရွတ်]၏အဘိုးသည် ၁၉-၁၁-၂၀၁၅ရက် (ကြာသပတေးနေ့) ည ၁၁း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၁-၂၀၁၅ရက်(စနေနေ့) ညနေ ၄း၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နွယ်နီလမ်းနေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၁-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ နွယ်နီလမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဝမ်းနည်းကြေကွဲခြင်း

## ဦးမြတ်ထွန်း

**တိုင်းရင်းဆေးသမားတော်ကြီး**

**အသက်(၇၈)နှစ်**

ဒေါက်တာကျော်စိုး(သစ်တောနှင့် စွမ်းအင်ဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး)-ဒေါ်လဲ့လဲ့အေးတို့၏ဖခင်၊ ဒေါ်စိုးစိုးလင်း၏ခင်ပွန်းဖြစ်သူ ဦးမြတ်ထွန်း အသက်(၇၈)နှစ်သည် ၁၉-၁၁-၂၀၁၅ရက် (ကြာသပတေးနေ့) ည ၁၁း၅၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သစ်တောဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး**

---

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဒုတိယဗိုလ်မှူးကြီးခင်မောင်ညွန့် (ငြိမ်း)

**OTS (38), BA (Philo)**

**အသက်(၇၄)နှစ်**

သူငယ်ချင်း ဒုတိယဗိုလ်မှူးကြီးအောင်အောင်ဟိန်း-ဒေါ်တင်မိုးဟန်တို့၏ဖခင်ဖြစ်သူ ဒုတိယဗိုလ်မှူးကြီးခင်မောင်ညွန့်(ငြိမ်း)သည် ၁၄-၁၁-၂၀၁၅ရက် (စနေနေ့) နံနက် ၁၀း၁၀နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မင်္ဂလာဒုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၃၄)မှသူငယ်ချင်းမိသားစုများ**

---

အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးမြင့်ဦး

**ပြည်နယ်တရားသူကြီး(ငြိမ်း)**

**ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တရားရုံး**

**အသက်(၇၁)နှစ်**

စစ်ကိုင်းမြို့၊ ပါရမီရပ်ကွက်၊ အမှတ်(ဃ-၃၄)နေ ဒေါ်အေးမူ (ဒုတိယညွှန်ကြားရေးမှူး၊ စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော်)၏ခင်ပွန်း၊ တောင်သာမြို့၊ (၄)ရပ်ကွက်နေ ဦးငွေကြီး-ဒေါ်နွယ်နွယ်ဝင်း (ဘိုးဘိုးအောင်ဆီစက်)၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်နေ ဦးမင်းစည်သူ-ဒေါ်အေးမြမြဖူး၊ ဒေါ်နေနီမြင့်ဦး(ဓာတ်ခွဲခန်းကျွမ်းကျင်-၂၊ မန္တလေးဆေးတက္ကသိုလ်)၊ ဒေါ်သီလာမြင့်ဦး(နည်းပြ၊ ကျောက်ဆည်တက္ကသိုလ်)တို့၏ဖခင် ဦးမြင့်ဦးသည် ၁၄-၁၁-၂၀၁၅ရက်(စနေနေ့) ညနေ ၆း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ရှမ်းပြည်နယ်တရားလွှတ်တော်**
**တရားသူကြီးချုပ်နှင့်တရားသူကြီးများ**
**ရှမ်းပြည်နယ်အတွင်းရှိ တရားရေးအရာရှိများ**

---

ဝမ်းနည်းကြေကွဲခြင်း

## ဒုတိယဗိုလ်မှူးကြီးမျိုးမြင့် (ငြိမ်း)

OTS (43)

သူငယ်ချင်း ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်(ငြိမ်း)သည် ၁၈-၁၁-၂၀၁၅ရက် နံနက် ၃း၀၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

OTS (43) **ကျောင်းဆင်းသူငယ်ချင်းများနှင့်**
**မိသားစုများ**

---

ဝမ်းနည်းကြေကွဲခြင်း

## ဦးမင်းဆွေ

**ပါမောက္ခ(ငြိမ်း)၊ ဘူမိဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်**

**အသက်(၇၁)နှစ်**

ဆရာမ ဒေါ်လှလှအောင်၏ခင်ပွန်း ဆရာ ဦးမင်းဆွေသည် ၁၉-၁၁-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၇နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် ဆရာ၏မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၈၅-ဘူမိဗေဒ**
**ကျောင်းသားကျောင်းသူများ**

---

အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ခင်မလေး

**ဦးစီးအရာရှိ(ငြိမ်း)၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**

**အသက်(၆၀)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ် သူရဘိုနီ၏ချစ်လှစွာသောဇနီးသည် ၁၆-၁၁-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၁၁း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးတင်ထွန်းအောင်-ဒေါ်မြမြဖြိုး**
**Youth Force Group of Companies**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ထွန်းထွန်း အသက်(၈၉)နှစ်

**(ကြင်ကြင်နေမင်းဆေးပေါ့လိပ်၊ တောင်ငူ)**

တောင်ငူမြို့၊(၆)လမ်းနေ(ဦးကံ-ဒေါ်ကျင်မှူ)တို့၏သမီး၊ ဦးစိုးမင်း၏ဇနီး၊ ဦးသိန်းစိုး-ဒေါ်ခင်ဝင်းမြင့်၊ ဒေါက်တာညွန့်သန်း-ဒေါ်သင်းသင်းစိုး၊ (ဦးတင်စိုး)-ဒေါ်ခင်ယုလွင်၊ ဒေါ်ကြည်ကြည်စိုး၊ ဒေါ်ခိုင်ခိုင်စိုး၊ ဒေါ်ကြူကြူစိုးတို့၏မိခင်၊ ဟေမာညွန့်သန်း၊ ဒေါက်တာဝင်းသိန်း၊ ထူးတင်အိ၊ ဒေါက်တာအောင်ဖြိုး၊ ရတနာညွန့်သန်း၊ ချစ်မင်းစိုး၊ဒေါက်တာဟိန်းထက်တို့၏အဘွားသည် ၁၉-၁၁-၂၀၁၅ရက်(ကြာသပတေးနေ့) နံနက် ၁၀း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၁-၂၀၁၅ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ တောင်ငူမြို့ အနောက်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်သန်း(မြောင်းမြ-ကွယ်လွယ်)

**အသက်(၈၈)နှစ်**

သူငယ်ချင်းဦးမြင့်အေး-ဒေါ်လှနွယ်စိန်တို့၏ချစ်လှစွာသောမိခင် ဒေါ်သန်းသည် ၁၇-၁၁-၂၀၁၅ရက်(အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးကျော်မင်း(ပထဝီဝင်)-ဒေါ်တင်တင်ရီ၊ နေပြည်တော်**

---

ဝမ်းနည်းကြေကွဲခြင်း

## ဦးမောင်ကို

**အသက်(၇၈)နှစ်**

ပြင်ဦးလွင်မြို့၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်လတ် - ဒေါ်အေးအေးလွင်တို့၏ဖခင် ဦးမောင်ကို(ရန်ကုန်)သည် ၁၆-၁၁-၂၀၁၅ရက်(တနင်္လာနေ့)နံနက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ မိုးကုတ်မြို့**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ကြည်ကြည်မြင့်(ခ)ဒေါ်ကြည်မြင့်

**ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)**

**အသက်(၇၆)နှစ်**

(ဦးတိုး-ဒေါ်စိန်တင်)တို့၏သမီး၊(ဦးစု-ဒေါ်မှတ်စံ)တို့၏ချွေးမ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ ၇၃လမ်း၊ အမှတ် O-၂/၂၇နေ ဗိုလ်မှူးမောင်ကျော်(ငြိမ်း)၏ဇနီး၊ ဒုရဲမှူးသန်းထွဋ်-ဒေါ်ခင်ခင်ထွေး (စစ်ကိုင်းတက္ကသိုလ်)၊ ဦးအောင်ဆန်းဝင်း(DYCE ရဲရွာရေအားလျှပ်စစ်)-ဒေါ်ချိုချိုကျော်၊ ဦးမိုးကျော်သူ(ဟိန်းတိုးအောင်ပွဲရုံ) - ဒေါ်လင်းလင်းမြင့်၊ ဒုတိယဗိုလ်မှူးကြီးရဲကျော်ကျော်-ဒေါ်မို့မို့လွင်၊ Capt စိုးမိုးကျော်(MNA)-ဒေါက်တာမကြည်ကျော်တို့၏ချစ်လှစွာသောမိခင်၊ မြေးကိုးယောက်တို့၏အဘွားသည် ၁၉-၁၁-၂၀၁၅ရက်(ကြာသပတေးနေ့)ည ၁၁နာရီတွင် ကွယ်လွန်သွားပါ၍ ၂၂-၁၁-၂၀၁၅ရက်(တနင်္ဂနွေနေ့)နံနက် ၁၁နာရီတွင် တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ကြည်ကြည်မြင့်(ခ)ဒေါ်ကြည်မြင့်

**အသက်(၇၆)နှစ်**

သူငယ်ချင်း ဒုတိယဗိုလ်မှူးကြီးရဲကျော်ကျော်-ဒေါ်မို့မို့လွင်တို့၏မိခင်ဖြစ်သူ ဒေါ်ကြည်ကြည်မြင့်(ခ)ဒေါ်ကြည်မြင့်သည် ၁၉-၁၁-၂၀၁၅ရက် (ကြာသပတေးနေ့) ည ၁၁နာရီတွင် မန္တလေးမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၃၄)မှ**
**သူငယ်ချင်းမိသားစုများ**

---

## ဒေါ်မြင့်မြင့်စိန် (တေးသံရှင်)

**(မဟာဂီတအထူးမြန်မာနိုင်ငံဂီတအစည်းအရုံး၊ အလုပ်အမှုဆောင်အဖွဲ့ဝင်ဟောင်း)**

**အသက်(၇၁)နှစ်**

ဟသ်ာတမြို့နယ်၊ ရှားခဲကျေးရွာနေ (ဦးစု-ဒေါ်ဖွားစိန်)၊(ဦးအုန်းမောင်-ဒေါ်အေးကြည်)တို့၏သမီး၊ ဦးလှအောင်၊ ဦးကျော်မြင့်တို့၏ညီမ၊ ရန်ကင်းမြို့နယ်၊ ရန်ငြိမ်းအိမ်ရာ၊ တိုက် ၉/၄၊ အခန်း ၁၁နေ ဒေါ်သန္တာ၊ ဦးဗညားစော-ဒေါ်နန္ဒာဇော်၊ ဦးကျော်ဇောရှိန်-ဒေါ်သီရိဇော်တို့၏မိခင်၊ မမဒ္ဒီဇော်ရှိန်၊ မောင်ပြည့်စုံကျော်၊ မထက်အိန္ဒြာကျော်တို့၏အဘွားသည် ၁၉-၁၁-၂၀၁၅ရက် (ကြာသပတေးနေ့)ညနေ ၆နာရီတွင် သာကေတမြို့နယ်၊ ၁၀/တောင်၊ (၁၃) ရပ်ကွက်၊ ရတနာလမ်းသစ်၊တက်လမ်းအိမ်ရာ၊ တိုက် ၇၊ အခန်း ၃၈၂ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၁-၂၀၁၅ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၁-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက်တွင် သာကေတမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်ရီ (သံဖြူဇရပ်မြို့)

**အသက်(၇၂)နှစ်**

မွန်ပြည်နယ်၊သံဖြူဇရပ်မြို့၊ အောင်ဇေယျရပ်ကွက်၊ မြိုင်မာလာလမ်း၊ အမှတ် ၆နေ (ဦးအောင်ပြန်-ဒေါ်မြရွှေ)တို့၏သမီး၊ ဦးတင်ယု၏ဇနီး၊ ကိုကျော်ထင်အောင်(ခေတ္တ-စင်ကာပူ)-မစောသီတာလှိုင်(ခေတ္တ-စင်ကာပူ)၊ မခင်စောယု၊ ကိုကျော်ဝင်းသူ(ထင်အောင်စာပေ)-မစိမ့်စိမ့်မွန်၊ ဒေါက်တာသိန်းမြင့် (တွဲဖက်ပါမောက္ခ၊ မြောက်ဥက္ကလာပဆေးရုံကြီး) - ဒေါက်တာခင်သင်းယု (ကထိက၊ ဆေးတက္ကသိုလ်-၂)တို့၏မိခင်သည် ၁၉-၁၁-၂၀၁၅ရက်(ကြာသပတေးနေ့)နံနက် ၃နာရီတွင်ကွယ်လွန်သွားပါ၍ ၂၁-၁၁-၂၀၁၅ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် သံဖြူဇရပ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်စန်းရီ (ပြည်မြို့)

**အသက်(၇၇)နှစ်**

(ဦးစံဖိုး - ဒေါ်မြတင်)တို့၏သမီး၊ ပြည်မြို့၊ လမ်းမတော်လမ်းနေ [ဦးသိန်းဝင်း (ဝင်း-စက်မှုလက်မှု)]၏ ဇနီး၊ ဦးကိုကိုပိုင်-ဒေါ်ခင်မျိုးဝင်း၊ ဦးအောင်ညီညီဝင်း - ဒေါ်ဝင်းဝင်းအေးတို့၏ မိခင်၊မဆုမွန်နိုင်၊မအေးအိအိဖြိုး၊မမျိုးစုစုပိုင်တို့၏အဘွားသည် ၂၀-၁၁-၂၀၁၅ရက်(သောကြာနေ့)နံနက် ၇း၅၀ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်တင်လှ (သထုံ/ဥက္ကံ)

**အသက်(၈၆)နှစ်**

(ဦးဘရင် - ဒေါ်အုန်းဟန်)တို့၏သမီး၊ (ဦးတင်မောင်)၏ဇနီး၊ (ဦးထွန်းစိန်-ဒေါ်ကျေ့)၊ (ဦးမောင်မောင်-ဒေါ်ကြည်)၊ (ဦးမြသိန်း-ဒေါ်ဖြူဖြူ)၊ ဒုဗိုလ်မှူးကြီးဘသန်း(ငြိမ်း)-ဒေါ်ဖြူညွန့်သိန်းတို့၏အစ်မ/ညီမ၊ ဒေါ်သန်းသန်းအေး၊ (ဦးခင်မောင်ငြိမ်း)-ဒေါ်ချိုချိုတင်၊ (ဦးရဲမင်း)-ဒေါ်မြင့်မြင့်သန်း၊ (ဦးခင်မောင်အေး)တို့၏မိခင်၊ မြေးငါးယောက်၊ မြစ်ကိုးယောက်တို့၏ ဘွားဘွားကြီးသည် ၂၀-၁၁-၂၀၁၅ ရက်(သောကြာနေ့)တွင်ကွယ်လွန်သွားပါသဖြင့် ၂၂-၁၁-၂၀၁၅ရက်(တနင်္ဂနွေနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်

ဒါယကာကြီး

## ဦးအေးကို

**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ ကျောက်မြောင်းအထက်ရပ်ကွက်၊ သင်္ဘဟလမ်း၊ အမှတ် ၁၅နေ(ဦးထွန်းအုံ-ဒေါ်ပိုးယုံ)တို့၏သား၊ဒေါ်လှမြင့်၏ခင်ပွန်း၊ ဦးခင်မောင်လှ-ဒေါ်သက်သက်ဦး၊ ဦးစိန်လွင်-ဒေါ်နွဲ့နွဲ့ဦး၊ ဦးညွန့်နိုင် (2nd Officer, Marina Shipping Co., Ltd.)၊ ဦးအောင်ငွေးမြင့်-ဒေါ်မိုးမိုးတို့၏ဖခင်၊ ဗိုလ်ကြီးနေမျိုးလွင်-ဒေါက်တာထက်ထက်လင်း၊ဒေါက်တာပိုးမြတ်မဟေသီတို့၏ အဘိုးသည် ၂၀-၁၁-၂၀၁၅ရက် (သောကြာနေ့) ညနေ ၅း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၂-၁၁-၂၀၁၅ရက် (တနင်္ဂနွေနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးဟန်သောင်း

**အသက်(၆၇)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သီတာရပ်ကွက်၊ သစ်ယာလမ်း၊ လေးလွှာ၊ အမှတ် ၁၂နေ (ဦးသန်းမောင်)-ဒေါ်အေးလှတို့၏သား၊ (ဦးချစ်လှိုင်-ဒေါ်သန်း)တို့၏သားသမက်၊ ဒေါ်စောဟန်၏ခင်ပွန်း၊ ကိုကြည်မျိုးအောင်-မကေခိုင်ဦး၊ ကိုအောင်ဇော်ထွန်း-မခိုင်မျိုးဆက်၊ မလှိုင်မျိုးဟန်၊ ကိုနေလင်းထွန်း၊ မောင်မြတ်မိုး-မဝင့်မာခိုင်တို့၏ ချစ်လှစွာသောဖခင်၊ မောင်ဖွဲ့စည်သူဟန်၊ မမြတ်ဇူးဟန်၊ မခင်ချမ်းမြွေ့ချို တို့၏အဘိုးသည် ၁၉-၁၁-၂၀၁၅ရက် ည ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁၁-၂၀၁၅ရက် (တနင်္လာနေ့)မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၁-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၆နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်မာမာဘို

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန**

**မြန်မာ့သစ်လုပ်ငန်း**

**(မန်နေဂျာ၊ ဘဏ္ဍာရေး)**

**အသက်(၅၉)နှစ်**

ပြည်မြို့၊ ဆင်စုရပ်ကွက်၊ ဒုတိယအထွေထွေမန်နေဂျာရုံးဝင်းနေ ဦးမြင့်အောင်၏ဇနီး၊ ကိုဖြိုးစည်သူအောင်၊ ကိုမျိုးကျော်-မနွယ်မေသင်း၊ ကိုလင်းထူးအောင် - မအိအိဖြိုးတို့၏ မိခင်၊ မမြတ်နိုးခင်၊ မလင်းရတီဖြိုး၊ မတွယ်တာမှူးခင်တို့၏ ဘွားဘွားကြီးသည် ၁၉-၁၁-၂၀၁၅ရက် (ကြာသပတေးနေ့) ညနေ ၃း၃၀နာရီတွင် မုံရွာမြို့၊ ကန်သာဦးရပ်ကွက်၊ ရတနာလမ်းသွယ်(၁)၊ နယ်မြေ(၄) နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၁-၁၁-၂၀၁၅ရက် ညနေ ၃နာရီတွင် အထက်ပါနေအိမ်မှ ဆားကျင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၁-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီထိ မုံရွာမြို့၊ ကန်သာဦးရပ်ကွက် ကိုမျိုးကျော်-မနွယ်မေသင်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဗိုလ်ကြီးမျိုးကျော် (ငြိမ်း)

**ကြည်း-၈၉၈၂**

**မော်ကွန်းဝင်(ပထမဆင့်)၊ နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)**

**ဂျပန်ခေတ်စစ်တက္ကသိုလ်အပတ်စဉ်-၂၊**

**မင်္ဂလာဒုံဗိုလ်သင်တန်းကျောင်း**

**အသက်(၉၄)နှစ်**

ကြို့ပင်ကောက်မြို့နေ (ဦးမောင်ကြီး-ဒေါ်မိ)တို့၏သား၊ တွံတေးမြို့နေ (ဦးဘိုအင်း-ဒေါ်ကြင်မြိုင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ စိန်ချယ်လမ်း၊ အမှတ် ၃၂နေ (ဒေါ်လှတင့်)၏ခင်ပွန်း၊ သတင်းစာဆရာကြီး(ဟံသာဝတီ ဦးဝင်းတင်)၏ဦးလေး၊ ဦးမျိုးဦး-ဒေါက်တာဝေဝေနွယ်၊ ဦးကျော်မြင့်-ဒေါ်ခင်မျိုးကြည်၊ ဒေါ်ခင်မျိုးအေး၊ ဦးမျိုးအောင်(Ray-Shipping)-ဒေါ်သီတာစန်း၊ ဦးတင်မောင်အေး-ဒေါ်ခင်မျိုးအုန်း(အလက-၆၊ ရန်ကင်း)တို့၏ဖခင်၊ မထွန်းပပအောင်၊ မမေသူသူအောင်တို့၏ဘိုးဘိုးကြီးသည် ၁၉-၁၁-၂၀၁၅ရက်(ကြာသပတေးနေ့) ည ၁၁း၃၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၃-၁၁-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေး တိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဗိုလ်ကြီးမျိုးကျော် (ငြိမ်း)

**ကြည်း-၈၉၈၂**

**မော်ကွန်းဝင်(ပထမဆင့်)၊ နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)**

**ဂျပန်ခေတ်စစ်တက္ကသိုလ်အပတ်စဉ်-၂၊**

**မင်္ဂလာဒုံဗိုလ်သင်တန်းကျောင်း**

**အသက်(၉၄)နှစ်**

ကြို့ပင်ကောက်မြို့နေ (ဦးမောင်ကြီး-ဒေါ်မိ)တို့၏သား၊ တွံတေးမြို့နေ (ဦးဘိုအင်း-ဒေါ်ကြင်မြိုင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ စိန်ချယ်လမ်း၊ အမှတ် ၃၂နေ (ဒေါ်လှတင့်)၏ခင်ပွန်း၊ (ဦးအုန်းကျော်)-ဒေါ်ခင်စန်းရင်၊ (ဦးခင်ကြွေ-ဒေါ်ခင်စန်း)၊ (ဦးတင်ဖေ)-ဒေါ်စိန်မြင့်၊ ဦးတင့်ဝေ-ဒေါ်မေနုတို့၏အစ်ကိုသည် ၁၉-၁၁-၂၀၁၅ရက် (ကြာသပတေးနေ့) ည ၁၁း၃၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၃-၁၁-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဝမ်းနည်းကြေကွဲခြင်း

## ဦးသာဇံအောင်

**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ကယ်ဆယ်ရေးနှင့်**

**ပြန်လည်နေရာချထားရေးဦးစီးဌာန**

**အသက်(၈၇)နှစ်**

"အတတ်လည်းသင်၊ ပွဲပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ဖို့" ဆိုသည့် ဆရာကျင့်ဝတ်နှင့်အညီ မိမိလက်အောက်ငယ်သား တပည့်တပန်းများအား ပွဲပြင်ဆုံးမပြီး ဝန်ထမ်းကောင်းများဖြစ်အောင် ပြောဆိုလမ်းညွှန်ခဲ့သော ဆရာဦးသာဇံအောင်[ပြည်နယ်အုပ်ချုပ်ရေးမှူး၊ ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန]သည် ၁၈-၁၁-၂၀၁၅ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းရပါသည်။

**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ဝန်ထမ်းဟောင်းများအသင်း(ရခိုင်ပြည်နယ်)၊ စစ်တွေမြို့**

---

ဝမ်းနည်းကြေကွဲခြင်း

## ပါမောက္ခ ဒေါက်တာဦးဇော်ဝင်း

**ခွဲစိတ်အထူးကုဆရာဝန်ကြီး**

**အသက်(၈၆)နှစ်**

ရန်ကုန်မြို့နေ ဒေါက်တာမြဟန် - ဒေါ်ခင်စံပယ်ကြည် (Fortune International Co.,Ltd.)၏ချစ်လှစွာသောဖခင်ကြီးသည် ၁၁-၁၁-၂၀၁၅ရက်တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးမောင်မောင်-ဒေါ်အေးတင်**
**ရွှေကမ္ဘာမောင်မောင်ဆောက်လုပ်ရေးမိသားစု**

---

## ဦးမောင်ဝေသာ (ရသေ့တောင်မြို့)

**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ (၂/က)စံပြရပ်ကွက်၊ ခွာညိုလမ်းနေ (ဦးထန်းစောဖြူ-ဒေါ်စောသာ)တို့၏သားကြီး၊ ဒေါ်မကြီး၏ခင်ပွန်း၊ အရာခံဗိုလ်ထွန်းဝင်း(ဆအတ-၁၊သန်လျင်)-ဒေါ်မငယ်၊ ဦးဝင်းလှိုင်(အောင်ပြည့်စုံစတိုး၊ ၁၄လမ်း၊ မင်္ဂလာဒုံဈေး)-ဒေါ်ခင်စန္ဒာ၊ (အရာခံဗိုလ်သိန်းဟန်)-ဒေါ်အေးစောနု (ရခိုင်မလေး ကလေးဝတ်အထည်ဆိုင်၊ မင်္ဂလာဒုံနှစ်ထပ်ဈေး)၊ ဦးအေးထွန်း (ကိုချေဂျပန်ကားဝပ်ရှော့)တို့၏ချစ်လှစွာသောဖခင်၊ မောင်ဉာဏ်မင်းထွန်း၊ မောင်ကျော်သီဟ၊ မထူးမြင့်မြင့်သူ၊ မောင်ဟိဏ်းမင်းထက်၊ မကေရူပါဝင်းတို့၏ အဘိုးရှင်သည် ၂၀-၁၁-၂၀၁၅ရက်(သောကြာနေ့)နံနက် ၈း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၁-၂၀၁၅ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်နွဲ့နွဲ့ယဉ် (LL.B)

**ကွမ်းခြံကုန်းမြို့**

**အသက်(၆၀)**

ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့၊ ဓမ္မိကာရုံစာသင်တိုက်နေ ဒေါက်တာပညာဝံသ၏ ရဟန်းအမ၊ ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့၊ မြို့မရပ်ကွက်၊ မြို့မလမ်း၊ အမှတ် ၆၇နေ [ဦးဖေသာ၊ ကျောင်းအုပ်ကြီး(ငြိမ်း)အထက(ကွမ်းခြံကုန်း)-ဒေါ်လှစိန်]တို့၏ချစ်လှစွာသောသမီး၊(ဒေါ်ရှု)၊ (ဒေါ်အမာ)၊ (ဦးအောင်ဇေ၊ ဘိုကလေးဆရာအတတ်သင်သိပ္ပံ ကျောင်းအုပ်ကြီး၊ ငြိမ်း)တို့၏တူမ၊ (ဦးမောင်မောင်ခန့်)၏ညီမသည် ၂၀-၁၁-၂၀၁၅ရက်(သောကြာနေ့)ညနေ ၆နာရီတွင် ကွမ်းခြံကုန်းမြို့နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၂-၁၁-၂၀၁၅ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ကွမ်းခြံကုန်းမြို့နေအိမ်မှ ကွမ်းခြံကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူဆွေမျိုးတစ်စု

---

## ဦးငွေဦးဇော်

B.A (Law),
LL.B (2nd Batch)

**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၁)**

**အသက်(၇၂)နှစ်**

ရေနံချောင်းမြို့၊ မြစိမ်းရောင်ရပ်နေ ရေနံအင်စပက်တော် (ဦးထွန်းလှ-ဒေါ်ညိုညို)တို့၏သား၊ (ဦးငွေဦးမော်)၏ညီ၊ ဒေါ်အေးအေးကြိုင်၊ ဒေါ်လေးလေးမြိုင်တို့၏အစ်ကို၊ ရေနံချောင်းမြို့၊ ရွှေကြောင်ရပ်နေ ဒေါ်မြင့်မြင့်၏ခင်ပွန်း၊ ဦးလွင်အောင်မိုး - ဒေါ်ဖြူကြည်ဇော်၊ ဒေါက်တာအောင်မြတ်မင်း-ဒေါက်တာအေးမြင့်သက်၊ မောင်ဘုန်းမြင့်ဇော်တို့၏ဖခင်သည် ၂၀- ၁၁-၂၀၁၅ရက် (သောကြာနေ့) နံနက် ၉နာရီတွင် ကွယ်လွန်သွားပါ၍ ၂၁-၁၁-၂၀၁၅ရက်(စနေနေ့) ညနေ ၅နာရီတွင် ပန်းပဲတိုက်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားအကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# စောင့်မျှော်နေကြဆဲ မျှော်လင့်ချက်နှင့်မနက်ဖြန်များ

သတင်းဆောင်းပါး၊ မြင့်မြတ်သစ္စာ
ဓာတ်ပုံ-ခွဲမာန်

**ရန်ကုန် နိုဝင်ဘာ ၂၀**

နိုင်ငံတော်ကလူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် ကြိုးပမ်းဆောင်ရွက်ပေးခဲ့သည့်နည်းတူ အလုပ်သမားထုအကျိုးခံစားခွင့်ရရှိစေရန် လုပ်ခလစာတစ်နေ့ ငွေကျပ် ၃၆၀၀ကို သတ်မှတ်ပေးနိုင်ခဲ့သည့်အတွက် အလုပ်သမားများအဆင်ပြေလျက်ရှိသော်လည်း စက်ရုံအချို့မှာ အလုပ်ရှင်နှင့် အလုပ်သမား မပြေလည်မှုတို့ကို ရင်ဆိုင်နေရလျက်ရှိသည်။

*စာမျက်နှာ ၁၁ ကော်လံ ၁* ◆



## ယနေ့ ဖတ်စရာ

အိမ်ဖြူတော်ကို တိုက်ခိုက်မည့် ဗီဒီယိုဖြင့် အိုင်အက်စ်အဖွဲ့ခြိမ်းခြောက်
စာမျက်နှာ - ၄
မတည်မငြိမ်ဖြစ်နေသည့် ဥရောပနိုင်ငံရေး
စာမျက်နှာ - ၅
အချုပ်သားနှစ်ဦးက ရုံးရမန်ရယူပြီး ကားနှင့်အပြန် ရဲအုပ်တစ်ဦးကို ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်
စာမျက်နှာ - ၁၃

# ယူနန်-အာဆီယံဖိတ်ခေါ်ပြိုင်ပွဲ၌ ဟံသာဝတီအသင်းနိုင်ပွဲရယူ

သတင်း-ညီမြတ်သော်တာ

**မန်စီ နိုဝင်ဘာ ၂၀**

၂၀၁၅ ခုနှစ် ယူနန်-အာဆီယံဖိတ်ခေါ်ပြိုင်ပွဲ ပထမနေ့ပွဲစဉ်များကို ယနေ့နံနက်ပိုင်းမှစတင်ကာ တရုတ်နိုင်ငံ မန်စီမြို့၌ ကျင်းပရာ မြန်မာနေရှင်နယ်လိဂ်ကလပ် ဟံသာဝတီအသင်းက ပွဲဦးထွက်နိုင်ပွဲစတင်ရယူနိုင်ခဲ့သည်။

ဟံသာဝတီအသင်းသည် ဘင်္ဂလားဒေ့ရှ်ညွန့်ပေါင်းအသင်းနှင့် ပွဲဦးထွက်ကစားခဲ့ရပြီး သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ဟံသာဝတီအသင်းမှာ နှစ်ကြိမ်တိုင် ဦးဆောင်ဂိုးများ ပေးခဲ့ရသော်လည်းချေပဂိုးများနှင့် အနိုင်ဂိုးပြန်လည်သွင်းယူကာ အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဟံသာဝတီအသင်းသည် ကိုကိုနိုင်(ဂိုး)၊ အောင်ဇော်၊ ဆန်းမင်း၊ ကျော်ကျော်ထွန်း၊ သီဟအောင်၊ ဝေဖြိုးသူ၊ လားဒင်မောရ၊ ပိုင်မိုးဝေ၊ သက်အောင်၊ ဇော်ဇင်ဦး၊ အောင်မျိုးသူရတို့ဖြင့် ပွဲထွက်ခဲ့ပြီး အောင်အောင်ဦး ၊ အောင်မိုးထွေးနှင့် ထူးနေအောင်လူစားလဲကစားခဲ့သည်။ ဟံသာဝတီအတွက် ချေပဂိုးများကို ၄၅မိနစ်တွင် အောင်မျိုးသူရနှင့် ၇၂မိနစ်တွင်အောင်မိုးထွေးတို့က သွင်းယူခဲ့ပြီး အနိုင်ဂိုးကို ၈၄မိနစ်တွင်အောင်မျိုးသူရက သွင်းယူခဲ့သည်။ ဟံသာဝတီအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် နိုဝင်ဘာ ၂၂ ရက်တွင် တရုတ်ကလပ် Helei အသင်းနှင့် ကစားရမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို အုပ်စု ခြောက်ခုခွဲ၍ ကျင်းပနေပြီး အုပ်စု (က) မှ(ဃ)အထိ အုပ်စုလေးခုတွင် တရုတ်ပြည်တွင်းကလပ်အသင်းများသာ ယှဉ်ပြိုင်နေပြီး ကျန်အုပ်စု (င)နှင့် (စ)တွင် ဖိတ်ကြားထားသည့် ပြည်ပကလပ်အသင်းများနှင့်

*စာမျက်နှာ ၁၄ ကော်လံ ၅* ■

# Myanmar Aquariums ငါးပြတိုက် ပြည်သူများလေ့လာကြည့်ရှုနိုင်တော့မည်

သတင်း-စိုးဝင်း(sp)
ဓာတ်ပုံ-တင်လှမောင်

**ရန်ကုန် နိုဝင်ဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် Myanmar Aquariums ကုမ္ပဏီလီမိတက်မှ တာဝန်ယူ ဆောက်လုပ်လျက်ရှိသော ကန်တော်ကြီး နတ်မောက်လမ်း၌ ဆောက်လုပ်နေသည့် နိုင်ငံတကာအဆင့်မီ Myanmar Aquariums ငါးပြတိုက်အား ပြည်တွင်း၊ ပြည်ပ အများပြည်သူများ လေ့လာကြည့်ရှုနိုင်စေရန် ဆောင်ရွက်လျက်ရှိသည်။

စင်ကာပူနိုင်ငံရှိ Surbana မှ ဒီဇိုင်းရေးဆွဲပေးထားသော Myanmar Aquariums ငါးပြတိုက် အဆောက်အအုံ ဆောက်လုပ်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနနှင့် Myanmar Aquariums ကုမ္ပဏီလီမိတက်တို့က နှစ်ရှည်ငှားရမ်းစာချုပ်ဖြင့် တွဲဖက်ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ လက်ရှိအနေအထားအရ Myanmar Aquariums ငါးပြတိုက်

*စာမျက်နှာ ၉ ကော်လံ ၁* ❋



နိုင်ငံတကာအဆင့်မီ **Myanmar Aquariums** ငါးပြတိုက်ဆောက်လုပ်မည့်ပုံစံဒီဇိုင်းကို တွေ့ရစဉ်။




မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNEWS